ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၆ ရက်၊ ကြာသပတေးနေ့၊ (6-8-2015) (၈၂၈၄)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျမေကာနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာများပေးပို့

**နေပြည်တော် ဩဂုတ် ၆**

၂၀၁၅ခုနှစ် ဩဂုတ်လ ၆ ရက်နေ့တွင် ကျရောက်သော ဂျမေကာနိုင်ငံ၏ လွတ်လပ်ရေးနေ့ နှစ်ပတ်လည် အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဂျမေကာနိုင်ငံ ဘုရင်ခံချုပ် မစ္စတာ ပတ်ထရစ် လင်တန် အယ်လ်လန် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၅ခုနှစ် ဩဂုတ်လ ၆ ရက်နေ့တွင် ကျရောက်သော ဂျမေကာနိုင်ငံ၏ လွတ်လပ်ရေးနေ့ နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဂျမေကာနိုင်ငံဝန်ကြီးချုပ် မစ္စ ပေါ်ရှား စင်မ်ဆန် မီလာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**



# ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးကြိုးပမ်းဆောင်ရွက်သွားမည်

**မိဘပြည်သူများသို့ နိုင်ငံတော်သမ္မတ ပြောကြားသည့် ရေဒီယိုမိန့်ခွန်း**
**၆-၈-၂၀၁၅**

**မိဘပြည်သူများခင်ဗျား**

ကျွန်တော်တို့နိုင်ငံမှာ ပြီးခဲ့တဲ့ ဇူလိုင်လ ဒုတိယပတ်အတွင်းမှစပြီး အဆက်မပြတ် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့မှာ မကြုံစဖူး ရေကြီးနစ်မြုပ်မှု၊ မြေပြိုမှု၊ အိုးအိမ်များ ပြိုကျပျက်စီးမှု၊ လယ်ယာမြေများ ရေနစ်မြုပ်မှု၊ ကျွဲနွားတိရစ္ဆာန်များ သေဆုံးမှုတို့ဖြစ်ပေါ်ပြီး ပြည်သူအများအပြား အသက်အိုးအိမ်စည်းစိမ်ဥစ္စာ ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြရပါတယ်။

မိုးအဆက်မပြတ် သည်းထန်စွာ ရွာသွန်းနေချိန်နှင့်တစ်ပြိုင်တည်းမှာပဲ ရခိုင်ပြည်နယ်အနောက်ဘက် ဘင်္ဂလားပင်လယ်မှာ ကိုမန်ခေါ်တဲ့ ဆိုင်ကလုန်းမုန်တိုင်းတစ်ခု ဖြစ်ပေါ်ခဲ့တဲ့အတွက် ပိုမိုမိုးရွာသွန်းမှုနှင့် လေပြင်းများ တိုက်ခတ်မှုဒဏ်ကိုပါ ရခိုင်ပြည်နယ်အတွင်းရှိ မြို့အများအပြား ကြုံတွေ့ကြရတယ်။

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆**

# ကောလာဟလသတင်းများ ပြန့်ချိနေမှုများကို သတင်းမှန်များထုတ်ပြန်ပေးခြင်းဖြင့် တုံ့ပြန်ဆောင်ရွက်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဒေသခံရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဩဂုတ် ၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၁ နာရီက နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ မကွေးတိုင်းဒေသကြီး မကွေးလေဆိပ်သို့ ရောက်ရှိသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့်အတူ မကွေးတိုင်းဒေသကြီးအတွင်း ရေကြီး ရေလျှံမှုများ ဖြစ်ပွားလျက်ရှိသည့် နေရာဒေသများသို့ ရဟတ်ယာဉ်ဖြင့် သွားရောက်ကြည့်ရှုကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် ပွင့်ဖြူမြို့သို့ ရောက်ရှိပြီး ပွင့်ဖြူမြို့ ဝါစက်ရုံ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံရာတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မကွေးတိုင်းဒေသကြီး အတွင်း မိုးရွာသွန်းခဲ့မှုအခြေအနေ၊ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်း တင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ကယ်ဆယ်ရေး၊ ကူညီထောက်ပံ့ရေး၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**



ကြေးမုံစာတည်းရှုထောင့် — ၆-၈-၂၀၁၅၊ ကြာသပတေးနေ့

# ပုဂ္ဂိုလ် လေးမျိုး

ဘာသာတရားအလိုအရ လောကတွင် လူပုဂ္ဂိုလ် လေးမျိုးရှိသည်ဟု ပြဆိုထားသည်။ တစ်မျိုးမှာ မိမိကိုယ်တိုင်သာ ဒါန၊ သီလ၊ ဘာဝနာစသည့် ကောင်းမှုကုသိုလ်များကို ပြုလုပ်လေ့ရှိပြီး သူတစ်ပါးတို့အား ဟောပြောပြသ စည်းရုံးမှုမပြုသူ။ နောက်တစ်မျိုးမှာ မိမိကိုယ်တိုင်က ကောင်းမှုကုသိုလ် ပြုလုပ်လေ့မရှိဘဲ သူတစ်ပါးကိုသာ တိုက်တွန်းနှိုးဆော်တတ်သူ။

နောက်တစ်မျိုးမှာ မိမိကိုယ်တိုင်လည်း ကောင်းမှုမပြု၊ သူတစ်ပါးကိုလည်း မတိုက်တွန်းသူနှင့် နောက်ဆုံးတစ်မျိုးမှာ မိမိကိုယ်တိုင် ကောင်းမှုများကို စေတနာပါပါပြုလုပ်ပြီး အခြားသူများကိုလည်း မိမိကဲ့သို့ပင် ကောင်းမှုကုသိုလ်တို့ကို ပြုလုပ်ရန် တိုက်တွန်းနှိုးဆော်တတ်သူဟူ၍ လေးမျိုးလေးစား ခွဲခြားထားသည်။

ထိုလေးမျိုးတွင် တတိယပုဂ္ဂိုလ်မှာ အဆိုးဆုံးဖြစ်ပြီး နောက်ဆုံးပုဂ္ဂိုလ်မှာ အကောင်းဆုံးဖြစ်သည်ကို တွေ့ရပါသည်။ ဘာသာရေးနယ်ပယ်တွင်သာမက လူမှုရေးနယ်ပယ်တွင်လည်း ထိုပုဂ္ဂိုလ် လေးမျိုးလေးစား ပါဝင်နေသည်ကို တွေ့ရမည်ဖြစ်သည်။ မျက်မှောက်ကာလကဲ့သို့ အများပြည်သူအရေးကို ဆောင်ရွက်နေသောအခါတွင် ထိုပုဂ္ဂိုလ်လေးမျိုးကို ထင်ရှားစွာ မြင်တွေ့လာရသည်။

ထိုပုဂ္ဂိုလ် လေးမျိုး၏ ကွဲပြားခြားနားသော အပြုအမူနှင့် စိတ်နေသဘောထားများကို အကြောင်းပြု၍ အကျိုးပေးချိန်တန်သောအခါ ပထမပုဂ္ဂိုလ်မှာ မိမိကိုယ်တိုင် ချမ်းသာကြွယ်ဝသော်လည်း အခြွေအရံကင်းမဲ့သူ၊ ဒုတိယပုဂ္ဂိုလ်မှာ အခြွေအရံပေါ်များသော်လည်း လွန်စွာဆင်းရဲနွမ်းပါးသူ၊ တတိယပုဂ္ဂိုလ်မှာ အခြွေအရံလည်းမရှိ ချမ်းသာလည်းကင်း ဆင်းရဲသူ၊ စတုတ္ထပုဂ္ဂိုလ်မှာ အခြွေအရံလည်းပေါ်များ ပစ္စည်းဥစ္စာချမ်းသာကြွယ်ဝမှုလည်း ပြည့်စုံသူဟူ၍ လောကအလယ်တွင် လူတန်းစားလေးသွယ် ပေါ်ပေါက်လာပါသည်။

ထို့ကြောင့် လောကလူ့ရွာရှိလူတို့တွင် အလွှာလေးမျိုး ကွဲပြားခြားနားနေသည်ကို တွေ့ရမည်ဖြစ်သည်။ ထိုသို့ဖြစ်ရသည်မှာလည်း ထိုလူတို့၏ ကံကံ၏အကျိုးသွားကြောင့်ဖြစ်သည်ကိုလည်း သိသာနိုင်ပါသည်။ အကျိုးပေးကောင်းချင်လျှင် အကြောင်းကောင်းအောင်ပြုလုပ်ရမည်ဖြစ်သည်။ အကျိုးပေးမကောင်းသူကို အပြစ်မြင်စရာမလိုသလို အကျိုးပေးကောင်းသူကိုလည်း ဣဿာမစ္ဆရိယဖြစ်စရာမလိုချေ။

ထိုသို့လူတန်းစားအလွှာ လေးမျိုးကွဲပြားနေသည့်အပေါ် ထားရှိရမည့် စိတ်ထားများမှာ မေတ္တာ(ချစ်ခင်ခြင်း)၊ ကရုဏာ(သနားခြင်း)၊ မုဒိတာ(ဝမ်းမြောက်ခြင်း)၊ ဥပေက္ခာ(မျက်ကွယ်ပြုခြင်း)တည်းဟူသော ဗြဟ္မစိုရ်တရားလေးပါးထားရှိရမည်ဖြစ်သည်။ ထိုသို့ထားရှိသူအပေါင်းတို့သည် အပါယ်မလားဘဲ ကမ္ဘာပျက်သည့်တိုင် ဗြဟ္မာ့ပြည်၌ ကျန်ရှိနေမည်ဖြစ်သည်။ ကောင်းမှုများကို မိမိကိုယ်တိုင်မပြုလုပ်နိုင်လျှင်လည်း မကောင်းမပြောမိဖို့လိုအပ်ပါသည်။

ဒေသနာတော်အရ မိမိကိုယ်တိုင် ကောင်းမှုပြုလုပ်ပြီး သူတစ်ပါးကိုလည်း မိမိကဲ့သို့ပြုလုပ်ရန် တိုက်တွန်းနှိုးဆော်သူသည် အကောင်းဆုံးအကျိုးထူးရရှိမည်ဖြစ်သည်။ ထို့ကြောင့် စတုတ္ထပုဂ္ဂိုလ်ကဲ့သို့ မိမိပတ်ဝန်းကျင်တွင် ဟောပြောစည်းရုံးကာ ကောင်းသောအမှုတို့ကို ပြုလုပ်ဆောင်ရွက်ခြင်းသည် အရေးကြီးသော လုပ်ငန်းကြီးတစ်ရပ်ဖြစ်ပေသည်။

ယင်းကိုဆောင်ရွက်ရာတွင် ရည်ရွယ်ချက်နှစ်မျိုးရှိပြန်သည်။ မိမိပတ်ဝန်းကျင်ရှိ လူအများအနေဖြင့် သံသရာတစ်လျှောက် ဘဝသမ္ပတ္တိပြည့်စုံစေရန်နှင့် မိမိပတ်ဝန်းကျင်ရှိ လူအပေါင်းတို့ ချစ်ခင်စည်းလုံးမှုတိုးတက်ကောင်းမွန်စေရန်ဟူသော ရည်ရွယ်ချက်ဖြစ်လာသည်။ ထင်ပေါ်ကျော်ကြားစေရန်ဟူသော အပေါ်ယံရည်ရွယ်ချက်မဟုတ်ဘဲ မှန်ကန်ကောင်းမွန်သည့် ရှိနှင့်ပြီးသား ပကတိရည်ရွယ်ချက်မပျက်စေရန် အားထုတ်ကြိုးပမ်းကြဖို့ လိုအပ်ပေသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတစ်ဝန်းတွင် လူအများသဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့နေသောအခါတွင် မှန်ကန်ကောင်းမွန်သည့် စတုတ္ထပုဂ္ဂိုလ်ကဲ့သို့ လူတန်းစားများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြပြီး ကျန်ပြည်သူအပေါင်းတို့က ဗြဟ္မစိုရ်တရားလေးပါးနှင့်အညီ ကျင့်ကြံနေထိုင်ကြပါက မိမိတို့မြန်မာနိုင်ငံကြီး သာယာဝပြောပြီး ဘေးဒုက္ခအပေါင်းမှ လွတ်ကင်းမည်မှာ အမှန်ဖြစ်ပါသည်။ ။

## မြင်းခြံမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ အိမ်ထောင်စုများအား ယာယီကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့ပေးထား

**မြင်းခြံ ဩဂုတ် ၅**

မြင်းခြံမြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာများမှ ဧရာဝတီမြစ်ရေ ဝင်ရောက်နိုင်သည့် အိမ်ထောင်စုများအား ယာယီရေဘေးကယ်ဆယ်ရေးစခန်းများဖြစ်သည့် ဘုန်းတော်ကြီးကျောင်းများသို့ ယနေ့မှစ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့နှင့် လူမှုအဖွဲ့အစည်းများ၏ အကူအညီတို့ဖြင့် ပြောင်းရွှေ့ပေးထားကြောင်း သိရသည်။



ဩဂုတ် ၃ ရက် ညနေ ၄ နာရီအထိ ခေါင်းကွဲကျေးရွာအုပ်စုရှိ သဘော်တင်ကျေးရွာ၊ ပိုက်တဲကုန်းကျေးရွာ၊ ခေါင်းခွဲကျေးရွာတို့မှ အိမ်ထောင်စု ၉၉ စု၊ လူဦးရေ ၄၃၇ ဦး၊ တိရစ္ဆာန် ၇၅ ကောင်၊ အမှတ်(၂)ရပ်ကွက်၊ အမှတ်(၆)ရပ်ကွက်၊ အမှတ်(၁၁)ရပ်ကွက်၊ အမှတ်(၁၂)ရပ်ကွက်တို့မှ အိမ်ထောင်စု ၁၅၀၊ လူဦးရေ ၆၅၂ ဦး၊ လေးအိမ်တန်းကျေးရွာအုပ်စုမှ ကြက်လျှာရွာ၊ ကျောင်းကုန်းရွာ၊ လေးအိမ်တန်းရွာ၊ အင်ကြင်းပင်ရွာ၊ လှိုင်းတက်ရွာများမှ အိမ်ထောင်စု ၈၈ စု၊ လူဦးရေ ၄၀၁ ဦး၊ တိရစ္ဆာန် ၅၅ ကောင်၊ သဲဖြူဝကျေးရွာအုပ်စု ပြည်တော်သာရွာမှ အိမ်ထောင်စု ၅၇ စု၊ လူဦးရေ ၁၆၄ ဦး၊ တိရစ္ဆာန် ၂၅ ကောင်၊ အေးရွာမှ အိမ်ထောင်စု ၅၈ စု၊ လူဦးရေ ၂၃၆ ဦး၊ တိရစ္ဆာန် ၂၁ ကောင်၊ တောင်ကျွန်းကျေးရွာမှ အိမ်ထောင်စု ၅၇ စု၊ လူဦးရေ ၇၇ ဦး၊ တိရစ္ဆာန် ၁၇၅ ကောင် စုစုပေါင်းအိမ်ထောင်စု ၅၀၉ စု၊ လူဦးရေ ၁၉၆၇ဦး၊ တိရစ္ဆာန် ၃၅၁ ကောင်တို့ ယာယီစခန်းများတွင် ပြောင်းရွှေ့ရောက်ရှိနေပြီဖြစ်သည်။

အဆိုပါ ရေဘေးရှောင်ပြည်သူများအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းသော ရေသန့် တစ်လီတာဘူး ခြောက်ဘူးတွဲပါကတ် ၂၀၀၀၊ ခေါက်ဆွဲခြောက် ၃၀ ထုပ်ပါ ဖာ ၆၀၀၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနမှ လှူဒါန်းသော ဆန် ၃၅ အိတ်နှင့် ဆီ ၂၁ ပုံး၊ တိုင်းဒေသကြီးကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ကယ်ဆယ်ရေးပစ္စည်းလေးမျိုး၊ တစ်ထုပ်လျှင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ တန်ဖိုးရှိ ရေသန့်ဆေးထုပ် ၁၄၄၀၀ (အမေရိကန်တန်ဖိုး ၃၆၀၀၀)ကိုလည်းကောင်း၊ ၂၄ ဒသမ ၉၄၈ သိန်းတန်ဖိုးရှိ ဆန်ရိက္ခာသုံးရက်စာ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီနှင့် အလှူရှင်များ လှူဒါန်းသော ရေသန့်ဘူးကြီး ၂၀၀ တို့ကို စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာနဝန်ကြီး ဦးအောင်ဇံ၊ ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင် နှင့်မြို့နယ်ပါတီတာဝန်ခံများက ဩဂုတ် ၃ ရက်တွင် သွားရောက်လှူဒါန်းခဲ့သည်။**(အပေါ်ပုံ)**

**တင်မောင်(မန်းကိုယ်ပွား)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဩဂုတ် ၅**

| | | | | |
|---|---|---|---|---|
| **ရန်ကုန်** | **ရွှေဈေး** | **၇၁၈၅၀၀** | **-** | **၇၁၉၅၀၀** |
| **မန္တလေး** | **ရွှေဈေး** | **၇၁၈၀၀၀** | **-** | **၇၁၉၀၀၀** |

**စက်သုံးဆီဈေးနှုန်း**

| | | |
|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၈၀ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၈၂၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၇၂၀ ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |


**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | |
|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၁၂၃၄.၀ |
| (ခ) ဥရောပ | တစ်ယူရို | = ၁၃၄၂.၂ |
| (ဂ) တရုတ် | တစ်ယွမ် | = ၁၉၈.၇၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = ၃၅.၁၆၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = ၃၁၈.၆၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = ၁၉.၃၂၃ |
| (ဆ) ဂျပန် | တစ်ရာယန်း | = ၉၉၂.၆၀ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၀၅.၅၂ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = ၉၁၀.၀၆ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = ၈၉၃.၀၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။ မဲစာရင်းမှားယွင်းမှု ရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။ မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ၅၀(ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။



ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းများ** - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
**အနုပညာစာတည်း** - ခင်ခင်သက်
**အားကစားစာတည်း** - မေလှဲ့သင်း
**ဆောင်းပါးစာတည်း** - စန္ဒာဝင်း
**အကြီးတန်းသတင်းထောက်များ** - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်
**အငယ်တန်းသတင်းထောက်များ** - သီသီမင်း၊ အောင်ကျော်ဦး၊ ခင်ဇာလီ၊ သန့်ဇင်ဝင်း၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
**အထူးသတင်းထောက်** - စုနှင်းလှဲ့၊ သီရိ





**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကြီးအုံကြီး၀ ရေလှောင်တမံအား ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

**✱ ရှေ့ဖုံးမှ**

ပြန်လည်ထူထောင်ရေးတို့နှင့်ပတ်သက်ပြီး လိုက်နာဆောင်ရွက်ရမည့် အချက်များကို ရှင်းလင်းပြောကြားကာ ဒေသခံပြည်သူများက တင်ပြသည့် လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး လိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထိုမှတစ်ဆင့် ပွင့်ဖြူမြို့ စိုက်ပျိုးရေးသိပ္ပံကျောင်းသို့ ရောက်ရှိပြီး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံကာ အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ပွင့်ဖြူမြို့နယ်ရှိ ဂုဏဝတီဘုန်းကြီးကျောင်းသို့ ရောက်ရှိပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ လှူဒါန်းကြသည်။

ထို့နောက် ကြီးအုံကြီး၀ ရေလှောင်တမံဘက်စုံစီမံကိန်းလုပ်ငန်းခွင်ရှင်းလင်းဆောင်သို့ရောက်ရှိကြရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယဝန်ကြီးနှင့် ပြည်ထောင်စုဝန်ကြီးတို့က ကြီးအုံကြီး၀ ရေလှောင်တမံအတွင်းရေဝင်ရောက်မှုအခြေအနေနှင့် ရေလှောင်တမံ ထိန်းသိမ်းစောင့်ရှောက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ဆည်ကြွခိုင်မှုအခြေအနေများကို မပြတ်စစ်ဆေးကြပ်မတ်ရန်လိုအပ်ကြောင်း၊ ဆည်အောက်ပိုင်းဒေသရှိ ပြည်သူများအား ကောလာဟလသတင်းများ ဖြန့်ချိနေမှုများကို သတင်းမှန်များထုတ်ပြန်ပေးခြင်းဖြင့် တုံ့ပြန်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဆည်အတွင်းနုန်းပို့ချမှုအခြေအနေများကို လေ့လာဆန်းစစ်ရန်နှင့် အခြားနိုင်ငံများ၏ အတွေ့အကြုံကိုလည်း လေ့လာရန် လိုအပ်ကြောင်း၊ ကြီးအုံကြီး၀နှင့် မုန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှထွက်ရှိသည့် လျှပ်စစ်ဓာတ်အားနှင့် မကွေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးကိုအခြေခံသည့် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်လိုအပ်ကြောင်း လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ကြီးအုံကြီး၀ ရေလှောင်တမံ ဆည်ဦးစေတီရှုရပ်မှနေ၍ ရေလှောင်တမံအား ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထိုမှတစ်ဆင့် ကြီးအုံကြီး၀ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိရာ စက်ရုံမှူးက စက်ရုံအတွင်း လှည့်လည်ရှင်းလင်းပြသသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ကြီးအုံကြီး၀ရေလှောင်တမံ ရေပိုလွှဲနှင့် ရေလှောင်တမံအတွင်းသို့ မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကြီးအုံကြီး၀ရေလှောင်တမံ၌ ညအိပ်အခြေပြုရပ်နားသည်။

ကြီးအုံကြီး၀ရေလှောင်တမံ၏ နှစ်အလိုက် ဇူလိုင်လအတွင်း မိုးရေချိန်နှင့် ဝင်ရေပမာဏများမှာ ၂၀၁၂ ခုနှစ်တွင် မိုးရေချိန် ၂ ဒသမ ၈၉ လက်မ၊ ဝင်ရေ ၅၉၈၅၄၇ ဧကပေ၊ ၂၀၁၃ ခုနှစ်တွင် မိုးရေချိန် ၅ ဒသမ ၁၇ လက်မ၊ ဝင်ရေ ၃၄၄၀၇၈ ဧကပေ၊ ၂၀၁၄ ခုနှစ်တွင် မိုးရေချိန် ၅ ဒသမ ၀၈ လက်မ၊ ဝင်ရေ ၄၁၇၄၆၄ ဧကပေနှင့် ၂၀၁၅ ခုနှစ်တွင် မိုးရေချိန် ၁၅ ဒသမ ၀၇ လက်မ၊ ဝင်ရေ ၁၃၂၃၈၀၃ ဧကပေဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မကွေးတိုင်း မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်ရှိ ကြီးအုံကြီး၀ရေလှောင်တမံ၏ နှစ်အလိုက် မိုးရေချိန်နှင့် ဝင်ရေအခြေအနေ

| စဉ် | လအမည် | ၂၀၁၂ | | ၂၀၁၃ | | ၂၀၁၄ | | ၂၀၁၅ | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | မိုးရေချိန် (လက်မ) | ဝင်ရေ (ဧကပေ) | မိုးရေချိန် (လက်မ) | ဝင်ရေ (ဧကပေ) | မိုးရေချိန် (လက်မ) | ဝင်ရေ (ဧကပေ) | မိုးရေချိန် (လက်မ) | ဝင်ရေ (ဧကပေ) | |
| ၁။ | ဇန်နဝါရီ | - | ၁၄၆၂၅၀ | - | ၁၄၅၂၅၁ | - | ၁၂၂၉၅၉ | - | ၉၄၂၄၆ | |
| ၂။ | ဖေဖော်ဝါရီ | - | ၇၄၁၉၁ | - | ၁၅၅၁၇၆ | ၀. ၁၄ | ၁၂၄၅၂၁ | - | ၆၉၁၀၅ | |
| ၃။ | မတ် | - | ၉၁၇၄၄ | - | ၁၆၁၆၅၉ | - | ၂၁၉၃၁၉ | - | ၁၀၁၈၈၈ | |
| ၄။ | ဧပြီ | - | ၁၀၅၅၅၁ | ၀. ၁၄ | ၁၂၇၁၁၃ | - | ၁၄၀၃၇၇ | - | ၁၄၄၃၁၉ | |
| ၅။ | မေ | ၂. ၂၄ | ၁၀၇၁၅၆ | ၃. ၄၁ | ၈၂၈၁၀ | ၂. ၀၆ | ၁၂၀၁၃၁ | - | ၁၃၁၉၀၈ | |
| ၆။ | ဇွန် | ၄. ၆၄ | ၁၉၁၁၈၇ | ၁၁. ၂၀ | ၁၉၀၆၀၇ | ၃. ၆၉ | ၁၄၄၀၆၂ | ၅. ၃၇ | ၁၈၄၅၇၀ | |
| ၇။ | ဇူလိုင် | ၂. ၈၉ | ၅၉၈၅၄၇ | ၅. ၁၇ | ၃၄၄၀၇၈ | ၅. ၀၈ | ၄၁၇၄၆၄ | ၁၅. ၁၇ | ၁၃၂၃၈၀၃ | |
| ၈။ | ဩဂုတ် | ၃. ၂၄ | ၇၉၉၈၆၀ | ၆. ၂၉ | ၇၇၂၁၅၁ | ၆. ၂၅ | ၅၀၂၀၂၁ | ၁. ၁၈ | ၇၅၀၉၉၆ | ၄-၈-၂၀၁၅ နေ့ထိ |
| ၉။ | စက်တင်ဘာ | ၆. ၆၄ | ၇၁၁၆၉၂ | ၂၀. ၁၀ | ၈၉၀၁၃၁ | ၁. ၅၈ | ၄၅၉၅၂၆ | - | - | |
| ၁၀။ | အောက်တိုဘာ | ၀. ၂၉ | ၄၀၀၅၀၀ | ၁၃. ၈၄ | ၉၄၂၅၉၀ | ၂. ၅၀ | ၂၁၅၁၄၉ | - | - | |
| ၁၁။ | နိုဝင်ဘာ | - | ၁၀၇၀၁၆ | - | ၃၄၂၅၁၉ | ၀. ၈၃ | ၁၄၀၀၁၆ | - | - | |
| ၁၂။ | ဒီဇင်ဘာ | - | ၇၄၆၂၅ | - | ၁၀၀၉၁၄ | - | ၁၂၄၁၆၆ | - | - | |
| | **စုစုပေါင်း** | **၁၉. ၉၄** | **၃၄၀၈၁၄၀** | **၆၀. ၁၅** | **၄၂၅၅၀၁၉** | **၂၂. ၁၃** | **၂၇၂၉၉၃၁** | **၂၀. ၇၂** | **၂၈၀၀၈၁၅** | |

# မြန်မာနိုင်ငံတစ်ဝန်းရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၅**

မြန်မာနိုင်ငံတစ်ဝန်းရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများကို နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများသို့ လာရောက်လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်အလှူခံဌာန၌ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များက ငွေကျပ် ၂၃၁၅၀၀၀၀၊ အမျိုးသားလွှတ်တော် တပ်မတော်သားကိုယ်စားလှယ်များက ငွေကျပ် ၈၄၀၀၀၀၀၊ သမဝါယမဝန်ကြီးဌာန မိသားစုက ငွေကျပ် ၉၄၄၈၃၀၀ နှင့်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် KSGM ကုမ္ပဏီ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးအဖွဲ့က ငွေကျပ် ၂၀၀၀၀၀၀၀ တို့အပါအဝင် စုစုပေါင်းအလှူငွေကျပ် ၆၅၀၉၇၃၀၀၊ အမေရိကန်ဒေါ်လာ ၂၀ နှင့် အလှူပစ္စည်းများဖြစ်သည့် ဆန်၊ ခေါက်ဆွဲခြောက်၊ အဝတ်အထည်များကို ဒုတိယဝန်ကြီး ဦးဘုန်းဆွေနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီအတွင်းရေးမှူး၊ အမြဲတမ်းအတွင်းဝန် တာဝန်ခံညွှန်ကြားရေးမှူးချုပ်တို့က လက်ခံရယူကာ ကျေးဇူးတင်စကားများပြန်လည်ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အလားတူ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးတွင်လည်း စေတနာရှင်ပြည်သူများက အလှူငွေကျပ် ၁၀၇၈၇၈၃၅၀နှင့် အလှူပစ္စည်းမျိုးစုံ၊မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးတွင် အလှူငွေကျပ် ၅၀၀၀၀၀၊ ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးတွင် အလှူငွေကျပ် ၁၀၀၀၀၀ နှင့် အလှူပစ္စည်းမျိုးစုံတို့ကို လက်ခံရရှိထားရာ ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၅ ရက်အထိ အလှူရရှိငွေ စုစုပေါင်းမှာ ၂၁၁၁၇၅၉၀၀ နှင့် အမေရိကန်ဒေါ်လာ ၂၀ တို့ဖြစ်သည်။ အလှူပစ္စည်းများကို ရေဘေးသင့်ပြည်သူများလက်ဝယ်အမြန်ဆုံးရောက်ရှိရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**အောင်လံ၊ ပြည်၊ ဆိပ်သာ၊ ဟသ်ာတ၊ ဇလွန်၊ ငါးသိုင်းချောင်းနှင့် မဒေါက်မြို့များ စိုးရိမ်ရေမှတ်အထက် ဆက်လက်မြင့်တက်နေ**

**နေပြည်တော် ဩဂုတ် ၅**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် **အောင်လံမြို့**တွင် နှစ်ပေခွဲခန့်၊ **ပြည်မြို့**နှင့် **ဆိပ်သာမြို့**တို့တွင် နှစ်ပေခန့်စီ၊ **ဟသ်ာတမြို့**တွင် သုံးပေခွဲခန့်၊ **ဇလွန်မြို့**တွင် သုံးပေခန့်၊ ငဝန်မြစ်ရေသည် **ငါးသိုင်းချောင်းမြို့**တွင် သုံးပေခွဲခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေသည်။ နောက်နှစ်ရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် **မဒေါက်မြို့**တွင် သုံးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေသည်။ နောက်သုံးရက်အတွင်း တစ်ပေခန့်ကျဆင်းနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။ **(ကြေးမုံ)**

**☆ ပြန်လည်ထူထောင်ရေးမှ**

ဤကဲ့သို့ မကြုံစဖူး ထူးကဲတဲ့သဘာဝဘေးဒဏ်နဲ့ ကြုံတွေ့ရတဲ့ ဒေသခံပြည်သူတွေဟာ ပစ္စည်းဥစ္စာများကို စွန့်ပစ်ခဲ့ရပြီး မိမိတို့ သားသမီးများနဲ့ မိအိုဖအိုများကို ချီပိုးကာ ဘေးလွတ်ရာဒေသများဆီသို့ အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရပါတယ်။ ထိခိုက်မှုအခံရဆုံး မြို့နယ်များကတော့ မိုးကောင်းမြို့နယ်၊ ကောလင်း၊ ဝန်းသိုမြို့နယ်၊ ကလေးမြို့နယ်၊ ချင်းပြည်နယ်ရှိ မြို့နယ်အများစု၊ ရခိုင်ပြည်နယ်မှ မြို့နယ်အများစုတို့နဲ့ မကွေးတိုင်းဒေသကြီးမှ ပွင့်ဖြူနှင့် စလင်းမြို့နယ်တို့ ဖြစ်ကြပါတယ်။

ထွက်ပြေးတိမ်းရှောင်လာကြတဲ့ ရေဘေးသင့်ပြည်သူများနဲ့ တချို့ခက်ခဲစွာ ကယ်တင်လာခဲ့ကြရတဲ့သူများအား ဒေသခံပြည်သူများအနေနဲ့ သက်ဆိုင်ရာမြို့နယ်အတွင်းရှိ လုံခြုံစိတ်ချရသည့်နေရာများမှာ ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ပြီး အသက်ရှင်ရပ်တည်နိုင်ရေးအတွက် စာနာစိတ်အပြည့်နဲ့ ကယ်တင်စောင့်ရှောက်ထားခဲ့ကြရာ ယနေ့အထိ တစ်နိုင်ငံလုံး ရေဘေးသင့်အိမ်ထောင်စုပေါင်း နှစ်သိန်းသုံးသောင်းခုနစ်ထောင်ကျော်ခန့် ရှိပါတယ်။

၎င်းတို့အတွက် နေ့စဉ်ကျွေးမွေးမှု၊ အဝတ်အထည် အသုံးအဆောင်ပစ္စည်းများဝေငှပေးမှုနဲ့ ကျန်းမာရေးစောင့်ရှောက်မှုတို့ကို ဒေသခံပြည်သူများ၊ မြို့အကျိုးဆောင်အဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီ၊ မီးသတ်၊ တပ်မတော်၊ ရဲတပ်ဖွဲ့နဲ့ အစိုးရဝန်ထမ်းများမှ ကနဦး ကူညီစောင့်ရှောက်လျက်ရှိပြီး ဤဖြစ်စဉ်များကို သိလျှင်သိချင်း ရပ်ဝေးရပ်နီးမှ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရဟန်းပုဂ္ဂိုလ် လူပုဂ္ဂိုလ်များ၊ NGO အဖွဲ့များ၊ အပြည်ပြည်ဆိုင်ရာသံရုံးအဖွဲ့များက အစားအစာ၊ အသုံးအဆောင်ပစ္စည်းများ၊ အဝတ်အထည်၊ ဆေးဝါးများကို စေတနာထက်သန်စွာ ပေးပို့လှူဒါန်းကြတဲ့အတွက် အလှူရှင်များအားလုံးကို နိုင်ငံတော်ကိုယ်စား ကျေးဇူးအထူးတင်ပါကြောင်း ပြောကြားအပ်ပါတယ်။

**❝ ဘေးဒုက္ခကြုံတွေ့နေရသူများအား ကယ်ဆယ်ရေး၊ ကူညီစောင့်ရှောက်ရေးတို့ကို စနစ်တကျ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး မူလအနေအထားကို အမြန်ဆုံးပြန်လည်ရောက်ရှိအောင်ငွေအား၊ လူအား၊ ပစ္စည်းအားတို့ဖြင့် စီမံဆောင်ရွက်ပေးရန် အသင့်ပြင်ဆင်ထားရှိပြီးဖြစ် ❞**

နိုင်ငံတော်အပိုင်းကလည်း ဘေးဒုက္ခကြုံတွေ့နေရသူများအား ကယ်ဆယ်ရေး၊ ကူညီစောင့်ရှောက်ရေးတို့ကို စနစ်တကျ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး မူလအနေအထားကို အမြန်ဆုံးပြန်လည်ရောက်ရှိအောင် ငွေအား၊ လူအား၊ ပစ္စည်းအားတို့ဖြင့် စီမံဆောင်ရွက်ပေးရန် အသင့်ပြင်ဆင်ထားရှိပြီး ဖြစ်ပါတယ်။ သဘာဝဘေးဒဏ်ကို တားဆီး၍မရနိုင်သော်လည်း ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် စီမံဆောင်ရွက်မှု၊ မူလအခြေအနေသို့ အမြန်ပြန်လည်ရောက်အောင် ပြန်လည်ထူထောင်ပေးမှုတို့ကို ကိုယ်ချင်းစာနာစိတ်၊ မျိုးချစ်စိတ်၊ တာဝန်ရှိမှု၊ တာဝန်သိမှု၊ တာဝန်ယူမှုတို့ဖြင့် ပြည်သူများနှင့် ပူးပေါင်းကာ အစွမ်းကုန်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မိုးသည်းထန်စွာရွာသွန်းမှု၊ တောင်ကျရေများတိုက်စားမှုတို့ကြောင့် မီးရထားလမ်းများအပါအဝင် လမ်းတံတားများပျက်စီးမှုလည်း အများအပြား ဖြစ်ပေါ်ခဲ့ပါတယ်။ လမ်းပန်းဆက်သွယ်ရေးများ ပြတ်တောက်မသွားရအောင် အမြန်ဆုံး ပြန်လည်ကောင်းမွန်ရန် သက်ဆိုင်ရာဝန်ထမ်းများက ပြုပြင်လျက်ရှိနေကြပါတယ်။ ရေများ ပြန်ကျသွားသည်နှင့် လယ်ယာမြေများ အမြန်ဆုံး ပြန်လည်စိုက်ပျိုးနိုင်ရန် ထွန်စက်များ၊ မျိုးစပါးများကိုလည်း အသင့်ပြင်ဆင်ထားရှိပြီး ဖြစ်ပါတယ်။ ရေနစ်မြုပ်မှုကြောင့် ပျက်စီးသွားသည့် အိမ်များ၊ လုံးဝ ရေမျောသွားသည့် ဆုံးရှုံးသွားတဲ့ အိမ်များအား ပြန်လည်ပြုပြင်ရန်နှင့် အသစ်ပြန်လည်ဆောက်လုပ်နိုင်ရန်အတွက်လည်း အကူအညီပေးရန် စီစဉ်ထားပြီးဖြစ်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံး ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ယခုအခါ အဆိုပါ ဒေသများမှာ မိုးရွာသွန်းမှုလျော့နည်းလာသဖြင့် ရေများ တဖြည်းဖြည်းကျဆင်းလာပြီဖြစ်ပါတယ်။ အချို့ရေဘေးသင့်သူများ မိမိတို့ရပ်ကွက်၊ ကျေးရွာများသို့ပြန်ပြီး နေအိမ်များကို ပြန်လည်ပြုပြင်နေကြပြီဖြစ်ပါတယ်။ ၎င်းတို့အတွက် ယာယီစားသုံးနိုင်ရန် ဆန်နှင့် ထောက်ပံ့ငွေအချို့ကိုလည်း ပေးလိုက်ပြီး အချိန်အတိုင်းအတာတစ်ခုအထိ ဆန်များ ထောက်ပံ့ပေးသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံ အလယ်ပိုင်းနှင့်အောက်ပိုင်းတို့မှာလည်း မြစ်ရေကြီးမှုများဖြစ်ပေါ်လာနေသဖြင့် ကယ်ဆယ်ရေး၊ ကူညီရေးလုပ်ငန်းများ ဆောင်ရွက်နေကြပြီဖြစ်ပါတယ်။ ရေတားတာတမံများ မကျိုးပေါက်စေရေးအတွက် နေ့ရောညပါ စောင့်ကြပ်ကြည့်ရှုလျက်ရှိပြီး ဖြစ်ပေါ်လာပါက အမြန်ဆုံး ထိန်းချုပ်နိုင်ရန် အသင့်ပြင်ဆင်ထားကြပြီး ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ ဧရာဝတီတိုင်းအတွင်းရှိ ငဝန်မြစ်ရေနဲ့ ဧရာဝတီမြစ်ရေများ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်လာနေ၍ ဟင်္သာတမြို့နှင့် ညောင်တုန်းမြို့တို့မှာ စိုးရိမ်ဖွယ်ရာအခြေအနေသို့ ရောက်ရှိနေပါတယ်။ သဘာဝဘေးအန္တရာယ်ဟာ ကျရောက်လာပါက တားဆီး၍မရနိုင်ပါသောကြောင့် အန္တရာယ်ရှိလာနိုင်ပါက ဘေးကင်းရာသို့ ကြိုတင်ရွှေ့ပြောင်းနေထိုင်ခြင်းသည်သာ စိတ်အချရဆုံးဖြစ်ပါကြောင်း မိဘပြည်သူများသို့ အသိပေးတိုက်တွန်းအပ်ပါတယ်။

**မိဘပြည်သူများ ဘေးကင်းလုံခြုံကြပါစေ။**

## တမံခိုင်ခံ့မှုအတွက် ဘာမှစိုးရိမ်စရာမရှိပါဘူးဆိုတာ ပြောချင်ပါတယ်

ဦးစိုးမင်းလွင်

**ပုံမှန်မဟုတ်သော မိုးရွာသွန်းမှုနှင့် မုန်တိုင်းဝင်ရောက်ကာ မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရေကြီးရေလျှံမှုအများဆုံးဖြစ်ပေါ်ခဲ့ကြောင်း၊ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ပြည်သူများ၏ အသက်အန္တရာယ်ကင်းရှင်းရေးကို ဦးစွာဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်မီ ဆောင်ရွက်သွားရမည်ဖြစ်ပြီး သဘာဝဘေးအန္တရာယ်ကြုံတွေ့ခဲ့ရသည့် ပြည်သူများအတွက် လိုအပ်ချက်များစွာရှိနေနိုင်သဖြင့် ထိုလိုအပ်ချက်များကို အမြန်ဆုံးပြန်လည် ဖြည့်ဆည်းဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း ဩဂုတ်လ ၃ ရက်နေ့တွင် ကျင်းပသည့် မြန်မာနိုင်ငံအတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်နေသည့် ဒေသများအား ကယ်ဆယ်ရေး၊ ထောက်ပံ့ကူညီရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်သမ္မတက ပြောကြားခဲ့သည်။**

ယင်းဖြစ်စဉ်များကြောင့် ရေဘေးသင့်ပြည်သူများအား စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာများ ထိခိုက်မှုမရှိစေရန် တာဝန်ရှိသူများအနေဖြင့် ကဏ္ဍအလိုက် အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိရာ ဒေသများသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သွားရောက်စစ်ဆေးကြည့်ရှုအားပေးစဉ် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ ကြီးအုံကြီးဝ ရေလှောင်တမံနှင့်ပတ်သက်၍ မြို့ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ရှင်းလင်းပြောကြားချက်များကို ပြန်လည်ရေးသားဖော်ပြအပ်ပါသည်။



ဦးစိုးမင်းလွင်

**ဦးစိုးမင်းလွင်**
**ဦးစီးအရာရှိ၊ ဆည်မြောင်းဦးစီးဌာန**
**တည်ဆောက်ရေး(၈)၊ မကွေးမြို့**

ကြီးအုံကြီးဝရေလှောင်တမံဆိုတာ မုန်းတမံရဲ့အောက်ဘက်မှာရှိပါတယ်။ ဖြစ်လာတဲ့အခြေအနေက ချင်းတောင်ကနေ ရွာချလိုက်တဲ့ မမျှော်လင့်တဲ့ မိုးရေချိန်တွေကြောင့်ပါ။ ဘယ်လောက်တောင်များသလဲဆိုရင် ကျွန်တော်တို့ မုန်းတမံမှာ ဒီရွာချလိုက်တဲ့ မိုးရေချိန်ကို တားထားမယ်ဆိုရင် မုန်းတမံကြီးက နှစ်ရက်တည်းနဲ့ ပြည့်နိုင်တဲ့ ပမာဏရှိတဲ့ရေထု စီးလာတာ။ တမံထဲမှာ ရေတစ်ဝက်လောက်ရှိရာကနေ ချက်ချင်းပြည့်လာတယ်။ မုန်းတမံပြည့်လာတာနဲ့ ကြီးအုံကြီးဝတမံအထိ ရေတွေက တန်းရောက်လာတယ်။ တကယ်လို့ ဒီတမံသာမရှိဘူးဆိုရင် အဲ့ဒီလောက် အရှိန်နဲ့ စီးလာတဲ့ ရေတွေက သေချာပေါက် မြို့ပေါ်ကို ရောက်သွားမယ်။ ရောက်သွားရင် အကုန်လုံးကို ဆွဲချသွားမှာဖြစ်ပါတယ်။ ဒီတမံ နှစ်ဆင့်ခံထားတဲ့အတွက် ဒီတမံတွေမှာ ရေအရှိန်ကို တန့်လိုက်တဲ့အတွက် ရေကစီးတော့စီးတယ်။ ရေအမြင့်ပေ မြင့်တက်လာတာပဲရှိတယ်။ ရေတိုက်စားသွားတယ်ဆိုတာ တော်တော်နည်းပါတယ်။ တမံသာမရှိရင် အကုန်လုံးကို တိုက်စားသွားမှာဖြစ်ပါတယ်။ နောက်ဆုံး မုန်းတမံဆိုရင် ၃၅ ပေခွဲအထိ ရေပိုလွှဲပေါ်ကနေ ရေကျော်သွားတယ်။ ကြီးအုံကြီးဝတမံဆိုရင် ၃၃ ပေလောက်အထိ ရေကျော်တယ်။ ဒါအင်မတန်များတဲ့ ပမာဏပါ။ ဒီတမံတွေရဲ့သက်တမ်းမှာ မုန်းတမံရဲ့ ရေပိုလွှဲပေါ်ကနေ ပေ၂၀ အထိပဲ ကျော်ခဲ့ဖူးတယ်။ အခုက ၃၅ ပေကျော်အထိ ကျော်သွားတယ်။ ဒါပေမယ့် အခုအချိန်အထိ စိတ်ချရပါတယ်။ တမံခိုင်ခံ့မှုအတွက် ဘာမှစိုးရိမ်စရာမရှိပါဘူးဆိုတာ ပြောချင်ပါတယ်။

ကျွန်တော့်ရည်ရွယ်ချက်က တမံတွေအပေါ်မှာ များပြားတဲ့ ရေတွေစီးကျလာတဲ့အချိန်မှာ တမံကျိုးတော့မှာလားဆိုတဲ့ သို့လော သို့လောနဲ့ ကောလာဟလတွေရှယ်၊ နောက်တစ်ခုက ပြည်သူတွေ အချိန်နဲ့တစ်ပြေးညီသိရှိနိုင်ဖို့ အတတ်နိုင်ဆုံး လုပ်ပေးမယ်ဆိုတဲ့ စိတ်နဲ့ ကျွန်တော့် Facebook ကနေ ပုံမှန်လေးတင်ပေးနေတာပါ။ ထူးခြားဖြစ်စဉ်တွေကို အချိန်နဲ့အမျှ တင်ပေးနေတာပါ။ စိတ်ပူသင့်ရင်လည်း ပူရမယ်။ ရေစီးလာတဲ့အတွက် ရေတွေမြင့်တက်လာမယ်။ ဒါ့ကြောင့် အမြင့်ဘက်ကို ရွှေ့ပါဆိုပြီးပြောတယ်။ တမံကျိုးမှာကို ကြောက်နေကြတဲ့သူတွေအတွက် တမံခိုင်ခံ့နေပါတယ်ဆိုတဲ့ဟာကို လည်း အချိန်နဲ့အမျှ တင်ပြပေးတာ ဖြစ်ပါတယ်။

**သတင်းစဉ်(သတင်းအဖွဲ့)**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

**နေပြည်တော် ဩဂုတ် ၆**

၂၀၁၅ ခုနှစ် ဩဂုတ် ၆ ရက်တွင် ကျရောက်သော ဂျမေကာနိုင်ငံ၏ လွတ်လပ်ရေးနေ့ နှစ်ပတ်လည် အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဂျမေကာနိုင်ငံ နိုင်ငံခြားရေးနှင့် နိုင်ငံခြားကုန်သွယ်ရေးဝန်ကြီး မစ္စတာ အာနိုးဂျေနီး ကိုးလ်ဆန်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## ရေဘေးသင့်ပြည်သူများအတွက် သမဝါယမဝန်ကြီးဌာန(မိသားစု)မှ အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၅**

မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသောရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန နေပြည်တော်အလှူခံဌာန၌ လက်ခံလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် သမဝါယမဝန်ကြီးဌာန(မိသားစု)မှ အလှူငွေကျပ် ၉၄၄၈၃၀၀ ကို ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက လာရောက်ပေးအပ်လှူဒါန်းရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေက လက်ခံရယူကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိ

**နေပြည်တော် ဩဂုတ် ၅**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိရာ ဩဂုတ် ၅ ရက်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၈၄ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၇၂ ဦး၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၆၇ ဦးနှင့် တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၂ ဦးတို့ တင်သွင်းခဲ့သည်။ ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၅ ရက်အထိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၇၄၈ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၃၅၅ ဦး၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်း ၁၄၂၈ ဦးနှင့် တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်း ၈၇ ဦး စုစုပေါင်း ၂၆၁၈ ဦးရှိပြီဖြစ်ပြီး နိုင်ငံရေးပါတီ ၆၄ ပါတီနှင့် တစ်သီးပုဂ္ဂလ ၉၀ တို့မှ အမည်စာရင်း တင်သွင်းခဲ့ကြကြောင်း သိရသည်။ အမည်စာရင်းတင်သွင်းမှု အသေးစိတ်အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် Website www.uecmyanmar.org တွင် ကြည့်ရှုနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မြန်မာ ယူ-၁၆ အသင်း ဆီမီးတက်

**ရန်ကုန် ဩဂုတ် ၅**

အာဆီယံ ယူ-၁၆ ပြိုင်ပွဲ အုပ်စု(ခ) နောက်ဆုံးနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ကမ္ဘောဒီးယားနိုင်ငံတွင် ဆက်လက်ယှဉ်ပြိုင်ကစားရာ မြန်မာအသင်းမှာ နိုင်ပွဲရယူပြီး အုပ်စုဒုတိယဖြင့် ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားသည်။ မြန်မာအသင်းသည် အိမ်ရှင် ကမ္ဘောဒီးယားအသင်းနှင့် ယှဉ်ပြိုင်ခဲ့ရပြီး သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ၁၆ မိနစ်တွင် ပြည့်စုံနိုင်၊ မိနစ် ၂၀ တွင် ဝင်းနိုင်ထွန်း၊ ၅၄ မိနစ်တွင် အောင်ချစ်ဦးကိုကိုတို့က သွင်းယူခဲ့သည်။

**(ဖိုးသော်ဇင်)**

# ထားဝယ်အထူးစီးပွားရေးဇုန်သည် မြန်မာနှင့် ထိုင်းနိုင်ငံတို့၏ အကျိုးစီးပွားသာမက အရှေ့တောင်အာရှနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများ၏ အကျိုးစီးပွားကိုလည်း ဆောင်ကြဉ်းပေးနိုင်မည်ဟု ယုံကြည်

**နေပြည်တော်　　ဩဂုတ်　　၅**

စတုတ္ထအကြိမ် မြန်မာ-ထိုင်း ပူးတွဲအဆင့်မြင့်ကော်မတီအစည်းအဝေးအား ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော် Horizon Lake View Resort ဟိုတယ်၌ ကျင်းပရာ**(ယာပုံ)** မြန်မာ-ထိုင်း ပူးတွဲအဆင့်မြင့်ကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယသမ္မတနှင့်အတူ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် အမ်အာရ်ပရီဒီယသွန်း ဒိဗကုလနှင့်အတူ ဘဏ္ဍာရေး၊ ပို့ဆောင်ရေး၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးဌာနများမှ ဝန်ကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် အမ်အာရ် ပရီဒီယသွန်း ဒိဗကုလတို့သည် ပူးတွဲအဆင့်မြင့်ကော်မတီဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပခဲ့သော တတိယအကြိမ် ပူးတွဲအဆင့်မြင့်ကော်မတီအစည်းအဝေး၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် မြန်မာ-ထိုင်း-ဂျပန် သုံးနိုင်ငံအစည်းအဝေးအား တရားဝင်ကျင်းပနိုင်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပသော စတုတ္ထအကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးတွင် မြန်မာ-ထိုင်း-ဂျပန် Memorandum of Intent (MOI)ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း၊ ယခုအစည်းအဝေးတွင် ထားဝယ်အထူးစီးပွားရေးဇုန်၏ ကနဦးအဆင့်စီမံကိန်းများဖြစ်သည့် နှစ်လမ်းသွားကားလမ်း၊ ဆိပ်ကမ်းငယ်၊ ကနဦး စက်မှုဇုန်၊ ယာယီ လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ကနဦး လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ကနဦး မြို့ပြစီမံကိန်း၊ ရေပေးဝေရေးစီမံကိန်း၊ ဆက်သွယ်ရေးလိုင်း လုပ်ငန်းများလုပ်ကိုင်ခွင့် သဘောတူညီချက်များအား လက်မှတ်ရေးထိုးနိုင်တော့မည်ဖြစ်ကြောင်း၊ အဆိုပါ ကနဦးစီမံကိန်းများသည် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းကြီးတစ်ခုလုံး စတင်လည်ပတ်နိုင်ရန် ပထမဆုံးခြေလှမ်းလည်းဖြစ်ပါကြောင်း၊ ကနဦးစီမံကိန်းလုပ်ငန်းများအနေဖြင့် ယခုမှစ၍ ၂၀၂၅ ခုနှစ်အတွင်း ဒေသခံပြည်သူများအတွက် အလုပ်အကိုင်ပေါင်း သုံးသိန်းခန့်ကို ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာများကို ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ကြောင်းနှင့် ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်များ၊ အတွေ့အကြုံများနှင့်အညီ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာများကို ထိခိုက်မှုမရှိဘဲ ပါဝင်ဆောင်ရွက်နိုင်မည့် ကောင်းမွန်သောအခွင့်အလမ်းများကိုလည်း ဖန်တီးပေးနိုင်မည့် အခြေအနေကောင်းများလည်းရရှိနိုင်မည်ဖြစ်ကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်သည် မြန်မာနှင့် ထိုင်းနိုင်ငံတို့၏ အကျိုးစီးပွားသာမက အရှေ့တောင်အာရှနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများ၏ အကျိုးစီးပွားကိုလည်း ဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းသည် ဒေသတွင်း၌ အရေးကြီးသော စီမံကိန်းတစ်ရပ်ဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းအနေဖြင့် မဟာမဲခေါင်ဒေသ တောင်ပိုင်းစီးပွားရေးစင်္ကြံ ဖြစ်ပေါ်လာစေမည့်အပြင် ကမ္ဘောဒီးယား၊ ဗီယက်နမ်တို့မှ ထိုင်းနိုင်ငံကို ဖြတ်သန်းပြီး ပင်လယ်ထွက်ပေါက်သို့ ဆက်သွယ်ဆောင်ရွက်မည့် ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက်တစ်ခု ဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ ထားဝယ်ဒေသနှင့် ဆက်စပ်ဒေသများအပေါ် ကြီးမားသော စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်လာစေမည့် စီမံကိန်းကြီးတစ်ခုဖြစ်ကြောင်းဖြင့် ပြောကြားသည်။



အစည်းအဝေးတွင် ထားဝယ်အထူးစီးပွားရေးဇုန် ကနဦးစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းလုပ်ကိုင်ခွင့် သဘောတူညီချက်များ လက်မှတ်ရေးထိုးနိုင်ရေး၊ မြန်မာအထူးစီးပွားရေးဇုန် နည်းဥပဒေ ပြဋ္ဌာန်းနိုင်ရေး၊ ကနဦးစီမံကိန်းများအတွက် ဘဏ္ဍာငွေကြေး ရရှိနိုင်ရေး၊ ထားဝယ်အထူးစီးပွားရေးဇုန် တစ်ခုလုံး၏ ပင်မစီမံချက်အား အတည်ပြုနိုင်ရေးနှင့် စီမံကိန်းတွင် ဂျပန်နိုင်ငံပါဝင်ဆောင်ရွက်နိုင်မည့်အခြေအနေတို့အား ဆွေးနွေးကြသည်။

ယင်းနောက် ထားဝယ်အထူးစီးပွားရေးဇုန် ကနဦးစီမံကိန်းများအတွက် လုပ်ငန်း လုပ်ကိုင်ခွင့်သဘောတူညီချက်များအား ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့်အဖွဲ့အစည်းများအကြား လက်မှတ်ရေးထိုးကြသည်။

အဆိုပါ လက်မှတ်ရေးထိုးသည့် အခမ်းအနားသို့ ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးအပြီးတွင် ဒုတိယသမ္မတက ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

မွန်းလွဲပိုင်းတွင် ပူးတွဲအဆင့်မြင့်ကော်မတီအစည်းအဝေး၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် မြန်မာ-ထိုင်း-ဂျပန် သုံးနိုင်ငံအစည်းအဝေးအား ဆက်လက်ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ထိုင်းနိုင်ငံမှ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ အာခွန်တန်ပစ် တရာပိုင်စစ်နှင့် ဂျပန်နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြသည်။ အဆိုပါအစည်းအဝေးတွင် ဂျပန်နိုင်ငံဘက်မှလည်း ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းနှင့် ပတ်သက်၍ အကူအညီအထောက်အပံ့များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အတည်ပြုပြောကြားသည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်နှင့် ထိုင်းနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ အာခွန်တန်ပစ် တရာပိုင်စစ်တို့ ဦးဆောင်သည့် သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ပြီး သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်သည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ထားဝယ်အထူးစီးပွားရေးဇုန်၏ ကနဦးစီမံကိန်းလုပ်ငန်းများအတွက် လုပ်ငန်းလုပ်ကိုင်ခွင့် သဘောတူညီချက်များ လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ ယင်းစီမံကိန်းလုပ်ငန်းများသည် လုပ်သားအခြေပြု စက်မှုဇုန်လုပ်ငန်းများပေါ်တွင် ဗဟိုပြုသဖြင့် ဒေသခံပြည်သူလူထုအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ပွင့်လန်းလာမည်ဖြစ်ကြောင်း၊ ရေရှည်အားဖြင့် ယင်းစီမံကိန်းထက် များစွာကြီးမားကျယ်ပြန့်သည့် ရေနက်ဆိပ်ကမ်းစီမံကိန်း၊ ထိုင်းနှင့် ဆက်သွယ်မည့် အဝေးပြေးလမ်းမကြီးနှင့် အကြီးစား စက်မှုလုပ်ငန်းများပါဝင်သော စက်မှုဇုန်ကြီးများ တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်၏ ပင်မစီမံချက်အား ၂၀၁၅ ခုနှစ် ဇွန်လတွင် အပြီးသတ်ရေးဆွဲနိုင်ခဲ့ပြီး ယခုအစည်းအဝေးတွင် အတည်ပြုနိုင်ခဲ့ကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန် ပင်မစီမံချက်၏ ရည်ရွယ်ချက်မှာ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု၊ အထူးစီးပွားရေးဇုန် ဗဟိုပြု ကမ္ဘာ့အဆင့် ပို့ကုန်လုပ်ငန်း၊ အာရှဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်နှင့် မဟာမဲခေါင်ဒေသတောင်ပိုင်း စီးပွားရေးစင်္ကြံအဖြစ် ဆောင်ရွက်ရန်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ယမန်နေ့ နံနက်ပိုင်းတွင် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မြန်မာ-ထိုင်း ပူးတွဲလုပ်ငန်းကော်မတီ ဆဋ္ဌမအကြိမ် အစည်းအဝေးအား အဆိုပါဟိုတယ်၌ ကျင်းပခဲ့ရာ မြန်မာဘက်မှ ပူးတွဲအဆင့်မြင့်ကော်မတီအတွင်းရေးမှူး အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်နှင့် ထိုင်းနိုင်ငံဘက်မှ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ အာခွန်တန်ပစ် တရာပိုင်စစ်တို့ ဦးဆောင်ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။　**(သတင်းစဉ်)**

## ရေဘေးကယ်ဆယ်ရေးအထူးလေကြောင်းခရီးစဉ် ထပ်တိုးပြေးဆွဲမည်

**နေပြည်တော်　　ဩဂုတ်　　၅**

သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသများရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် တပ်မတော်နှင့် ပြည်တွင်းလေကြောင်းလိုင်းများမှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ပေးပို့လျက်ရှိသည်။

ပို့ဆောင်ရေးဝန်ကြီးဌာနသည် ပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်များဖြင့် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ပစ္စည်းများပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် စစ်တွေလေဆိပ်သို့ တပ်မတော်လေယာဉ်၊ ရွှေမြန်မာလေကြောင်းလိုင်းနှင့် ကမ္ဘောဇလေကြောင်းလိုင်းတို့မှ ခေါက်ရေ ခြောက်ခေါက်ဖြင့် စားနပ်ရိက္ခာ၊ ဆေးဝါးမျိုးစုံ၊ လူအသုံးအဆောင်ပစ္စည်းများ၊ မီးစက်နှင့် အသက်ကယ်လှေများကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ တပ်မတော်လေယာဉ်၊ မြန်မာအမျိုးသားလေကြောင်း၊ ကမ္ဘောဇလေကြောင်းလိုင်းတို့မှ ခေါက်ရေ ငါးခေါက်ဖြင့် အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများ၊ စားနပ်ရိက္ခာနှင့် ဆေးဝါးမျိုးစုံတို့ကိုလည်းကောင်း ပေးပို့ခဲ့သည်။

ထို့ပြင် ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာအမျိုးသားလေကြောင်းလိုင်းမှ ကလေးမြို့နှင့် စစ်တွေမြို့များသို့ ရေဘေးကယ်ဆယ်ရေးပစ္စည်းများ သယ်ယူပို့ဆောင်ပေးနိုင်ရန်အတွက် ယခင်ခရီးစဉ် (Flight Schedule) များအပြင် အထူးခရီးစဉ်များကို ATR-72 လေယာဉ်ဖြင့် မန္တလေး-ကလေး-မန္တလေး ခရီးစဉ်အား ဩဂုတ် ၆ ရက်တွင် သုံးခေါက်နှင့် ဩဂုတ် ၇ ရက်တွင် တစ်ခေါက် ပျံသန်းပြေးဆွဲမည်ဖြစ်ပြီး ရန်ကုန်-စစ်တွေ-ရန်ကုန် ခရီးစဉ်အား ATR-72, Embraer 190 လေယာဉ်များဖြင့် ဩဂုတ် ၈ ရက်တွင် နှစ်ခေါက်နှင့် ဩဂုတ် ၉ ရက်တွင် တစ်ခေါက်ထပ်တိုးပြေးဆွဲသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကလေးဝ၊ မုံရွာ၊ ပခုက္ကူ၊ ညောင်ဦး၊ ဘားအံ၊ ရွှေကျင်နှင့် ချောက်မြို့များ စိုးရိမ်ရေမှတ်အောက် ကျဆင်းနိုင်

**နေပြည်တော်　　ဩဂုတ်　　၅**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် နှစ်ပေခွဲခန့်၊ မုံရွာမြို့တွင် သုံးပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ကလေးဝမြို့နှင့် နောက်နှစ်ရက်အတွင်း မုံရွာမြို့တို့တွင် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။


ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် တစ်ပေခွဲခန့်၊ ညောင်ဦးမြို့တွင် လေးပေခွဲခန့်၊ မင်းဘူးမြို့တွင် သုံးပေခန့်၊ မကွေးမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်မှ သုံးရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ချောက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေသော်လည်း နောက်နာရီအနည်းငယ်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းသွားမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။　**(ကြေးမုံ)**

# နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး



**နေပြည်တော် ဩဂုတ် ၅**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော် ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး မစ္စတာဒဲရစ်မစ်ချယ်အား လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး မစ္စတာဒဲရစ်မစ်ချယ် နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်စစ်သံမှူး Colonel James McAden နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံနှင့် တပ်မတော်၏အခန်းကဏ္ဍ၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး၊ ငြိမ်းချမ်းရေးဖော်ဆောင်မှုဆိုင်ရာများ၊ တိုင်းရင်းသားရေးရာကိစ္စရပ်များ၊ ခေတ်လက်နက်ချုပ်ငြိမ်းရေးကိစ္စရပ်များ၊ ကလေးစစ်သားလျှော့နည်းပပျောက်ရေး ကိစ္စရပ်များနှင့် လက်ရှိရေလွှမ်းမိုးမှုတွင် တပ်မတော်မှ ကူညီဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# တပ်မတော်အနေဖြင့် အင်အားပြည့်ထုတ်နုတ်၍ ရေဘေးသင့်ပြည်သူများအတွက် ဆောင်ရွက်ပေးလျက်ရှိ ဒေသခံပြည်သူများမှ ပါဝင်ကူညီခြင်းဖြင့် ကြုံတွေ့နေရသည့်အခက်အခဲများကို အောင်မြင်စွာ ကျော်လွှားနိုင်မည်

**နေပြည်တော် ဩဂုတ် ၅**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများလိုက်ပါလျက် ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်လေဆိပ်သို့ရောက်ရှိရာ လေဆိပ်ဧည့်ခန်းမဆောင်တွင် တိုင်းမှူးက ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း တိုက်ကြီးမြို့နယ် အဖျောက်မြို့တွင် ရေဝင်ရောက်မှု၊ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် တိုက်ကြီးမြို့နယ် အဖျောက်မြို့သို့ ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်သည့် ရဟတ်ယာဉ်ဖြင့် လိုက်ပါခဲ့ရာ ဥတိုကျေးရွာသို့ ရောက်ရှိကြပြီး မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ အဖျောက်ကျေးရွာသို့ ရောက်ရှိကြသည်။

ယင်းနောက် အဖျောက်တာပေါင်တွင် ဒုတိယဝန်ကြီး ဦးခင်ဇော်က တာပေါင်ကြံ့ခိုင်ရေးနှင့် အမြင့်ပေ ထပ်မံမြှင့်တင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး လတ်တလောရေဘေးအန္တရာယ်ကာကွယ်နိုင်ရန် ဆောင်ရွက်နေမှုနှင့် ရေရှည်တွင် ရေကြီးရေလျှံမှုမှ ကာကွယ်နိုင်မည့်လုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် အဖျောက်မြို့ ရေလွှမ်းမိုးမှုမှ ကာကွယ်ရန်အတွက် နှစ်မိုင်အရှည်ရှိအဖျောက်တာအား တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် လုပ်အားပေးအဖွဲ့များက ကြံ့ခိုင်ရေးဆောင်ရွက်နေမှုနှင့် အမြင့်ပေ ထပ်မံမြှင့်တင်ရန် ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှု အားပေးပြီး လုပ်အားပေးဆောင်ရွက်နေသူများကို ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်၍ အဖျောက်မြို့တွင်းရှိ မဟာသံတန်ဆောင်းကြီးဘုရားသို့ ရောက်ရှိပြီး ပန်း၊ ရေချမ်းနှင့် ဆီမီးကပ်လှူပူဇော်ကာ အလှူငွေပေးအပ်သည်။

မဟာသံတန်ဆောင်းကြီးဘုရားသည် သက်တမ်း ၉၈ နှစ်ရှိပြီဖြစ်ပြီး ဘုရားဝင်းအတွင်းတွင် သုတ်၊ ဝိနည်း၊ အဘိဓမ္မာ၊ ပိဋကတ်သုံးပုံ ကျမ်းစုံ ကျောက်စာချပ် ၇၂၀ ကို အဆောင်ငါးဆောင်ခွဲ၍ ထိန်းသိမ်းထားရှိကြောင်း သိရသည်။

ယင်းနောက် တိုက်ကြီးမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ဒေသခံပြည်သူများနှင့်တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အားပေးစကားပြောကြားရာတွင် ဇူလိုင်လ ဒုတိယပတ်မှ စတင်၍ ရာသီဥတုဖောက်ပြန်ပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ တရုတ်နိုင်ငံတွင် မုန်တိုင်းများ ကျရောက်ခြင်းကြောင့် မြန်မာနိုင်ငံအထက်ပိုင်း ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့်စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့လည်း မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ အလားတူ ဘင်္ဂလားပင်လယ်အော်အတွင်း မုန်တိုင်းများဖြစ်ပေါ်မှုကြောင့် ဒီရေမြင့်တက်ခြင်း၊ မိုးအဆက်မပြတ်ရွာသွန်းခြင်းတို့ကြောင့် မြန်မာနိုင်ငံအောက်ပိုင်း ဒေသများဖြစ်သည့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင်လည်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ပြည်သူများအနေဖြင့် သတိလက်လွတ်နေထိုင်ခြင်းဖြင့် ပေးဆပ်မှုများစွာဖြစ်ပေါ်လာနိုင်ကြောင်းကို သတိရှိစေလိုကြောင်း၊ မြို့မိမြို့ဖများ၏ ဦးဆောင်မှုဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်မည်ဆိုပါက အခက်အခဲများကို ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း၊ ထို့အတူ နိုင်ငံတွင်လည်း ပြည်သူ၊ နိုင်ငံတော်အစိုးရနှင့် တပ်မတော်တို့ ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်မည်ဆိုပါက ရင်ဆိုင်နေရသည့် အခက်အခဲများကို အောင်မြင်စွာ ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း၊ တပ်မတော်အနေဖြင့် မိဘပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်မည်ဆိုသည့်စိတ်ဓာတ်ဖြင့် လူအင်အား၊ မော်တော်ယာဉ်၊ လေယာဉ်၊ ရဟတ်ယာဉ်နှင့်စစ်ရေယာဉ်များကို အင်အားပြည့်ထုတ်နုတ်၍နိုင်ငံအတွင်း ရေကြီးရေလျှံမှုများဖြစ်ပေါ်နေသည့် ဒေသများရှိ ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဒေသခံပြည်သူများမှလည်း ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ခြင်းအားဖြင့် ကြုံတွေ့နေရသည့် အခက်အခဲများကို အောင်မြင်စွာ ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။



ယင်းနောက် ရေဘေးသင့်ပြည်သူများအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။**(အပေါ်ပုံ)**

ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုးအဆက်မပြတ်ရွာသွန်းပြီး ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် တိုက်ကြီးမြို့နယ် အဖျောက်မြို့ရှိ ကျေးရွာအချို့တွင် မြစ်ရေများ ဝင်ရောက်ခဲ့သဖြင့် ရေဘေးသင့်ပြည်သူ ၂၇၅ ဦးကို တိုက်ကြီးမြို့ရှိ ပြည်ဇောတိကာရုံကျောင်းတိုက်တွင် ရေဘေးကယ်ဆယ်ရေးစခန်း ဖွင့်လှစ်၍ နေရာချထားပေးပြီး လိုအပ်သောသောက်သုံးရေ၊ စားသောက်ဖွယ်ရာနှင့် အဝတ်အထည်များ ထောက်ပံ့ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

## သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် ပစ္စည်းနှင့် အလှူငွေများ လှူဒါန်းနိုင်ပါရန် နှိုးဆော်ခြင်း

၁။ နိုင်ငံတော်သမ္မတရုံးမှ သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများအဖြစ် သတ်မှတ်ကြေညာထားသည့် တိုင်းဒေသကြီး/ပြည်နယ်လေးခုတွင် ပျက်စီးဆုံးရှုံးသွားသော မွေးမြူရေးလုပ်ငန်းများ ပံ့ပိုးကူညီရေးနှင့်ကျေးလက်လမ်း၊ တံတား၊ ရေပေးရေး၊ ကျန်းမာသန့်ရှင်းရေး၊ အိမ်ရာ၊ မီးလင်းရေး လုပ်ငန်းများကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ချက်ချင်းပြင်ဆင် တည်ဆောက်ပေးသွားမည်ဖြစ်ပါသည်။

၂။ လှူဒါန်းလိုသော စေတနာရှင်အလှူရှင်များ၊ ပြည်တွင်း၊ ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ အနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) ကျေးလက်ရေပေးရေးလုပ်ငန်းများအနေဖြင့် ရေတွင်း၊ရေကန်များ ပြန်လည်တူးဖော်ခြင်း လုပ်ငန်းများတွင် ရေပေးရေးဆက်စပ်ပစ္စည်းများဖြစ်သည့် အင်ဂျင်၊ ပန့်၊ ပိုက်များ၊ စက်သုံးဆီနှင့်အလှူငွေများထည့်ဝင် လှူဒါန်းနိုင်ပါရန်၊

(ခ) ကျေးလက်လမ်းတံတားလုပ်ငန်းများအနေဖြင့် လမ်းတံတား ပြင်ဆင်ခြင်းလုပ်ငန်းများတွင် ယန္တရားများကူညီခြင်း၊ စက်သုံးဆီများနှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ပါရန်၊

(ဂ) ကျေးလက်အိမ်ရာလုပ်ငန်းများအနေဖြင့် ကျေးလက်အိမ်ရာများ ပြန်လည်ပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်းလုပ်ငန်းများတွင် သစ်၊ သွပ်၊ ပျဉ်၊ ဝါးကပ်များနှင့် အလှူငွေများထည့်ဝင်လှူဒါန်းနိုင်ပါရန်၊

(ဃ) ကျေးလက်မီးလင်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မီးလင်းရေးပစ္စည်းများနှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ပါရန်၊

(င) တိရစ္ဆာန်၊ တိရစ္ဆာန်အစာ၊ ဆေးဝါး၊ မွေးမြူရေးလုပ်ငန်းသုံးပစ္စည်းများနှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ပါရန်။

၃။ သို့ဖြစ်ပါ၍ စေတနာရှင် အလှူရှင်များအနေဖြင့် လှူဒါန်းလိုပါက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန (ရုံးချုပ်) ဖုန်းအမှတ် ၀၆၇-၄၀၈၄၆၅၊ ၀၉-၂၅၄၂၆၂၁၇၈၊ ၀၆၇-၄၁၈၃၅၆၊ ၀၉-၄၃၀၃၈၁၂၃၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်) ဖုန်းအမှတ် ၀၆၇-၄၀၉၀၂၆၊၀၉-၅၀၈၈၉၉၉၊၀၆၇-၄၀၉၂၁၁၊၀၉-၈၆၁၀၁၇၉၊၀၆၇-၄၀၉၀၂၇၊၀၉-၈၃၀၀၇၆၅၊၀၆၇-၄၀၉၃၅၇၊၀၉-၈၃၀၀၁၉၃၊၀၆၇-၄၀၉၃၆၂၊၀၉-၄၉၂၂၄၀၀၃၊၀၆၇-၄၀၉၀၃၀၊၀၉-၄၀၀၄၁၄၂၁၄၊၀၆၇-၄၀၉၄၀၉၊၀၉-၂၅၀၉၆၃၈၅၅၊ မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်းအမှတ် ၀၆၃-၂၈၃၆၈၊၀၉-၄၉၂၀၂၀၈၂၊ စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်းအမှတ် ၀၇၁-၂၆၁၉၅၊၀၉-၄၃၀၀၂၆၂၇၊ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်းအမှတ် ၀၄၃-၂၂၀၁၈၊၀၉-၄၉၆၄၀၉၇၈ နှင့် ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်းအမှတ် ၀၇၀-၂၂၅၅၀၊၀၉-၈၆၃၆၄၄၃ များသို့ ဆက်သွယ် လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး**
**သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး။**

ပြည်တွင်းရေးရာ

# ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် တာကျိုးခြင်း၊ တာပေါ်ရေကျော်ခြင်းများဖြစ်ပေါ်နိုင်သဖြင့် ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရန်လို



**ရန်ကုန်  ဩဂုတ်  ၅**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်စိုး၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၄ ရက် ညနေပိုင်းတွင် ပဲခူးတိုင်းဒေသကြီး လက်ပံတန်းဘူတာမှ ရထားဖြင့် လက်ပံတန်းမြို့နယ် သာရဝေါတိုက်နယ် ကုလားချောင်းကျေးရွာသို့သွားရောက်၍ ဧရာဝတီတာတမံ မကျိုးပေါက်စေရေးနှင့် တာပေါ်ရေမကျော်စေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်မှုကို ကြည့်ရှုသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြသည့် လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဗိုလ်မြတ်ထွန်းတံတားအနီးရှိ သစ်တောရိပ်သာသို့ရောက်ရှိပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်စိုး၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံဆွေးနွေးသည်။

ရှေးဦးစွာ ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူက ဧရာဝတီမြစ်ကမ်းဘေးတစ်လျှောက် တာတမံများတည်ရှိမှု၊ တာတမံများ၏ ကြံ့ခိုင်မှုအခြေအနေ၊ ရေကင်းများချထားမှုအပါအဝင် ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က ဧရာဝတီမြစ်ရေဝင်ရောက်မှု၊ မြစ်ကမ်းဘေးမှကျေးရွာများ ရေကြီးနစ်မြုပ်မှု၊ စိုက်ပျိုးမြေများ ရေကြီးနစ်မြုပ်ပျက်စီးမှုနှင့် မျိုးစပါးများ ပြန်လည်ဖြန့်ဝေပေးရန် စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယခုရက်ပိုင်းအတွင်း အထက် အညာဒေသ၌ မိုးရွာသွန်းမှုများပြားပြီး ဧရာဝတီမြစ်ရေ မြင့်တက်လာသည့် အကျိုးဆက်ကြောင့် ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ဟင်္သာတခရိုင်နှင့် မအူပင်ခရိုင်အတွင်းရှိ မြို့နယ်များတွင် တာကျိုးခြင်း၊ တာပေါ်ရေကျော်ခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အထူးသတိဝီရိယထား ဆောင်ရွက်ရန်လိုကြောင်း၊ တာကျိုးခြင်း၊ တာပေါ်ရေကျော်ခြင်းများဖြစ်ပွားပါက ပြည်သူများ၏ အသက်အိုးအိမ်များ ထိခိုက်ဆုံးရှုံးပျက်စီးနိုင်သည့်အပြင် စိုက်ပျိုးမြေများရေကြီးနစ်မြုပ်ပြီး သီးနှံများ ပျက်စီးဆုံးရှုံးနိုင်ကြောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဆောင်၍ ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နေမှုကို အားရဖွယ်တွေ့ရှိရပါကြောင်း၊ တာမကျိုး၊ ရေမကျော်ရေးအတွက် ဆည်မြောင်းဦးစီးဌာနက အဓိကတာဝန်ယူပြီး ရေကင်းစောင့်ခြင်း၊ သဲအိတ်ထပ်ဆင့်ခြင်းများတွင် ကူညီဆောင်ရွက်လျက်ရှိကြသည့် လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများအတွက် စားသောက်ရေး၊ ယာယီနေထိုင်ရေးနှင့် ကျန်းမာရေးကိစ္စများကို ဖြည့်ဆည်းပေးရန်လိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ညောင်တုန်းမြို့အမှတ် (၃) နှင့် အမှတ် (၄) ရပ်ကွက်ကြား (၁၂) လမ်းအနီးရှိ ညောင်တုန်းကမ်းပတ်တာတွင် ပန်းလှိုင်မြစ်ရေမြင့်တက်မှုကို တပ်မတော်သားများ၊ လူမှုရေး အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများစုပေါင်း၍ သဲအိတ်များချပြီး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုကာ ညောင်တုန်းမြို့ကမ်းပတ်တာ ကြံ့ခိုင်မှုရှိရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ကြရန်မှာကြားပြီး လုပ်အားပေးကြသည့် တပ်မတော်သားများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ အားပေးစကား ပြောကြားသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှုစဉ် ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများအတွက် မီးအိမ်များနှင့် အလှူငွေများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# လှူဒါန်းမှုများသည် တစ်ကြိမ်တည်းဖြင့် လုံလောက်ပြည့်စုံသွားမည်မဟုတ် သဘာဝဘေးဒဏ်သင့်ပြည်သူများအား ထပ်မံလှူဒါန်းနိုင်ရေးကြိုးပမ်းသွားမည်

**နေပြည်တော်  ဩဂုတ်  ၅**

၂၀၁၅ ခုနှစ် ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လများတွင် ဖြစ်ပေါ်လျက်ရှိသည့် ရေကြီးရေလျှံမှုများကြောင့် နိုင်ငံတစ်ဝန်းရှိ သဘာဝဘေးဒဏ်သင့် ပြည်သူများအတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ လှူဒါန်းငွေများနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းနှင့်အဖွဲ့ဝင်များ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် ကျော်ဦးလွင်နှင့် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရေကြီးရေလျှံသည့် ဘေးဒုက္ခအန္တရာယ်များသည် အိန္ဒိယ၊ မြန်မာ၊ တရုတ်စသည့် နိုင်ငံများရှိ နေရာဒေသများတွင် ထူးခြားစွာဖြစ်ပွားနေပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း နေရာဒေသအနှံ့ ဆင့်ကဲဆင့်ကဲ ဖြစ်ပွားနေပါကြောင်း၊ ထိုကဲ့သို့ အနေအထားများတွင် ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများကို တစ်ဦး၊ တစ်ယောက်၊ တစ်ဖွဲ့တည်းအနေဖြင့် ဆောင်ရွက်နိုင်စွမ်းမရှိဘဲ နိုင်ငံတော်အစိုးရနှင့် တပ်မတော်ကသာ အလုံးစုံလွှမ်းခြုံသည့် စီမံကွပ်ကဲမှုဖြင့် ဆောင်ရွက်နိုင်စွမ်းရှိသည့် အခြေအနေဖြစ်ပါကြောင်း၊ မိမိတို့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံသားများဖြစ်သည့်နည်းတူ သဘာဝဘေးသင့်ပြည်သူများအတွက် လှူဒါန်းလိုကြပါကြောင်း။

ထိုသို့လှူဒါန်းရာတွင် နေရာဒေသတစ်ခုတည်းကိုသာ သွားရောက်ပြီး လှူဒါန်းလျှင် တစ်နိုင်ငံလုံးအတွက် အကျိုးသက်ရောက်မှု မရှိနိုင်သည့်အပြင် နိုင်ငံရေးလူလုံးပြသည်ကဲ့သို့ ဖြစ်သွားမည်ကို စိုးရိမ်ပါကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်နေပါကြောင်း၊ ထို့ကြောင့် ရေဘေးသင့် ပြည်သူများအတွက် လွှတ်တော်ကိုယ်စားလှယ်များ အပြင် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များကလည်း လှူဒါန်းကြပါကြောင်း၊ ထိုလှူဒါန်းမှုများသည် တစ်ကြိမ်တည်းဖြင့် လုံလောက်ပြည့်စုံသွားမည်မဟုတ်သည်ကို နားလည်ပါကြောင်း၊ နောက်ပိုင်းလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း၊ ယခုဝန်ကြီးဌာန၏ဆောင်ရွက်ချက်၊ နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များသည် အဓိကပင်ဖြစ်ပါကြောင်း၊ ထိုဆောင်ရွက်ချက်များကို လေးစားအသိအမှတ်ပြုပါကြောင်း၊ အလားတူ တပ်မတော်သားများအနေဖြင့်လည်း ရေဘေးဖြစ်ပွားရာ ဒေသများ၌ ရေဘေးသင့်ပြည်သူများနှင့် ထပ်တူထပ်မျှခံစားပြီး ရေဘေးထဲမှပင် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်စောင့်ရှောက်နေကြပါကြောင်း၊ ရေကျသွားပြီး နောက်ပိုင်းတွင် ရေကောင်းရေသန့်ရရှိရေး၊ စားနပ်ရိက္ခာရရှိရေးနှင့် ပြန်လည်စိုက်ပျိုးရေး၊ နေထိုင်စရာ အဆောက်အအုံများ ပြန်လည်ပြင်ဆင်ရေး၊ လမ်းတံတားများ ပြန်လည်ပြုပြင်ရေး၊ လျှပ်စစ်မီး၊ ဆက်သွယ်ရေးစသည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ စွာကျန်ရှိနေပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နေရာ (၄) နေရာကို သဘာဝဘေးအန္တရာယ် ကျရောက်သည့် နေရာများအဖြစ် သတ်မှတ်ကြေညာခြင်းသည် သဘာဝဘေးဒဏ် အဆိုးဆုံး ခံစားနေရသည့် နေရာများဖြစ်ပါကြောင်း၊ မကြေညာထားသော်လည်း ကျန်ရှိသည့်နေရာများတွင် ရေကြီးရေမြုပ်မှုဖြစ်ပွားသည့် ဖြစ်စဉ်များရှိနေပါကြောင်း၊ ထို့ကြောင့် သဘာဝဘေးဒဏ်သင့်နေရာများရှိ ပြည်သူများအား မိမိတို့လွှတ်တော် အနေဖြင့် ထပ်မံလှူဒါန်းနိုင်ရေး ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ လှူဒါန်းငွေကျပ် ၂၃၁ သိန်းငါးသောင်းကိုလည်းကောင်း၊ ဗိုလ်မှူးချုပ်ကျော်ဦးလွင်က တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ လှူဒါန်းသည့် အလှူငွေကျပ် ၈၄ သိန်းနှင့် ဆန်အိတ် ၁၆၈ အိတ်၊ ခေါက်ဆွဲခြောက် ၁၆၈ ဖာတို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဘုန်းဆွေက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

နိုင်ငံတစ်ဝန်းရှိ သဘာဝဘေးသင့် ပြည်သူများအတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ ယနေ့ လှူဒါန်းငွေများနှင့် ပစ္စည်းများ၏ စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၃၆၃ သိန်း ရှစ်သောင်း ရှစ်ထောင့်လေးရာ ဖြစ်ကြောင်းသိရသည်။

**(သတင်းစဉ်)**



## ပြည်တွင်းရေးရာ

# ရာဇဂြိုလ်ရေလှောင်တမံတွင် ဩဂုတ်လဆန်းမှစ၍ နေ့စဉ်ရေမှတ်များ ကျဆင်းလျက်ရှိ


**နေပြည်တော်  ဩဂုတ်  ၅**

မြန်မာနိုင်ငံတစ်ဝန်းတွင် ဇွန်၊ ဇူလိုင်လများအတွင်း မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်ရှိ ရာဇဂြိုလ်ရေလှောင်တမံတွင် သတ်မှတ်ရေလှောင်ပမာဏ ကျော်လွန်ပြီး ရေပိုလွှဲများမှ ရေကျော်ကျမှုနှင့်အတူ ယင်းရေလှောင်တမံနှင့် ပတ်ဝန်းကျင်ဒေသများတွင်လည်း ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည်။

ယခုအခါ ရာဇဂြိုလ်ရေလှောင်တမံတွင် ဩဂုတ်လဆန်းမှစ၍ ရေလှောင်ပမာဏ လျော့ကျလျက်ရှိပြီး ရေပိုလွှဲမှ ရေကျော်ကျမှုမှာလည်း ယနေ့တွင် သုည ဒသမ ၄၈ လက်မသာရှိကြောင်း၊ နေ့စဉ်ရေမှတ်များလည်း ကျဆင်းလျက်ရှိကြောင်း ဆည်မြောင်းဦးစီးဌာန၏ မှတ်တမ်းများနှင့် ဂြိုဟ်တုရေဒါဓာတ်ပုံများအရ သိရသည်။

**(သတင်းစဉ်)**

ရာဇဂြိုလ်ရေလှောင်တမံ (ကလေးခရိုင်၊ ကလေးမြို့)







စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်ရှိ ရာဇဂြိုလ်ရေလှောင်တမံ အခြေအနေ ဂြိုဟ်တုရေဒါဓာတ်ပုံ။




စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်ရှိ ရာဇဂြိုလ်ရေလှောင်တမံတွင် ဇူလိုင် ၂၈ ရက်က ရေကျော်လွန်မှုနှင့် ပတ်ဝန်းကျင်ဒေသများ၌ ရေဝင်ရောက်နေမှုအခြေအနေ ဂြိုဟ်တုရေဒါဓာတ်ပုံ။

# မုန်းချောင်းရေလှောင်တမံနှင့် ကြီးအုံကြီးဝရေလှောင်တမံများ ဩဂုတ်လဆန်းမှစ၍ နေ့စဉ်ရေမှတ်များ ကျဆင်းလျက်ရှိ


**နေပြည်တော်  ဩဂုတ်  ၅**

မြန်မာနိုင်ငံတစ်ဝန်းတွင် ဇွန်၊ ဇူလိုင်လများအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်ရှိ မုန်းချောင်းရေလှောင်တမံနှင့် ပွင့်ဖြူမြို့နယ်ရှိ ကြီးအုံကြီးဝရေလှောင်တမံတို့တွင် သတ်မှတ်ရေလှောင်ပမာဏ ကျော်လွန်ပြီး ရေပိုလွှဲများမှ ရေကျော်ကျမှုနှင့်အတူ ၎င်းရေလှောင်တမံနှင့် ပတ်ဝန်းကျင်ဒေသများတွင်လည်း ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည်။


ယခုအခါ မုန်းချောင်းရေလှောင်တမံနှင့် ကြီးအုံကြီးဝရေလှောင်တမံတို့တွင် ဩဂုတ်လဆန်းမှစ၍ ရေလှောင်ပမာဏလျော့ကျလျက်ရှိပြီး ယနေ့တွင် ရေပိုလွှဲများမှ ရေကျော်ကျမှုမရှိတော့ကြောင်း၊ နေ့စဉ်ရေမှတ်များလည်း ကျဆင်း လျက်ရှိကြောင်း ဆည်မြောင်းဦးစီးဌာန၏ မှတ်တမ်းများနှင့် ဂြိုဟ်တုရေဒါဓာတ်ပုံများအရ သိရသည်။

**(သတင်းစဉ်)**

မုန်းချောင်းရေလှောင်တမံ (မင်းဘူးခရိုင်၊ စေတုတ္တရာမြို့)





ကြီးအုံကြီးဝရေလှောင်တမံ (မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့)







၂၀၁၄ ခုနှစ် ဧပြီလ ၂၈ ရက်က မုန်းချောင်း အခြေအနေ ဂြိုဟ်တုရေဒါဓာတ်ပုံ။




၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၈ ရက်က မုန်းချောင်းမှ ရေကျော်လွန်မှုနှင့် ပတ်ဝန်းကျင်ဒေသများတွင် ရေဝင်ရောက်နေမှု အခြေအနေ ဂြိုဟ်တုရေဒါဓာတ်ပုံ။

## ပြည်တွင်းရေးရာ





● **ကျောဖုံးမှ**

ဒုတိယဥက္ကဋ္ဌကြီးရေးမှူး ဦးကျော်နိုင်ဦးက ဟူးမွန်ရေလှောင်တမံ၊ ကောက်ကွေ့ရေလှောင်တမံ၊ နမ့်ကျန်ရေလှောင်တမံနှင့် မုံးရင်ရေလှောင်တမံများ၏ ပင်လယ်ရေမျက်နှာပြင်အမြင့်၊ ရေလှောင်ကန်အမြင့်၊ လက်ရှိရေအနက်၊ ရေပြည့်ရန်လိုအပ်သည့် အနက်ပေ၊ ၂၀၁၅ခုနှစ်အတွင်း ယနေ့အထိမိုးရေချိန်၊ ထင်းရှူးမြိုင်မြို့ကွက်သစ်သို့ သောက်သုံးရေပေးဝေနိုင်ရေး ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်မှု အခြေအနေ၊ ထင်းရှူးမြိုင် အိမ်ရာစီမံကိန်းမှ ချယ်ရီမြိုင် အိမ်ရာစီမံကိန်းသို့ သောက်သုံးရေ ပေးဝေနိုင်ရန် ရေပိုက်လိုင်းသွယ်တန်းမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လားရှိုးမြို့နယ် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌကြီးရေးမှူး ဦးနေလင်းက လားရှိုးမြို့အတွင်း သောက်သုံးရေပေးဝေနေမှု၊ တိုးချဲ့ရေပေးရေးလုပ်ငန်းအတွက် ဆောင်ရွက်မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတက ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး မိုးတွင်းကာလ ရေကြီးရေလျှံမှုများကြောင့် လမ်းပျက်စီးမှုများနှင့် လယ်ယာမြေပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ဒေသခံပြည်သူများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန် မှာကြားပြီး ရေလှောင်တမံအတွင်း ရေဝင်ရောက်မှုနှင့် ရေပိုလွှဲများအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတသည် လားရှိုးမြို့အမှတ်(၁၂)ရပ်ကွက်သို့ ရောက်ရှိပြီး ရပ်ကွက်အတွင်းလမ်းများအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လမ်းများပျက်စီးမှုမရှိစေရန်နှင့် ရေစီးရေလာကောင်းမွန်စေရန်အတွက် ရေနုတ်မြောင်းများအား အမြဲမပြတ်ပြုပြင်ထိန်းသိမ်းဆောင်ရွက်ကြရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။


မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် လားရှိုးမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ နေပြည်တော်သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

# ဟသ်ာတ၊ ငါးသိုင်းချောင်း၊ ဇလွန်နှင့် ဆိပ်သာမြို့နယ်များတွင် ဧရာဝတီမြစ်ရေ စိုးရိမ်ရေအမှတ်ကျော်လွန်လျက်ရှိ


နေပြည်တော် ဩဂုတ် ၅

**ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဟင်္သာတမြို့နယ်၊ ငါးသိုင်းချောင်းမြို့နယ်၊ ဇလွန်မြို့နယ်နှင့် ဆိပ်သာမြို့နယ်များ၏ ဧရာဝတီမြစ်ရေစိုးရိမ်ရေအမှတ်သည် ဇူလိုင်လကုန်ခန့်မှစ၍ နေ့စဉ်မြင့်တက်လျက်ရှိရာ စိုးရိမ်ရေအမှတ်များကို ကျော်လွန်လျက်ရှိကြောင်း ဆည်မြောင်းဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။** (သတင်းစဉ်)


**ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်၏ နေ့အလိုက်စိုးရိမ်ရေမှတ်များ**




**ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်၏ နေ့အလိုက်စိုးရိမ်ရေမှတ်များ**



**ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့နယ်၏ နေ့အလိုက်စိုးရိမ်ရေမှတ်များ**



**ဧရာဝတီတိုင်းဒေသကြီး ဆိပ်သာမြို့နယ်၏ နေ့အလိုက်စိုးရိမ်ရေမှတ်များ**



# ရခိုင်ဒေသအတွက် ကူညီထောက်ပံ့လှူဒါန်းရန် စီစဉ်ထား

**ရခိုင် ဩဂုတ် ၅**

ရခိုင်ဒေသ၌ ရေဘေး၊ လေဘေးခံစားနေရသည့် ပြည်သူများအတွက် ကူညီထောက်ပံ့နိုင်ရန် အာဇာနည်လမ်း၊ ရွှေတိဂုံအရှေ့ဘက်မုခ်အနီး ရခိုင်ပြည်နယ်မွှာရုံတွင် ရုံးခန်းဖွင့်ထားကြောင်း သိရသည်။ ဆန်တစ်အိတ်လျှင် ကျပ်နှစ်သောင်းနှုန်းဖြင့် လှူဒါန်းလိုပါက အိမ်တိုင်ရာရောက် လက်ခံပေးနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

လှူဒါန်းလိုသူများသည် ဖုန်း-၀၉-၁၀၆၈၄၈၈၈၊ ၀၉- ၁၀၆၈၅၈၈၈(ရုံး)၊ ဒေါ်ခင်စောတင့် ဖုန်း- ၀၁-၇၀၉၇၈၉၊ ဦးဖေသိန်း ဖုန်း- ၀၉-၅၁၀၇၁၀၆၄၊ ဦးထွန်းယုံစံ ဖုန်း- ၀၉-၄၃၀၁၇၀၇၃၊ ဦးစံအေး ဖုန်း- ၀၉-၄၂၀၁၅၂၅၈၃၊ ဦးရွှေဝင်း ဖုန်း- ၀၉-၅၀၅၀၂၀၀၊ ဦးစောသာမောင် ဖုန်း- ၀၉-၄၂၀၀၄၁၅၅၁၊ ဦးမောင်မောင်သန်း ဖုန်း- ၀၉-၂၅၂၆၁၁၃၁၉၊ ဦးဗျာလ ဖုန်း- ၀၉-၇၉၆၆၁၈၂၃၄ တို့သို့ ဆက်သွယ်နိုင်သည်။ **(ကြေးမုံ)**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားနည်းနေသည်။

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော် သြဂုတ် ၅**

မြန်မာနိုင်ငံတစ်ဝန်းတွင် ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၄၃ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှရေထုတ်လွှတ်လျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း၊ ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံ ၂၁ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီခြင်းမရှိသေးကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

## သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၃. ၇၀' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၀. ၇၀' |
| ၃။ | ကင်းတပ်ရေလှောင်တမံ | ၃၈၂၉၅ | ၄. ၈၀' |
| ၄။ | ပေကြီးရေလှောင်တမံ | ၈၁၀၀ | ၂. ၁၀' |
| ၅။ | လင်ပန်းရေလှောင်တမံ | ၁၀၁၈၀ | ၀. ၅၀' |
| ၆။ | ရာဇဂြိုလ်ရေလှောင်တမံ | ၅၂၀၀၀ | ၂. ၅၀' |
| ၇။ | မင်းမြင့်ရေလှောင်တမံ | ၁၉၀၁၀ | ၀. ၂၅' |
| ၈။ | ကိုးပင်ရေလှောင်တမံ | ၉၇၆၄ | ၀. ၃၀' |
| ၉။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၁. ၄၀' |
| ၁၀။ | ကျေးပင်အက်ရေလှောင်တမံ | ၄၄၀၀၀ | ၀. ၂၀' |
| ၁၁။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၂. ၅၀' |
| ၁၂။ | မြောက်ယမားရေကူ ရေလှောင်တမံ | ၁၂၂၉၀၀ | ၂. ၄၀' |
| ၁၃။ | ကန်ဒေါင့်ရေလှောင်တမံ | ၇၁၉ | ၀. ၁၀' |
| ၁၄။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၀. ၅၀' |
| ၁၅။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၁. ၁၀' |
| ၁၆။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀. ၈၀' |
| ၁၇။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၄၀' |
| ၁၈။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၁. ၁၀' |
| ၁၉။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၁. ၉၅' |
| ၂၀။ | မဒင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၅၀' |
| ၂၁။ | ဖလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၁. ၀၀' |
| ၂၂။ | ရွှေပြည်(၃)ရေလှောင်တမံ | ၃၇၀၀ | ၀. ၄၀' |
| ၂၃။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၁. ၁၅' |
| ၂၄။ | စဉ့်ကူးချောင်းဂေါင်း ရေလှောင်တမံ | ၂၂၂၉ | ၀. ၃၀' |
| ၂၅။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၁. ၄၀' |
| ၂၆။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀. ၉၀' |
| ၂၇။ | စလင်းရေလှောင်တမံ | ၁၃၃၀၀၀ | ၁. ၅၀' |
| ၂၈။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၁၀. ၄၀' |
| ၂၉။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၁. ၃၀' |
| ၃၀။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၁၁. ၆၀' |
| ၃၁။ | မဒေးရေလှောင်တမံ | ၅၃၉၀၈ | ၀. ၂၀' |
| ၃၂။ | တောင်ခင်ရန်းရေလှောင်တမံ | ၁၁၇၂၆ | ၀. ၄၀' |
| ၃၃။ | ရင်းရှည်ရေလှောင်တမံ | ၂၆၀၀ | ၀. ၂၀' |
| ၃၄။ | ပြိုင်းချောင်းရေလှောင်တမံ | ၂၅၂၀၅ | ၀. ၁၀' |
| ၃၅။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၀. ၃၀' |
| ၃၆။ | ဝါးပါးရေလှောင်တမံ | ၄၁၅၀ | ၀. ၇၅' |
| ၃၇။ | ငမိုးရိပ်ရေလှောင်တမံ | ၁၀၀၀၀၀ | ၀. ၁၀' |
| ၃၈။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၀. ၉၀' |
| ၃၉။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၀. ၈၇' |
| ၄၀။ | ကွန်ချောင်းရေလှောင်တမံ | ၉၈၄၀၀ | ၀. ၆၀' |
| ၄၁။ | မမြရေလှောင်တမံ | ၇၁၄၀၀ | ၀. ၂၀' |
| ၄၂။ | နန်ကသူရေလှောင်တမံ | ၄၀၄၈၇ | ၀. ၄၀' |
| ၄၃။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၁. ၈၀' |

## ရေပိုလွှဲမှ ရေကျော်ခြင်းမရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | လက်ရှိရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှရေကျော် ရန်လိုအပ်မှု(ပေ) |
|---|---|---|---|---|
| ၁။ | ကင်းသာရေလှောင်တမံ | ၇၂ | ၆၁ | ၁. ၆၀' |
| ၂။ | မုံချောင်းရေလှောင်တမံ | ၅၂၅ | ၄၄၀ | ၁. ၄၀' |
| ၃။ | ဆင်သေရေလှောင်တမံ | ၁၄၃၀၉၀ | ၃၄၇၂၉ | ၂၅. ၀၉' |
| ၄။ | မြို့လှ(တပ်ကုန်း)ရေလှောင်တမံ | ၁၄၆၀၀ | ၇၀၂၀ | ၁၂. ၈၀' |
| ၅။ | ရေဆင်းဆည် | ၇၃၀၀၀ | ၁၈၇၈၀ | ၂၇. ၆၅' |
| ၆။ | ပေါင်းလောင်းရေလှောင်တမံ | ၅၄၉၄၂၀ | ၅၂၆၀၈၅ | ၅. ၉၄' |
| ၇။ | ငလိုက်ဆည် | ၇၅၀၀၀ | ၄၂၇၅၀ | ၁၀. ၀၀' |
| ၈။ | တောက်ပြိုရေလှောင်တမံ | ၂၄၉၁ | ၁၆၂၈ | ၆. ၆၁' |
| ၉။ | ချောင်းမငယ်ရေလှောင်တမံ | ၉၁၇၇၀ | ၆၆၅၁၈ | ၉. ၂၅' |
| ၁၀။ | သဲဖြူရေလှောင်တမံ | ၈၇၁၈ | ၅၇၆၅ | ၅. ၈၅' |
| ၁၁။ | မဒန်းရေလှောင်တမံ | ၃၆၅၀၀ | ၁၇၀၇၄ | ၂၁. ၆၀' |
| ၁၂။ | ဖောင်းလောင်ရေလှောင်တမံ | ၁၂၂၅၇ | ၉၁၅၈ | ၅. ၀၀' |
| ၁၃။ | လှိုင်နန်းဖရေထိန်းတမံ | ၁၅၀၈ | ၁၂၄၉ | ၃. ၅၀' |
| ၁၄။ | သဖန်းဆိပ်ရေလှောင်တမံ | ၂၈၈၀၀၀၀ | ၂၇၉၇၇၇၀ | ၀. ၇၅' |
| ၁၅။ | ခပေါင်းရေလှောင်တမံ | ၈၇၈၅၇၀ | ၄၆၂၇၁၂ | ၃၅. ၄၀' |
| ၁၆။ | ကိုဒူကွဲရေလှောင်တမံ | ၁၄၈၃၆၄ | ၈၀၉၂၉ | ၁၃. ၁၀' |
| ၁၇။ | ရွှေလောင်းရေလှောင်တမံ | ၁၀၀၀၂၄ | ၃၅၅၇၄ | ၂၁. ၈၀' |
| ၁၈။ | စလူရေလှောင်တမံ | ၉၀၀၀၀ | ၄၇၈၀၀ | ၁၂. ၂၅' |
| ၁၉။ | ဆည်တော်ကြီးဆည် | ၃၆၂၈၅၀ | ၃၂၉၂၀၀ | ၄. ၇၀' |
| ၂၀။ | ကင်းတားဆည် | ၈၇၃၅၈၀ | ၁၉၀၅၃၉ | ၈၉. ၉၁' |
| ၂၁။ | ဇော်ဂျီရေလှောင်တမံ | ၅၁၇၈၆၃ | ၈၀၃၉၈ | ၆၀. ၂၀' |

## မိုင်းတုံ၌ ရေကြီးရေလျှံမှုကျဆင်း

**မိုင်းတုံ သြဂုတ် ၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းတုံမြို့နယ်၌ မိုးများသည်းထန်စွာရွာသွန်းသောကြောင့် နမ့်တုံချောင်း ရေကြီးရေလျှံမှုဖြစ်ပေါ်ကာ သြဂုတ် ၃ ရက် မွန်းတည့် ၁၂ နာရီက မိုင်းဆတ်-မိုင်းတုံ-ပုံပါ ကျင်ကားလမ်း ခြောက်မိုင်ကျေးရွာ အနီးရှိ အရှည်ပေ ၆၀၊ အကျယ် ၁၈ ပေရှိ နမ့်တုံချောင်းကူး ကွန်ကရစ်တံတားကျိုးကျ ပျက်စီးသွားသဖြင့် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခဲ့ကြောင်း သိရသည်။

နောင်ပါရင် ရပ်ကွက်ရှိ အိမ်ခြေ ၅၀၊ မြို့မရပ်ကွက်ရှိ အိမ်ခြေ ၂၀ နှင့် လယ်မြေဧက ၂၀ တို့ ရေမြုပ်၍ လူ၊ ပစ္စည်း၊ ကျွဲ၊ နွား၊ တိရစ္ဆာန်များ သေကြေပျက်စီးမှု မရှိကြောင်း၊ ညနေ ၄ နာရီခန့်တွင် ရေပြန်လည်ကျဆင်းကြောင်း၊ အဆိုပါ တံတားကျိုးကျမှုအား အမြန်ဆုံးပြုပြင်နိုင်ရေးအတွက် သြဂုတ် ၄ ရက်က မိုင်းဆတ်ခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနိုးဝေ၊ မိုင်းတုံမြို့နယ် စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်နှင့် လမ်းဦးစီးဌာနမှ တာဝန်ရှိသူတို့က သွားရောက်စစ်ဆေးဆောင်ရွက်ခဲ့ပြီး သြဂုတ် ၅ ရက်တွင် မိုးဆက်လက်ရွာသွန်းခြင်းမရှိတော့ဘဲ မြို့နယ်အတွင်း ရေလွှမ်းမိုးခဲ့သော နေရာများ၌ ရေပြန်လည်ကျဆင်းသွားပြီဖြစ်ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်**

## ရေဘေးသင့်ဒေသများသို့ အစားအသောက်၊ ဆေးဝါး၊ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများ လေကြောင်းဖြင့်ပို့ဆောင်

**နေပြည်တော် သြဂုတ် ၅**

မြန်မာနိုင်ငံတစ်ဝန်းတွင် ဇွန်၊ ဇူလိုင်လများအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုစသည့် သဘာဝဘေးအန္တရာယ်များကျရောက်ခဲ့မှုအပေါ် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၏ ဦးဆောင်စီမံမှုဖြင့် အစားအသောက်၊ ဆေးဝါးနှင့် ကယ်ဆယ်ရေး၊ ထောက်ပံ့ရေးပစ္စည်းများကို ရေဘေးသင့်ဒေသများသို့ ယနေ့တွင် လေယာဉ် ၁၁ခေါက်ဖြင့် ပို့ဆောင်ပေးခဲ့သည်။

ထိုသို့ပို့ဆောင်ရာတွင် ရန်ကုန်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တို့မှ စစ်တွေလေဆိပ်သို့ တပ်မတော်လေ Y8 လေယာဉ်ဖြင့် လေးခေါက်၊ ရွှေမြန်မာလေကြောင်းလိုင်းဖြင့် တစ်ခေါက်၊ ကမ္ဘောဇလေကြောင်းလိုင်းဖြင့် တစ်ခေါက်၊ ကလေးလေဆိပ်သို့ တပ်မတော်လေယာဉ်ဖြင့် ATR-42 ဖြင့် တစ်ခေါက်၊ မြန်မာအမျိုးသားလေကြောင်းလိုင်း (Caravan) ဖြင့် နှစ်ခေါက်၊ မြန်မာအမျိုးသားလေကြောင်းလိုင်း (ATR-72) ဖြင့် တစ်ခေါက်၊ ကမ္ဘောဇလေကြောင်းလိုင်းဖြင့် တစ်ခေါက် စုစုပေါင်း ၁၁ခေါက် ပို့ဆောင်ပေးခဲ့ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

**v ,|, mp|u|y|;a&;Ei|q n|ajrmi|;0e|u|;Xme v ,|, majrp|r|ceca&;Ei| pm&i|; t i|;O;p;Xme**
**2015 cEp| Ze|v! Zv|i|vEi| lo*|w|v t w|i|; o|;Erm;a&d u|;epjr|yr! x|c|u|y:u|p;rEi| r;py;pa q mi|;ze|z|;cr| t ajc t ae**
**2015 cEp| lo*|w| (5) &u|**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | သီးနှံစုစုပေါင်း | | | | | မိုးစပါးစုဆောင်းပြီး | | မိုးစပါးပြန်ဖြုံးပြီး | |
|---|---|---|---|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် | တင်း | ကီလို | တင်း | ကီလို |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - | - | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၀၀၀၈ | ၂၈၄၅၆ | ၁၂၂၄၈ | ၉၇၆၄ | - | ၁၇၅၀ | ၁၅၅၂ | - | ၁၃၈၀ |
| ၃။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၂၈ | ၅၉၂ | ၅၂ | - | ၅၂ | - | - | - |
| ၄။ | ချင်းပြည်နယ် | ၂၂၆၃ | ၂၀၆၃ | ၂၀၆၃ | ၈၂၆ | - | - | - | - | - |
| ၅။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၇၈၉၂၅ | ၉၀၇၅၇ | ၇၀၄၇၃ | ၅၂၁၉၆ | ၁၀၃၈ | ၄၀၈၅၀ | - | ၄၀၈၅၀ | - |
| ၆။ | ပဲခူးတိုင်းဒေသကြီး | ၃၃၃၆၂၄ | ၁၀၄၉၃၄ | ၆၈၉၈ | ၄၆၂၂ | - | ၂၂၉၇၅ | ၇၀၀၀၀ | - | - |
| ၇။ | မကွေးတိုင်းဒေသကြီး | ၈၉၀၆၅ | ၅၈၁၉၄ | ၈၆၅၂၆ | ၁၀၀၀၅ | - | ၇၅၀၀ | - | - | - |
| ၈။ | မန္တလေးတိုင်းဒေသကြီး | ၃၃၅၈ | ၃၃၅၈ | ၈၃ | ၉ | - | ၁၈၆၅၀ | - | ၁၈၆၅၀ | - |
| ၉။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၀၁၅၁ | ၃၁၆ | - | - | ၁၆၃၂၀ | - | - | - |
| ၁၀။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၂၂၆၆၃၂ | ၂၇၂၃၂၈ | ၃၀၇၃၆ | ၇၂၅ | ၁၄၅၅၀ | - | ၁၅၀၀ | - |
| ၁၁။ | ရန်ကုန်တိုင်းဒေသကြီး | ၅၈၉၅၈ | ၁၅၈၇၈ | ၆၈၄၄ | - | - | ၅၅၀၀ | - | - | - |
| ၁၂။ | ရှမ်းပြည်နယ် | ၁၁၁၃၇ | ၈၅၄၈ | ၁၃၁၂ | ၃၉၁ | ၇၄ | ၁၄၁၈၂ | ၁၀၂၆၃ | - | - |
| ၁၃။ | ဧရာဝတီတိုင်းဒေသကြီး | ၁၅၇၆၂၂ | ၆၉၄၀၆ | ၈၅၄၈ | ၄၃၉၁၅ | - | ၃၀၁၀၀ | - | - | - |
| | **စုစုပေါင်း** | **၁၁၇၀၃၇၄** | **၆၁၉၅၂၈** | **၄၇၄၃၅၇** | **၁၅၂၅၁၆** | **၁၈၃၇** | **၁၇၂၈၇၇** | **၈၁၈၁၅** | **၆၁၀၀၀** | **၁၃၈၀** |

## ကျိုင်းလပ်မြို့ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်

**တာချီလိတ် သြဂုတ် ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့ မိုင်းပါလှိုး ကျေးရွာအုပ်စုနှင့် နမ့်ခင်းကျေးရွာအုပ်စုတို့ရှိ ကျေးရွာများတွင် သြဂုတ် ၃ ရက်နှင့် ၄ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လမ်း၊ တံတားများ ပျက်စီးခြင်း၊ လူနေအိမ်များ ရေစီးတွင်မျောပါခြင်းများဖြစ်ပေါ်ခဲ့ရာ အဆိုပါ ရေဘေးသင့်ပြည်သူများအား သတင်းရသည်နှင့်တစ်ပြိုင်နက် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများက ကယ်ဆယ်ရေးလုပ်ငန်းများ ချက်ချင်းသွားရောက် ကူညီဆောင်ရွက်ပေးခဲ့သည်။

ထို့အတူ သြဂုတ် ၅ ရက် နံနက်က ကျိုင်းလပ်ဒေသရှိ ရေဘေးသင့်ပြည်သူများအတွက် ငွေတောင်ဦးကမ္ဘဌာန်းကျောင်းတိုက်၊ ဗယ်လင်တိုင်း (ကဖေးနှင့်အအေး)စားသောက်ဆိုင်နှင့် သူရိယသက်န်းတိုက်တို့တွင် အလှူခံထားရှိသည့် ရေဘေးထောက်ပံ့ပစ္စည်းများထဲမှ လိုအပ်သည့်ထောက်ပံ့ပစ္စည်းများကို မိုင်းဖုန်း(ခ)ကျေးရွာအုပ်စု၊ မယ်ခေါင်မြစ်ဘေးရှိ ဝမ်ပုံဆိပ်ကမ်းမှ တစ်ဆင့် သွားရောက်ပို့ဆောင်ထောက်ပံ့ခဲ့သည်။ **(ခရိုင်ပြန်/ဆက်)**

# တောင်ကိုရီးယားသမ္မတဟောင်း၏ ဇနီး မြောက်ကိုရီးယားနိုင်ငံသို့ ရောက်ရှိ

**ဆိုးလ်   ဩဂုတ်   ၅**

ကွယ်လွန်သူ တောင်ကိုရီးယားသမ္မတ၏ ဇနီးသည် နှစ်နိုင်ငံနယ်စပ်တွင် တင်းမာမှုများရှိနေသည့်တိုင် ယနေ့ မွန်းလွဲပိုင်းတွင် မြောက်ကိုရီးယားနိုင်ငံ ပြုံယမ်းမြို့သို့ လေးရက်ကြာ အလည်အပတ်ခရီးရောက်ရှိခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံပိုင် ကေစီအင်န်အေ သတင်းဌာနက တောင်ကိုရီးယားသမ္မတဟောင်း၏ ဇနီး လီဟီဟို သည် အဖွဲ့ဝင် ၁၈ ဦးနှင့်အတူ ပြုံယမ်းမြို့သို့ ရောက်ရှိလာခဲ့ပြီး စနေနေ့တွင် ပြန်လည် ထွက်ခွာသွားမည်ဟု ထုတ်ပြန်ကြေညာသည်။

အသက် (၉၃)နှစ်ရှိ လီဟီဟိုသည် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်၏ ရှားရှားပါးပါးခွင့်ပြုချက်ဖြင့် ပြုံယမ်းမြို့သို့ တိုက်ရိုက်လေကြောင်းခရီးဖြင့် ရောက်ရှိလာခြင်း ဖြစ်သည်။ ယာယီစစ်ပြေငြိမ်းမှုဖြင့် ပြီးဆုံးခဲ့သည့် ၁၉၅၀-၅၃ ကိုရီးယားစစ်ပွဲနောက်ပိုင်း တောင်ကိုရီးယားမှ မြောက်ကိုရီးယားသို့ တိုက်ရိုက်လေကြောင်းပျံသန်းမှုကို ပိတ်ပင်တားမြစ်ထားခဲ့သည်။

"လွန်ခဲ့တဲ့ နှစ်ပေါင်း ၇၀ လောက်က ကွဲကွာသွားကြတဲ့ ကျွန်မတို့ ကိုရီးယားနှစ်နိုင်ငံက ပြည်သူတွေရဲ့ ခံစားချက်တွေ ပြေလျော့စေဖို့ရယ်၊ ပြန်လည်ပေါင်းစည်းရေးနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ပြုလုပ်နိုင်ဖို့အတွက်ရယ် ကျွန်မ မြောက်ကိုရီးယားကို သွားရတာပါ" ဟု လီဟီဟိုက ဆိုးလ်လေဆိပ်တွင် ပြောကြားသည်။

ယခုခရီးစဉ်သည် လီဟီဟို၏ မြောက်ကိုရီးယားနိုင်ငံသို့ တတိယအကြိမ်မြောက် ခရီးစဉ်ဖြစ်သည်။ နောက်ဆုံးသွားရောက်ခဲ့သည့် ခရီးစဉ်မှာ လက်ရှိမြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်၏ ဖခင် ကင်ဂျုံအီလ် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင် ကွယ်လွန်စဉ်က လီဟီဟိုသည် ပြုံယမ်းသို့လာရောက်ကာ ဝမ်းနည်းကြောင်းပြောကြားခဲ့သည်။ **ဆင်ဟွာ။**





အိန္ဒိယနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်နေသည်ကို တွေ့ရစဉ်။

# အာရှနိုင်ငံများ ရေကြီးမှုအန္တရာယ်နှင့် ရင်ဆိုင်နေရ

**ဘင်ဂေါ   ဩဂုတ်   ၅**

မုတ်သုံရာသီစက်ဝန်းပြောင်းလဲမှုဂယက်ကြောင့် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့် အခြားသော အာရှနိုင်ငံများတွင် ရေကြီးရေလျှံမှုများဖြစ်ပွားကာ လူပေါင်းရာကျော် သေဆုံးခဲ့ရပြီး လူသန်းပေါင်းများစွာ ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိသည်။

အိန္ဒိယနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် အခြားဆက်စပ်ဖြစ်ပွားသော ဘေးအန္တရာယ်များကြောင့် လူပေါင်း ၂၀၀ ကျော်သေဆုံးခဲ့ရကြောင်း အိန္ဒိယအစိုးရ အရာရှိများက ပြောသည်။

အိန္ဒိယနိုင်ငံ အနောက်ပိုင်း ဘင်ဂေါပြည်နယ်တွင် လူထောင်ပေါင်းများစွာကို ကယ်ဆယ်ရေးစခန်းများသို့ ပို့ဆောင်ခဲ့ရသည်။ ကိုလ်ကတ္တားမြို့တွင် လူပေါင်း ၆၉ ဦး ရေကြီးရေလျှံမှုကြောင့် သေဆုံးခဲ့ရသည်။ အိန္ဒိယနိုင်ငံ၏ အခြားသောနေရာများရှိ လမ်းမများ၊ ဆည်များ၊ မြစ်ချောင်းများတွင်လည်း ရေများပြည့်လျှံလျက်ရှိသည်။

ပါကစ္စတန်နိုင်ငံ၏ နေရာအများအပြားတွင်လည်း ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိသဖြင့် ကျေးရွာပေါင်း ၂၂၇၅ ရွာမှ ဒေသခံ ၈၀၀၀၀၀ ကျော်သည် ရေဘေးအန္တရာယ်ဖြင့်ရင်ဆိုင်နေရကြောင်း ပါကစ္စတန်နိုင်ငံ အမျိုးသား ဘေးအန္တရာယ်ထိန်းချုပ်ရေး အာဏာပိုင်များက ဆိုသည်။ ရေကြီးရေလျှံမှုကြောင့် လူပေါင်း ၁၅၁ ဦး သေဆုံးခဲ့ရသည်။

ဇူလိုင် ၁၅ ရက်မှစပြီး ရေကြီးရေလျှံမှုများကြောင့် နိုင်ငံ၏အနောက်မြောက်ပိုင်း ခရိုင် ခိုင်ဘာ-ပါက်ခ်တွန်ခွာတွင် ၇၇ ဦး၊ ပန်ဂျက်ပြည်နယ်အရှေ့ပိုင်းတွင် ၃၂ ဦး၊ ကက်ရှ်မီးယားဒေသ ဟိမဝန္တာတွင် ၂၂ ဦး၊ အနောက်တောင်ဘက်ဘလူချီစတန်တွင် ၁၃ ဦးနှင့် မြောက်ပိုင်း ဂီဂျစ်-ဘယ်တီစတန်တွင် ခုနစ်ဦး သေဆုံးခဲ့သည်။

နိုင်ငံအတွင်း ရေကြီးရေလျှံမှုကြောင့် လူပေါင်းတစ်သန်းကျော် ဘေးဒုက္ခရောက်ကြရသည်။

ပါကစ္စတန်စစ်ဘက်နှင့် အရပ်ဘက်အဖွဲ့အစည်းများမှ ကယ်ဆယ်ရေးလုပ်သားများက ရေဘေးသင့်ပြည်သူများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ပြီး ထောက်ပံ့ရေးပစ္စည်းများကိုလည်း ပေးလျက်ရှိသည်။

တရုတ်နိုင်ငံအလယ်ပိုင်း ရှီအန်းမြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိသည်။ ဩဂုတ် ၄ ရက်က တရုတ်ခရီးသွား ကိုးဦး ရေစီးနှင့်အတူ မျောပါသွားကာ သေဆုံးခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြခဲ့သည်။

ကယ်ဆယ်ရေးလုပ်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် တပ်မတော်သားများက ရေမျောပါသူများကို လိုက်လံရှာဖွေရာ ရေနှင့်မျောပါသေဆုံးသွားသူ ရှစ်ဦး၏အလောင်းများကို ပြန်လည်ဆယ်ယူနိုင်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ။**

# အိန္ဒိယနိုင်ငံ အလယ်ပိုင်း၌ ရထားနှစ်စင်း မတော်တဆမှုဖြစ်ပွား ခရီးသည် ၂၉ ဦးထက်မနည်း သေဆုံး



**နယူးဒေလီ   ဩဂုတ်   ၅**

အိန္ဒိယနိုင်ငံအလယ်ပိုင်း မာဒရာပရာဒေ့ရှ်ပြည်နယ်၌ ဩဂုတ် ၄ ရက် ညသန်းခေါင်ယံဝန်းကျင်က မြစ်ကူးတံတားတစ်စင်းပေါ်၌ အမြန်ရထားနှစ်စင်း လမ်းချော်မှုဖြစ်ပွားရာ ခရီးသည် ၃၁ ဦးထက်မနည်း သေဆုံးပြီး ၇၂ ဦး ဒဏ်ရာရရှိကြောင်း အိန္ဒိယရထားလုပ်ငန်းတာဝန်ရှိသူများက ယနေ့ပြောကြားသည်။

အဆိုပါပြည်နယ်ရှိ ဟာဒါးမြို့မှ ကီလိုမီတာ ၂၀ ခန့်အကွာ မြစ်ကူးတံတားတစ်စင်းပေါ်သို့ မိနစ်အနည်းငယ်စီခြား၍ ဖြတ်သန်းမောင်းနှင်သော အမြန်ရထားနှစ်စင်း လမ်းချော်တိမ်းမှောက်ခဲ့သည်။ ကာမာယာနီ အမြန်ရထားမှ ရထားတွဲငါးတွဲ လမ်းချော်ကာ မြစ်အတွင်းသို့ ထိုးကျသွားခဲ့ကြောင်း၊ ရထားတွဲ တစ်တွဲလျှင် ထိုင်ခုံ ၃၇၂ ခုံပါရှိကြောင်း သတင်းတွင် ဖော်ပြသည်။

မွမ်ဘိုင်းမြို့မှ အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရာပရာဒေ့ရှ်ပြည်နယ်ရှိ ဗာရာဏသီမြို့သို့ ခုတ်မောင်းလာသည့် ကာမာယာနီ အမြန်ရထားသည် မြစ်ရေကြီးနေသော မာချတ်မြစ်၏ မြစ်ကူးတံတားကို ဖြတ်သန်းစဉ် လမ်းချော်ခြင်းဖြစ်သည်။ ယင်းဖြစ်ရပ်အပြီး မိနစ်ပိုင်းအတွင်းမှာပင် အဆိုပါတံတားကို ဖြတ်သန်းသော ဂျနာတာအမြန်ရထားလိုင်း၏ ခရီးသည်တင် ရထားတစ်စင်းမှာ တွဲငါးတွဲ လမ်းချော်မှု ထပ်မံဖြစ်ပွားခဲ့သည်။ ယင်းရထားသည် မွမ်ဘိုင်းမြို့သို့ ဦးတည်သွားရောက်လျက်ရှိသည်။

ရထားမတော်တဆမှုများနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိသည်။

**ဆင်ဟွာ၊ ပီတီအိုင်။**

# တရုတ်နိုင်ငံ၌ အွန်လိုင်းပေါ် ဥပဒေချိုးဖောက်မှု မရှိစေရေး ကွန်ပျူတာကွန်ရက်လုံခြုံရေးအရာရှိများထားရှိမည်

**ရှန်ဟိုင်း   ဩဂုတ်   ၅**

တရုတ်နိုင်ငံသည် အင်တာနက်အွန်လိုင်းပေါ် ဥပဒေချိုးဖောက်သည့် လုပ်ဆောင်ချက်များရှိပါက ချက်ချင်းအရေးယူတုံ့ပြန်နိုင်စေရန် အင်တာနက်ကုမ္ပဏီကြီးများနှင့် ဝက်ဘ်ဆိုက်များအတွက် ကွန်ပျူတာကွန်ရက်လုံခြုံရေးအရာရှိများ ထားရှိမည်ဖြစ်ကြောင်း ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနက ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

အင်တာနက်အွန်လိုင်း လုံခြုံရေးအတွက် ရဲတပ်ဖွဲ့က တာဝန်ယူမည်ဖြစ်ပြီး အင်တာနက် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များနှင့် ပိုမိုပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ချန်ကျီမင်းက ပေကျင်း၌ ဩဂုတ် ၄ ရက်က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

တရုတ်နိုင်ငံ၌ မကြာသေးမီနှစ်များအတွင်း မလျော်မကန် အင်တာနက်အသုံးပြုမှုများကိုကာကွယ်ရန် အာဏာပိုင်များက ဆောင်ရွက်ခဲ့ကြသည်။ အာဏာပိုင်များသည် ကာမရာဂနှိုးဆော်မှုများ၊ လိမ်လည်မှုများ၊ ကောလာဟလထုတ်လွှင့်မှုများ၊ နိုင်ငံရေးအရ လှုံ့ဆော်မှုများ စသည်တို့နှင့် သက်ဆိုင်နေသည့် အကြောင်းခြင်းရာများကို ချက်ချင်းဖယ်ရှားခြင်းမပြုခဲ့သည့် ဆိုရှယ်မီဒီယာကုမ္ပဏီများကို ပြင်းထန်စွာသတိပေးမှုများ ပြုလုပ်ခဲ့သည်။ **ဆင်ဟွာ။**

# ရေဘေးသင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပမှ အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်း

**ရန်ကုန် ဩဂုတ် ၅**

ရေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း ပြည်ပမှ အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ကျိုက်ဝိုင်းဘုရားလမ်းရှိ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဧည့်ခန်းမ၌ကျင်းပသည်။



ဂျပန်နိုင်ငံအစိုးရကိုယ်စား ဂျပန်သံအမတ်ကြီး ပေးအပ်လှူဒါန်းစဉ်။

အခမ်းအနားတွင် အလှူရှင်များဖြစ်ကြသော SPA၊ FMI၊ YSH ကုမ္ပဏီအုပ်စုမှ ကျပ်သိန်းတစ်ထောင်တန် ချက်လက်မှတ်တစ်စောင်၊ ဗီယက်နမ်နိုင်ငံ (BIDV-Bank for Investment and Development of Vietnam JSC) က အမေရိကန်ဒေါ်လာ ၂၀၀၀၀ တန်ဖိုးရှိ သောက်ရေသန့်၊ ခေါက်ဆွဲခြောက်၊ ဆေးဝါးများ၊ ဂျပန်နိုင်ငံအစိုးရကိုယ်စား ဂျပန်သံအမတ်ကြီးက အမေရိကန်ဒေါ်လာ ၁၅၀၀၀၀ တန်ဖိုးရှိ စောင်အထည် ၆၀၀၀၊ အိပ်ရာခင်း ၁၀၀၀၀၊ ပလတ်စတစ်ခင်း ၉၀၊ ဦးမောင်မောင်ဝင်း-ဒေါ်စန်းစန်းအေး ချမ်းသာကြီး အသေးစားငွေချေးလုပ်ငန်းက ငွေကျပ်သိန်း ၃၀၊ ဦးပေါ်ဆန်း ကြေးအိုးကြီး ဆောက်လုပ်ရေးကုမ္ပဏီက ငွေကျပ်သိန်း ၃၀၊ အထက(၈)လှိုင်သာယာ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ဝန်ထမ်းများက ငွေကျပ် ၃၀၃၀၀၀၊ Infinity Model's Agency ပရဟိတအဖွဲ့က ငွေကျပ် သုံးသိန်းနှင့် ဆန် ငါးအိတ်၊ ငွေကျပ်နှစ်သိန်းတန်ဖိုးရှိ အဝတ်အထည်ပစ္စည်းများ၊ ဦးအောင်မင်းဟန်-ဒေါ်ခင်လှမြင့် (စာရေးဆရာမ မခင်မေခ)မိသားစုက ငွေကျပ် နှစ်သိန်း၊ ဦးလှအောင်-ဒေါ်ထွေးထွေးမိသားစု စံပြရပ်ကွက် မင်္ဂလာတောင်ညွန့်က ငွေကျပ်နှစ်သိန်း၊ ဒုတိယဗိုလ်မှူးကြီး ချစ်ဆွေ(ငြိမ်း)သန်လျင်မြို့နယ်က ငွေကျပ်နှစ်သိန်းနှင့် ကျပ်ငါးထောင်တန်ဖိုးရှိ အဝတ်အထည်များ၊ ဒုတိယဗိုလ်မှူးကြီးမိုးကျော်-ဒေါက်တာသန်းသန်းထိုက် မိသားစု ကျောက်မြောင်းဈေးလမ်းက ငွေကျပ် ၁၇၀၀၀၀၊ ဦးသောင်းတင်၊ ဒေါ်ခင်ရီ ရွှေဘုံသာလမ်း (အလယ်)ပန်းဆိုးတန်းက ငွေကျပ်တစ်သိန်း၊ ဦးသိန်းအောင်၊ ဒေါ်လှမြင့်၊ ဦးကျော်ကျော်ဦး-ဒေါ်မိုးမိုးအောင်၊ ဒေါ်ဆွေဆွေအောင် ကမ္ဘာအေးဘုရားလမ်းက ငွေကျပ် ၇၅၀၀၀၊ ဦးတင်ရွှေ-ဒေါ်လှမြင့် မိသားစု ဗဟိုလမ်း (၂)ရပ်ကွက် မရမ်းကုန်းက ငွေကျပ် ၁၂၀၀၀၀ တန်ဖိုးရှိ ငါးခြောက်ကြော် ခြောက်ပုံးနှင့် အဝတ်အထည်များ၊ ငွေကျပ် ၂၀၀၀၀၊ အထက(၂)စမ်းချောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက တန်ဖိုး ငွေကျပ် ၆၉၂၀၀၀၀ ရှိ ရေသန့်နှင့် ဆန်အိတ် ၂၀၀၊ ဒေါ်လွင်လွင်ဌေး မိသားစု အလုံမြို့နယ်က ငွေကျပ် ၃၀၀၀၀ တန်ဖိုးရှိ အသုံးအဆောင်ပစ္စည်းများ၊ ဒေါက်တာအေးကို ပါမောက္ခချုပ်(ငြိမ်း) မြစ်ကြီးနားတက္ကသိုလ်-ဒေါ်စိန်မေဦးက ငွေကျပ် ၂၈၀၃၅၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်နှင့် တိုင်းဒေသကြီးဦးစီးမှူးတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။



ဗီယက်နမ်နိုင်ငံ (BIDV-Bank for Investment and Development of Vietnam JSC)က ပေးအပ်လှူဒါန်းစဉ်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မင်္ဂလာဒုံတပ်မတော်လေတပ်ဌာနချုပ် စခန်းတွင် ရေဘေးရှောင်ပြည်သူများအတွက် ပေးပို့လှူဒါန်းထားသည့် အလှူပစ္စည်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ဒုတိယဝန်ကြီးသည် ဩဂုတ် ၄ ရက် မွန်းလွဲပိုင်းတွင်လည်း သန်လျင်မြို့ရှိ သန်လျင်လူငယ်သင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ **(သတင်းစဉ်)**

# ကမ္ဘောဇအုပ်စုအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း မြောက်ဦးဒေသသို့ ရေဘေးကယ်ဆယ်ရေးပစ္စည်းများ ပေးပို့လှူဒါန်း

**နေပြည်တော် ဩဂုတ် ၅**

ကမ္ဘောဇဘဏ်လီမိတက်(ကမ္ဘောဇအုပ်စုအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း)နာယက ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း ဦးဆောင်၍ စီးပွားရေးလုပ်ငန်းရှင်များ၊ အနုပညာရှင်များ ပါဝင်သောအဖွဲ့သည် ရခိုင်ပြည်နယ် မြောက်ဦးဒေသရှိ ရေဘေးသင့်ပြည်သူများအတွက် ဆန်၊ ဆီ၊ ဆား၊ ခေါက်ဆွဲခြောက်များ၊ ငါးသေတ္တာများ၊ သောက်ရေသန့်ဘူးများ၊ အသုံးအဆောင်နှင့် အဝတ်အထည်များ၊ ဆေးပစ္စည်းများ၊ အသက်ကယ်အင်္ကျီများနှင့် အခြားကယ်ဆယ်ရေးပစ္စည်းများကို Air KBZ အထူးလေယာဉ်ဖြင့်တင်ဆောင်ပြီး ဩဂုတ် ၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ စစ်တွေမြို့သို့ ရောက်ရှိကာ စစ်တွေမြို့မှတစ်ဆင့် တပ်မတော်ရဟတ်ယာဉ်များဖြင့် မြောက်ဦးမြို့သို့ ဆက်လက်ထွက်ခွာကြသည်။ ယင်းနောက် မြောက်ဦးမြို့ အလိုတော်ပြည့်ကျောင်းတိုက်၌ အလိုတော်ပြည့်ဆရာတော်ကြီး ရှေ့မှောက်တွင် မြောက်ဦးဒေသရှိ ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ပစ္စည်းများနှင့် ငွေကျပ် သိန်း ၆၀၀ ကို ပေးအပ်လှူဒါန်းသည်။

အထက်ပါခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါလာကြသော ဧရာဝတီဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးဇော်ဇော်၊ အောင်မြင်သူကုမ္ပဏီဥက္ကဋ္ဌ ဦးလှမျိုး၊ ဧရာဟသာကုမ္ပဏီဥက္ကဋ္ဌ ဦးဇော်ဝင်းရှိန်၊ ဝမင်းကုမ္ပဏီဥက္ကဋ္ဌ ဦးခွန်နောင်မြင့်ဝေ၊ ဒုတိယဥက္ကဋ္ဌ ဦးလွင်မိုး၊ စိုင်းစည်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာစိုင်းစည်တွမ်ခမ်းနှင့် အနုပညာရှင်များကလည်း မြောက်ဦးဒေသ ရေဘေးသင့်ပြည်သူများအတွက် အလှူပစ္စည်းများနှင့် အလှူငွေများကို ပါဝင်လှူဒါန်းခဲ့ကြသည်။

ရခိုင်ပြည်နယ်တွင် ရေကြီးရေလျှံ စတင်ဖြစ်ပေါ်သည့်အချိန်မှစ၍ ကမ္ဘောဇဘဏ်လီမိတက်(ကမ္ဘောဇအုပ်စုအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း)မှ ငွေကျပ်သိန်း ၆၀၀၀ ကျော်တန်ဖိုးရှိ ဆန်၊ ဆီ၊ ဆား အပါအဝင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ပစ္စည်းများကို Air KBZ အထူးလေယာဉ်များ၊ တပ်မတော်လေယာဉ်နှင့် ရဟတ်ယာဉ်များ၊ ရေယာဉ်များဖြင့် ဆက်တိုက် အခမဲ့ ပို့ဆောင်ပေးခဲ့သည်။ ထို့ပြင် အထက်ပါခရီးစဉ်တွင် ရခိုင်ပြည်နယ် ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် ကမ္ဘောဇဘဏ်လီမိတက် (ကမ္ဘောဇအုပ်စုအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း)မှ ဘိလပ်မြေ အိတ် ၆၀၀၀ နှင့် အိမ်မိုးသွပ် အချပ်ရေ ၆၀၀၀ ကိုလည်း ပေးအပ်လှူဒါန်းခဲ့သည်။

ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း ဦးဆောင်သော ကမ္ဘောဇဘဏ်လီမိတက် (ကမ္ဘောဇအုပ်စုအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း)အဖွဲ့ဝင်များသည် ဩဂုတ် ၄ ရက်ကလည်း စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ Air KBZ အထူးလေယာဉ်ဖြင့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ သယ်ဆောင်၍ သွားရောက်လှူဒါန်းခဲ့သည်။ ဆက်လက်၍ တပ်မတော်ရဟတ်ယာဉ်များဖြင့် ဆန်၊ ဆီ၊ ဆား အပါအဝင် ကယ်ဆယ်ရေးပစ္စည်းများကို သယ်ဆောင်၍ ချင်းပြည်နယ် ဟားခါးမြို့သို့ သွားရောက်ပြီး ရေဘေးသင့်ပြည်သူများအား လှူဒါန်းခဲ့သည်။

အနယ်နယ်အရပ်ရပ်မှ အလှူရှင်များက ရေဘေးသင့်ပြည်သူများအတွက် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် ကမ္ဘောဇဘဏ်လီမိတက် (ကမ္ဘောဇအုပ်စုအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း)သို့ ပါဝင်ပေးပို့လှူဒါန်းကြသော ကယ်ဆယ်ရေးပစ္စည်းများအား ဩဂုတ် ၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နှင့် ချင်းပြည်နယ် ဟားခါးဒေသများသို့လည်းကောင်း၊ ဩဂုတ် ၅ ရက်တွင် ရခိုင်ပြည်နယ် စစ်တွေနှင့် မြောက်ဦးဒေသများသို့လည်းကောင်း Air KBZ အထူးလေယာဉ်များ၊ တပ်မတော်လေယာဉ်နှင့် ရဟတ်ယာဉ်များ၊ ရေယာဉ်များဖြင့် ကမ္ဘောဇဘဏ်လီမိတက် (ကမ္ဘောဇအုပ်စုအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း)နာယက ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း ကိုယ်တိုင်ဦးစီးသောအဖွဲ့မှ သက်ဆိုင်ရာဒေသအသီးသီးရှိ ရေဘေးသင့်ပြည်သူများ လက်ဝယ်သို့ အလေအလွင့် ဆုံးရှုံးပျောက်ရှမှုမရှိဘဲ စနစ်တကျ ပေးပို့လှူဒါန်းခဲ့သည်။

အထက်ပါ ကူညီကယ်ဆယ်ရေးဆိုင်ရာပစ္စည်းများ လှူဒါန်းခြင်း၊ သယ်ယူပို့ဆောင်ပေးခြင်း၊ လိုအပ်သည်များ ဆောင်ရွက်ပေးခြင်းတို့အပြင် ကမ္ဘောဇဘဏ်လီမိတက် (ကမ္ဘောဇအုပ်စု အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း)မှ ယနေ့အထိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေ စုစုပေါင်း ငွေသားကျပ် သိန်း ၂၀၀၀၀ ကျော် လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဆက်လက်၍လည်း ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ပူးပေါင်း လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

❖ ❖ ❖

# ရေဘေးသင့်ပြည်သူများအား ရွှေ့လျားရေသန့်စက်ဖြင့် ရေသန့်များဖြန့်ဝေ

**နေပြည်တော် ဩဂုတ် ၅**

မြန်မာနိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီး/ပြည်နယ်များတွင် ဇွန်လနှင့် ဇူလိုင်လအတွင်း လေပြင်းတိုက်ခတ်ခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားခဲ့ရာ မွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် အရေးပေါ်ကယ်ဆယ်ထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် စစ်ကိုင်းတိုင်းဒေသကြီး အတွင်း သဘာဝဘေးအန္တရာယ်ဖြစ်ပွားသောဒေသများတွင် သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ Meta Water Co.,Ltd. (Japan)နှင့် Trendy Myanmar Co.,Ltd. တို့ ပူးပေါင်း၍ တစ်ရက်လျှင် ရေ ၇၂၀၀ လီတာထိ သန့်စင်ထုတ်လုပ်ပေးနိုင်သော ရွှေ့လျားရေသန့်စက်ဖြင့် မုံရွာမြို့နယ် ခင်မွန်ကျေးရွာ၊ စစ်ကိုင်းမြို့နယ်အတွင်းရှိ ကျီကုန်း၊ ဘုမ္မနိုး၊ တောပု၊ နတ်ကြီးကျွန်း၊ ချမ်းသာကျွန်းကျေးရွာအုပ်စုများရှိ ကျေးရွာများသို့ သောက်သုံးရေသန့်များ ပေးဝေလျက်ရှိပြီး အခြားရေဘေးသင့်ဒေသများသို့လည်း ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

# ဓနုဖြူမြို့တွင် ဧရာဝတီမြစ်ရေကျဆင်း

**မအူပင် ဩဂုတ် ၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့၏မြစ်ရေသည် ဩဂုတ် ၄ ရက် နံနက် ၉ နာရီတွင် တမြွားကျေးရွာတွင် ဆည်ရေပေါက်ခဲ့သဖြင့် ရပ်ကွက် (၁၊၈၊၁၅၊၁၆)ပေါင်း လေးရပ်ကွက်နှင့် တမြွားကျေးရွာ၊ ကျွန်းလေးရွာများသို့ ရေဝင်ရောက်ခဲ့ရာ ဆည်မြောင်းဦးစီးဌာနနှင့် တာဝန်ရှိသူများက ရေပေါက်ဖာခြင်း ဆောင်ရွက်လျက်ရှိသည်။

ဓနုဖြူမြို့နယ်တွင် ယနေ့ နံနက် ၈ နာရီခွဲမှစ၍ မွန်းလွဲ ၁ နာရီခွဲအထိ တိုင်းတာချက်များအရ ရေပြန်လည်ကျဆင်းလျက်ရှိကြောင်းနှင့် မွန်းလွဲ ၂ နာရီခွဲတွင် ရေအမှတ်မှာ ၃၁ ဒသမ ၁ ပေဖြင့် ရပ်တန့်လျက်ရှိကြောင်း၊ (၂)ရပ်ကွက်ထိပ်တွင်လည်း ရေဝင်ရောက်မှုမရှိစေရန် တုတ်ရိုက်ခြင်း၊ သဲအိတ်ချခြင်းများ ဆောင်ရွက်ထားပြီးဖြစ်သည်။

ထို့ပြင် ဓနုဖြူမြို့ရှိ မရမ်းချောင်းတာအား အတွင်းဘက်မှ ရေဝင်ရောက်မှုမရှိစေရေးအတွက် တုတ်ရိုက်၍ သဲအိတ်များချထားပြီးဖြစ်ကြောင်း၊ တမြွားကျေးရွာရှိ ကျွန်းလေးတံတားသည်လည်း ရေမြုပ်ခဲ့ရာမှ ပြန်လည် ပေါ်လာခဲ့ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဓနုဖြူမြို့သို့ ရောက်ရှိပြီး ဆန်၊ ဆီများ လှူဒါန်းခဲ့ကြောင်းနှင့် သမဝါယမဘဏ်မှလည်း တန်ဖိုးငွေကျပ် သိန်း ၂၀ ခန့်ရှိ ဆန်နှင့်ဆီများလှူဒါန်းခဲ့ကြောင်း သိရသည်။

**(မအူပင်မြန်/ဆက်)**

# Farmer ငွေလဲကောင်တာလုယက်မှုတွင် အရိုက်ခံရသည့်ဝန်ထမ်း ဦးခေါင်းရှစ်ချက်ချုပ်ရ

**ရန်ကုန် ဩဂုတ် ၅**

လမ်းမတော်မြို့နယ် ပြည်လမ်းပေါ်ရှိ Farmer ငွေလဲကောင်တာလုယက်မှုတွင် အရိုက်ခံရသည့် ဝန်ထမ်းအမျိုးသားမှာ ဦးခေါင်း ရှစ်ချက်ချုပ်ရကြောင်း လမ်းမတော်စခန်းမှူးက ပြောသည်။

"ဆေးရုံက ဩဂုတ် ၄ ရက်ကတည်းက ဆင်းသွားပါပြီ။ ခေါင်းကိုတော့ရှစ်ချက်ချုပ်ရတယ်။ ကျွန်တော်တို့အနေနဲ့ ကျူးလွန်သူတွေကို အမြန်ဆုံးဖမ်းဆီးနိုင်ဖို့ ဆက်လက်ဆောင်ရွက်နေပါတယ်။ အခုထက်ထိ ငွေလဲကောင်တာပိုင်ရှင် ဘယ်သူဆိုတာကိုလည်း မသိရသေးပါဘူး"ဟု လမ်းမတော်စခန်းမှူး ဒုရဲမှူးမြင့်ဖေက ပြောသည်။

ဖြစ်စဉ်မှာ လမ်းမတော်မြို့နယ် ပြည်လမ်းပေါ်ရှိ Farmer Money Changer ဆိုင်အတွင်း ဩဂုတ် ၃ ရက် ည ၈ နာရီခန့်က လူလေးဦးဝင်ရောက်လာပြီး ဆိုင်မှ ငွေသိမ်းတာဝန်ခံဖြစ်သူ အောင်ကျော်မိုးအား ဝိုင်းဝန်းရိုက်နှက်၍ ငွေကျပ် သိန်း ၃၅၀ ခန့်ပါ အထုပ်အား လုယူကာ ယာဉ်အမှတ် 3H /..... Alphard အမျိုးအစား အဖြူရောင်ယာဉ်ဖြင့် မောင်းနှင် ထွက်ပြေးသွားကြောင်း သိရသည်။

**(၀၀၄)**

❏

သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး



## သဘာဝဘေးသင့်ပြည်သူများအတွက် မစ္စ ရန်ဟီလီ အလှူငွေများလှူဒါန်း

**ရန်ကုန် ဩဂုတ် ၅**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ရန်ဟီလီသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့သို့ရောက်ရှိ၍ ဒေသဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ကြောင်းသိရသည်။

ထို့နောက် မစ္စ ရန်ဟီလီသည် လက်ပံတန်းမြို့သို့ ရောက်ရှိ၍ အောင်မြေဗိမာန်ကျောင်းတိုက်အတွင်း ကြည့်ရှုလေ့လာကာ သာယာဝတီအကျဉ်းထောင်သို့ သွားရောက်ခဲ့ပြီး အကျဉ်းထောင်တာဝန်ရှိသူများနှင့် အကျဉ်းသူအကျဉ်းသားများကို တွေ့ဆုံခဲ့သည်။

မွန်းလွဲပိုင်းတွင် မစ္စ ရန်ဟီလီသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းနှင့်လည်းကောင်း၊ ရခိုင်ပြည်နယ် ပြည်နယ်အဆင့်အရေးပေါ်ပေါင်းစပ်ညှိနှိုင်းရေးစင်တာမှ တာဝန်ရှိသူများ၊ ရခိုင်တိုင်းရင်းသားမြို့မိမြို့ဖများနှင့် လည်းကောင်းတွေ့ဆုံပြီး ရခိုင်ပြည်နယ်၏လက်ရှိ ဖြစ်ပေါ်နေသည့်အခြေအနေများနှင့်ပတ်သက်၍ဆွေးနွေးခဲ့သည်။

ညနေပိုင်းတွင် မစ္စ ရန်ဟီလီနှင့်အဖွဲ့သည် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတွင် အသင်းတာဝန်ရှိသူများနှင့် တွေ့ဆုံပြီး သဘာဝဘေးသင့်ပြည်သူများအတွက် မစ္စရန်ဟီလီနှင့်အဖွဲ့က တစ်ဦးချင်း အလှူငွေများပေးအပ်ခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

**(သတင်းစဉ်)**

## ရန်ကုန်အရှေ့ပိုင်းနှင့် အနောက်ပိုင်းခရိုင် ဥပဒေရုံးအဆောက်အအုံသစ်များဖွင့်

**ရန်ကုန် ဩဂုတ် ၅**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဥပဒေရုံးနှင့် ရန်ကုန်အနောက်ပိုင်းခရိုင် ဥပဒေရုံးအဆောက်အအုံသစ်များ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ အဆောက်အအုံသစ်များရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ သာကေတမြို့နယ် (ဒေါပုံမြို့နယ်၊ စည်ပင်နယ်မြေ)၊ မင်းနန္ဒာလမ်းရှိ အရှေ့ပိုင်းခရိုင် ဥပဒေရုံး အဆောက်အအုံသစ်ဖွင့်ပွဲကို နံနက် ၉နာရီတွင် လည်းကောင်း၊ လမ်းမတော်မြို့နယ် ခရေပင်လမ်းရှိ အနောက်ပိုင်းခရိုင်ဥပဒေရုံးအဆောက်အအုံသစ်ဖွင့်ပွဲကို နံနက် ၁၀ နာရီတွင် လည်းကောင်း ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ဦးကျော်မိုးနိုင်၊ ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ် ဦးမြင့်အောင်တို့က ခရိုင်ဥပဒေရုံး အဆောက်အအုံသစ်များကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေတို့က အဆောက်အအုံသစ် ဆိုင်းဘုတ်နှင့် မင်္ဂလာကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အဆိုပါခရိုင်ဥပဒေရုံးသစ်များဖွင့်လှစ်ပွဲအခမ်းအနားတွင် ရုံးသစ်များ ဖွင့်ပွဲအထိမ်းအမှတ် ကံ့ကော်ပင်များ စိုက်ပျိုးကြသည်။ အဆိုပါ ဥပဒေရုံးသစ်အဆောက်အအုံပုံစံကို အပြည်ပြည်ဆိုင်ရာမှ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုင်ရာတို့နှင့် ဆက်နွှယ်သောရုံးအဆောက်အအုံပုံစံများအားလေ့လာ၍ ပုံစံထုတ်ကာ ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဥပဒေရုံးသစ်ကို တွေ့ရစဉ်။



## မြန်မာနှင့်အမေရိကန်ကုမ္ပဏီတို့ပူးပေါင်း၍ ရာသီဥတုနှင့်ပတ်သက်သော စောင့်ကြည့်ခန့်မှန်းသတိပေးခြင်းစနစ်များ အသုံးပြုသွားမည်

**ရန်ကုန် ဩဂုတ် ၅**

ယနေ့ ကမ္ဘာတစ်ဝန်းတွင် မိုးကြိုးပစ်ခြင်း၊ မုန်တိုင်းကျရောက်ခြင်း၊ မြေပြိုခြင်း၊ ရေကြီးခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း စသည့် သဘာဝဘေးအန္တရာယ်တို့ကို ကြုံတွေ့နေရလျက်ရှိသည်။

အဆိုပါ ရာသီဥတုဆိုးရွားနိုင်ခြေများကို ထောက်လှမ်းခြင်းနှင့် ရာသီဥတုဆိုင်ရာ သတိပေးမှုစနစ်အား ဝန်ဆောင်မှုပေးသည့် အမေရိကန်အခြေစိုက်Earth Networks ကုမ္ပဏီနှင့် မြန်မာနိုင်ငံမှ Lucky Bird Group တို့ပူးပေါင်း၍ ရာသီဥတုအခြေအနေများကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန် Real-Time Lightening Detection Sensor များအား မြန်မာပြည်အနှံ့ ဖြန့်ကြက်တပ်ဆင်သွားမည်ဖြစ်ကြောင်း ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည့် အခမ်းအနားမှ သိရသည်။

အရေးပါသည့် ရာသီဥတုအခြေအနေအား စောင့်ကြည့်ခြင်း၊ ခန့်မှန်းခြင်းနှင့် သတိပေးချက်ပေးပို့ခြင်း ဝန်ဆောင်မှုများကိုလည်း Analytical Tool များနှင့် အချက်အလက်များမှတစ်ဆင့် ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သတိပေးစနစ်ကိုအချိန်နှင့်တစ်ပြေးညီ သိရှိနိုင်သော ရာသီဥတုလေ့လာချက်များ၊ ကြိုတင်ခန့်မှန်းချက်များ၊ Proxy Weather Radar အား အသုံးပြုပြီး အများပြည်သူ လုံခြုံရေးကင်းမှုကိစ္စများ၊ အရေးပေါ်အခြေအနေ အကူအညီပေးရေးအဖွဲ့အစည်းများ၊ လေယာဉ်ဆိုင်ရာလုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အား ဝန်ဆောင်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် အခြားရာသီဥတုပြင်းထန်မှုဖြစ်ခြင်းကြောင့် ထိခိုက်မှုရှိနိုင်သော လုပ်ငန်းများအတွက် ကြိုတင်ကာကွယ်မှုဖြင့် အသုံးပြုနိုင်မည်ဖြစ်ကြောင်း Lucky Bird Group of Companies ၏ ဥက္ကဋ္ဌ ဦးထင်အောင်ခိုင်က ပြောသည်။

“စိုက်ပျိုးရေးလုပ်ငန်းအနေနဲ့ အခြားလုပ်ငန်းတွေအတွက်လည်း မြန်မာနိုင်ငံရဲ့ မိုးဘိုင်းအော်ပရေတာတွေကတစ်ဆင့် ရာသီဥတုနဲ့ သက်ဆိုင်တဲ့ အချက်အလက်တွေကို မိုဘိုင်းဖုန်းတွေကတစ်ဆင့် မက်ဆေ့ချ်ပေးပို့နိုင်ဖို့အတွက်လည်း စီစဉ်နေပါတယ်။ ဒါ့အပြင် လုပ်ငန်းအမျိုးအစားတွေပေါ်မူတည်ပြီး လိုအပ်တဲ့ ဝန်ဆောင်မှုပေးသွားမှာပါ။ မိုးလေဝသဌာနကိုတော့ အဆင့်မြင့် နည်းပညာတွေနဲ့ တိကျတဲ့အချက်အလက်တွေ ရရှိအောင် ပံ့ပိုးပေးသွားမှာ ဖြစ်ပါတယ်။ တစ်နိုင်ငံလုံးပျံ့နှံ့ဖို့ကတော့ တယ်လီနော အော်ပရေတာတွေနဲ့ ပူးပေါင်းလုပ်ဆောင်သွားဖို့ အစီအစဉ်ရှိပါတယ်။ လူတိုင်းသုံးစွဲနိုင်တဲ့အနေအထားအထိရောက်အောင် ဆောင်ရွက်သွားမှာပါ”ဟု Lucky Bird Group of Companies မှ ဒါရိုက်တာ ဒေါ်မေဖြူသွယ်က ပြောသည်။

Earth Networks ကုမ္ပဏီ၏ ဒုတိယဥက္ကဋ္ဌ Mr. Jim Anderson က “ ရရှိလာတဲ့ အချက်အလက်တွေက ပြည်သူလူထုနဲ့ အဖွဲ့အစည်းတွေအတွက် အလွန်အဖိုးတန်တဲ့ သတင်းအချက်အလက်တွေဖြစ်လာမှာ ဖြစ်ပါတယ်။ အများပြည်သူလုံခြုံမှုဆိုင်ရာ လုပ်ငန်းတွေနဲ့ စီးပွားရေးလုပ်ငန်းတွေအတွက်လည်း ကောင်းမွန်တဲ့ သတိပေးမှုဆိုင်ရာ ဆုံးဖြတ်ချက်တွေ ချမှတ်နိုင်မှာဖြစ်ပါတယ်”ဟု ပြောသည်။




မြန်မာနိုင်ငံတွင် အဆိုပါအစီအစဉ်ကိုလာမည့်နှစ် ဧပြီလအတွင်း လုပ်ဆောင်သွားရန် လျာထားကြောင်း သိရသည်။

မြန်မာနိုင်ငံတစ်ဝန်းရှိ စနစ်တကျရွေးချယ်ထားသောနေရာများတွင် ထားရှိမည့် Sensor Network အသစ်များမှတစ်ဆင့် လက်ရှိဖြစ်ပေါ်နေသော ရာသီဥတုအခြေအနေနှင့် လျှပ်စီးလက်၍ မိုးကြိုးပစ်နိုင်သော အနေအထားများအား ထောက်လှမ်းခြင်းဆိုင်ရာ အချက်အလက်များကို ရရှိနိုင်မည်ဖြစ်သည်၊ ထို့အပြင် မိုးသက်မုန်တိုင်းများအား ထောက်လှမ်းခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းများကို စောင့်ကြည့်ခြင်းနှင့် ဆိုးရွားသော ရာသီဥတုအခြေအနေများအတွက် အသိပေးဝန်ဆောင်မှုများကိုလည်း ရရှိမည်ဖြစ်ကြောင်း သိရသည်။

“ယခုလို ပူးပေါင်းဆောင်ရွက်မှုဟာ အမေရိကန်ပြည်ထောင်စုနဲ့ မြန်မာနိုင်ငံကြား စီးပွားရေးပေါင်းဖက်မှုမှာ အပြုသဘောဆောင်ပြီး တိုးတက်မှုကို ပြသခြင်းလည်း ဖြစ်ပါတယ်”ဟု အမေရိကန်သံရုံး(ရန်ကုန်)မှ Senior Commercial Officer ဖြစ်သူ Mr. James Golsen က ပြောသည်။

မြန်မာနိုင်ငံသည် ဒေသတွင်းနိုင်ငံများတွင် ယခုနည်းပညာအသစ်ကို ဖော်ဆောင်သော ပထမဆုံးနိုင်ငံလည်းဖြစ်ကြောင်း၊ Network လွှမ်းခြုံမှုကိုလည်း နိုင်ငံ၏နယ်နိမိတ်ကျော်လွန်သည်အထိ ချဲ့ထွင်သွားမည်ဖြစ်ကြောင်း အဆိုပါအခမ်းအနားမှ သိရသည်။

**(မြတ်စန္ဒီသင်းဇော်)**

## ရေကြီးနစ်မြုပ်လယ်မြေများ သီးနှံပြန်လည်စိုက်ပျိုးနိုင်ရေး စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက်များဖြင့် အချိန်မီ ထွန်ယက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၅**

မြန်မာနိုင်ငံတစ်ဝန်း တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရေကြီးနစ်မြုပ်၍ ထိခိုက်ပျက်စီးလယ်မြေများ သီးနှံပြန်လည်စိုက်ပျိုးနိုင်ရေး စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက်များဖြင့် အချိန်မီ ထွန်ယက်ပေးနိုင်ရေးအတွက် စက်မှုလယ်ယာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးစီး၍စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်အတွင်း ဌာနပိုင်ထွန်စက်အစီး ၃၀ ဖြင့် ဩဂုတ် ၃ ရက်အထိ ရေကျသွားသော ကျေးရွာအုပ်စု ရှစ်အုပ်စုမှ လယ်မြေ ၁၀၆ ဧကနှင့် ရခိုင်ပြည်နယ်တောင်ကုတ်နှင့် သံတွဲမြို့နယ်အတွင်း ဌာနပိုင်ထွန်စက် ၁၃ စီးဖြင့် လယ်မြေ ၂၅၅ ဧကတို့ကို ထွန်ယက်ပေးနိုင်ခဲ့ပြီး ကလေးမြို့နယ်သို့ ဌာနပိုင်ထွန်စက်အစီး ၈၀ ပေးပို့၍ ရေကျသည်နှင့် တစ်ပြိုင်နက် အချိန်မီ ထွန်ယက်ပေးရန် စီမံဆောင်ရွက်ပြီး ဖြစ်သည်။

အလားတူ ဆောင်ရွက်ပေးနိုင်ရန် မကွေးတိုင်းဒေသကြီးအတွက် ဌာနပိုင်ထွန်စက် ၅၈ စီး၊ ကချင်ပြည်နယ် မိုးကောင်းမြို့နယ်အတွက် ထွန်စက် ၂၁ စီး၊ ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်အတွက် ထွန်စက် ၁၀ စီး၊ ရှမ်းပြည်နယ် မိုးမိတ်မြို့နယ်အတွက် ထွန်စက်ငါးစီး၊ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်အတွက် ထွန်စက်ငါးစီးတို့ကို အဆင်သင့်စုဖွဲ့ထားရှိပြီးဖြစ်ကြောင်း သိရသည်။

ထို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရေနစ်မြုပ်၍ ပြန်လည်ပြုပြင်ရန်လိုအပ်သော တောင်သူပိုင်ရေစုပ်စက်၊ လက်တွန်းထွန်စက်နှင့် ထွန်စက်ကြီးများကိုလည်း စက်မှုလယ်ယာဦးစီးဌာနမှ စက်ပြင်ဝန်ထမ်းများဖြင့် အချိန်မီ ပြင်ဆင်ပေးလျက်ရှိရာ ဩဂုတ် ၃ ရက်အထိ စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်အတွင်း လက်တွန်းထွန်စက် အစီး ၅၀ နှင့် ရေစုပ်စက် ၆၇ လုံး၊ ရခိုင်ပြည်နယ် တောင်ကုတ်မြို့နှင့် သံတွဲမြို့နယ်များတွင် လက်တွန်းထွန်စက် ၁၆ စီး၊ ကချင်ပြည်နယ် မိုးကောင်းမြို့နယ်တွင် လက်တွန်းထွန်စက် ၂၅ စီးနှင့် ရေစုပ်စက် ရှစ်လုံးတို့ကို ပြင်ဆင်ပေးနိုင်ခဲ့ပြီးဖြစ်သည်။ ရေကြီးနစ်မြုပ်သည့် ဒေသရှိ လယ်မြေများအား အချိန်မီထွန်ယက်ပေးနိုင်ရန်အတွက် ထွန်စက်များ ထပ်မံလိုအပ်ပါက ရေနစ်မြုပ်ခြင်းမရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဌာနပိုင်ထွန်စက်များကို လုပ်ငန်းခွင် အဆင်သင့်ဝင်ရောက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

# CB Bank ဖောင်ဒေးရှင်း၊ KMA ဖောင်ဒေးရှင်းနှင့် ရွှေမြန်မာလေကြောင်းလိုင်းတို့ ဦးဆောင်ကာ ရေဘေးသင့်ဒေသများသို့ ငွေကျပ်သိန်းတစ်သောင်းတစ်ထောင်မတည်ပြီး လူမှုရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်

**ရန်ကုန်　ဩဂုတ်　၅**

CB Bank ဖောင်ဒေးရှင်းမှ ကျပ်သိန်း ၃၀၀၀၊ KMA ဖောင်ဒေးရှင်းမှ ကျပ်သိန်း ၃၀၀၀၊ ရွှေမြန်မာလေကြောင်းလိုင်းမှ ကျပ်သိန်း ၁၅၀၀၊ Myanmar Microfinance Bank မှ ကျပ်သိန်း ၁၀၀၀၊ CB Insurance မှ ကျပ်သိန်း ၅၀၀၊ ပါရမီဆေးရုံမှ ကျပ်သိန်း ၅၀၀၊ Central Corporate Society မှ ကျပ်သိန်း ၅၀၀၊ Kaytumadi Co.,Ltd မှ ကျပ်သိန်း ၅၀၀၊ Global Grand Group Co.,Ltd မှ ကျပ်သိန်း ၅၀၀ အသီးသီး ထည့်ဝင်၍ ရေဘေးသင့်ဒေသများ၌ လူမှုရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရေဘေးသင့်ပြည်သူများအတွက် လိုအပ်သည့် အကူအညီများအား ရွှေမြန်မာလေကြောင်းလိုင်း လေယာဉ်များဖြင့် ရေဘေးသင့်ဒေသများသို့ တိုက်ရိုက်ပို့ဆောင်၍ သော်လည်းကောင်း၊ အနီးစပ်ဆုံးဒေသများသို့ သွားရောက်၍သော်လည်းကောင်း ပံ့ပိုးကူညီသွားမည်ဖြစ်သည်။ ရေဘေးသင့်ပြည်သူများ လက်ရှိအခြေအနေတွင် လိုအပ်သော အစားအစာ၊ ရေသန့်၊ ဆေးဝါးများကိုလည်း အမြန်ဆုံးဖြန့်ဖြူးသွားရန် စီစဉ်ပေးသွားမည်ဖြစ်သည်။ လှူဒါန်းလိုသည့် အခြားသောစေတနာရှင် အလှူရှင်များ၏ အလှူငွေနှင့် ပစ္စည်းများကို လက်ခံကာ ရေဘေးသင့်ဒေသများသို့ တစ်ဆင့်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ရခိုင်ဒေသရှိ ရေဘေးသင့်ပြည်သူများအတွက် အကူအညီများကို အလိုတော်ပြည့်ဆရာတော်၏ အစီအမံဖြင့် စစ်တွေလေဆိပ်သို့ ပို့ဆောင်ပေးသွားမည်ဖြစ်သကဲ့သို့ အခြားရေဘေးသင့်ဒေသများရှိ ပြည်သူလူထုအတွက်လည်း အကူအညီများကို လက်ရောက်ပေးအပ်သွားမည်ဖြစ်သည်။

ရွှေမြန်မာလေကြောင်းလိုင်းမှ အလှူရှင်များ၏ အလှူပစ္စည်းများကို သယ်ဆောင်ပြီး ရန်ကုန်၊ မန္တလေး၊ စစ်တွေ၊ ကလေး စသည့် မြို့ကြီးများသို့ အခမဲ့ပို့ဆောင်ပေးသွားမည်ဖြစ်သည်။ အကူအညီပေးအပ်ရန်အတွက် မော်တော်ကား၊ လေယာဉ်ဖြင့် သွားရောက်ရန် ခက်ခဲသည့်ဒေသများသို့ ရဟတ်ယာဉ်များ၊ မော်တော်ဘုတ်များဖြင့် အနီးစပ်ဆုံး သွားရောက်လှူဒါန်းနိုင်ရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အဆိုပါဖောင်ဒေးရှင်းကို စီဘီဘဏ်ဥက္ကဋ္ဌ၊ နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေးအဖွဲ့ဝင် ဦးခင်မောင်အေးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ကာ ဩဂုတ် ၃ ရက်က စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ယင်းနေ့၌ပင် ပထမဆုံးအခေါက်အဖြစ် ကုန်ပစ္စည်းငါးတန်ကို စစ်တွေမြို့သို့ လေကြောင်းဖြင့် ပို့ဆောင်ပေးခဲ့သည်။

CB Bank ဖောင်ဒေးရှင်း၊ KMA ဖောင်ဒေးရှင်းနှင့် ရွှေမြန်မာလေကြောင်းလိုင်းတို့ ဦးဆောင်သော ရေဘေးသင့်ဒေသများသို့ ကူညီပံ့ပိုးမှုအဖွဲ့မှ မြန်မာနိုင်ငံတွင် လက်ရှိခံစားနေရသော ရေဘေးသင့်ပြည်သူများထံသို့



မိမိတတ်စွမ်းသမျှ ငွေကြေးအင်အား၊ အဝတ်အထည်၊ ဆေးဝါးနှင့် ရိက္ခာ စသည်များကို CB Bank ဖောင်ဒေးရှင်း၊ KMA ဖောင်ဒေးရှင်းနှင့် ရွှေမြန်မာလေကြောင်းလိုင်းတို့ ဦးဆောင်၍ ရေဘေးသင့်ဒေသများဖြစ်သော ကလေးမြို့နှင့် စစ်တွေမြို့များသို့ လှူဒါန်းသည်များကို လက်ခံပြီး နေ့စဉ်ပို့ဆောင်ပေးနေသည်။

CB Bank ဖောင်ဒေးရှင်း၊ KMA ဖောင်ဒေးရှင်းနှင့် ရွှေမြန်မာလေကြောင်းလိုင်းတို့ ဦးဆောင်၍ ရေဘေးသင့်ဒေသများသို့ ကူညီပံ့ပိုးမှုအဖွဲ့နှင့် ပူးပေါင်းကာ လှူဒါန်းလိုသူများအနေဖြင့် CB ဘဏ်များ၊ ရွှေမြန်မာလေကြောင်းလိုင်း ရုံးခန်းနှင့် ဖုန်း-၀၉-၉၇၇၉၉၆၆၁၅၊ ၀၉-၇၃၉၀၂-၄၈၇၊ ၀၉-၄၂၀၁၁၇၆၉၆ တို့အပြင် CB Bank အလှူလက်ခံဌာန ဖုန်း-၀၉-၂၆၂၀၈၇၀၈၊ ၀၉-၂၆၂၀၈၀၉၊ ၀၉-၂၆၂၀၈၁၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သီသီမင်း)**




ဥတုရာသီ
တောကို
ပိုဂါ

**အမည်ပြောင်းခြင်း**
ဦးတင်မျိုးနိုင်[၇/ပတန(နိုင်)၀၅၃၉၇၆]၊ ဒေါ်သီတာခိုင်[၁၁/မအန(နိုင်) ၀၀၁၀၉၃]၏ သမီး မကြေးမုံလင်းကို ယနေ့မှစ၍ ခိုင်ခိုင်ငြိမ်းဟုခေါ်ဆို ပေးပါရန်။
မကြေးမုံလင်း(ခ)ခိုင်ခိုင်ငြိမ်း

**မြောက်ဦးဆရာတော်၏ ရေဘေးသင့်ပြည်သူများအတွက်အလှူခံဌာနဖွင့်လှစ်ခြင်း**

ရခိုင်ပြည်နယ်တစ်ဝန်းလုံးတွင်ရေကြီးရေလျှံမှုများ၊ သဘာဝဘေးအန္တရာယ်ကြုံနေရသောဒေသများသို့ ကယ်ဆယ်ရေး အထောက်အပံ့များပေးအပ်လှူဒါန်းမှုကို မြောက်ဦးဆရာတော် မဟာကမ္မဋ္ဌာနာစရိယအရှင်ဝါယာမိန္ဒကိုယ်တိုင်ကြီးကြပ်ဆက်လက်လှူဒါန်းသွားမည်ဖြစ်ပါသဖြင့်အလှူရှင်များကိုဖိတ်ခေါ်အပ်ပါသည်။
အလှူခံဌာန - ရတနာမာရ်အောင်တောရဓမ္မရိပ်သာ၊ နှယ်သာဂီလမ်း၊ ဉာဏရပ်ကွက်၊ ပုလဲမြို့သစ်၊ ရန်ကုန်မြို့။
ဆရာတော်အရှင်ဝါယာမိန္ဒ ဖုန်း -၀၉၂၀၄၃၇၉၄

**ဆက်သွယ်ရန်**

| | | | |
|---|---|---|---|
| ဦးဥတ္တရဝံသ | -၀၉၄၂၃၆၈၃၃၀၆ | ဦးသန်းထွန်း | -၀၉၄၉၂၂၇၇၂၆ |
| ဦးသူရိယ | -၀၉၄၂၁၁၇၈၇၂၁ | ဦးစန်းလွင် | -၀၁ ၄၃၀၂၁၂ |
| ဦးဝင်းကို | -၀၉၂၅၀၆၄၆၇၀၆ | ဒေါ်သိန်းသိန်း | -၀၉ ၅၀၄၉၅၂၉ |
| ဦးသန်းတင် | -၀၉၂၆၃၁၅၅၅၁၉ | ဒေါ်သိန်းကျော့ | -၀၉၄၂၀၀၇၂၃၅၇ |
| ဦးခင်သိန်း | -၀၉၂၅၄၃၂၁၉၄၅ | ရိပ်သာဖုန်း | -၀၉ ၄၂၁၀၄၃၂၀ ၀၉ -၄၄၈၀၃၂၂၇၈ |




**ကျေးဇူးဆပ်ပါမည်**
ကျွန်တော် မောင်ဇင်ဘိုနိုင်[၁၂/သကတ(နိုင်)၀၉၅၀၈၀]၏ Giordano အိတ် ခဲရောင်တွင် သဘော်နှင့်ပတ်သက်သော အရေးကြီး စာရွက်စာတမ်းများသည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၃၁၁၄၉၉၀၊
၀၉-၂၆၂၈၄၄၉၄၄

**မြေကွက်ရောင်းရန်ရှိသည်**
မင်းနန္ဒာအိမ်ရာ၊ မင်းနန္ဒာလမ်း၊
ဒေါပုံမြို့နယ်
အကျယ်အဝန်း ပေ(၁၀၀×၁၅၀)
1sqft = တစ်သိန်း
Ph: 09-5042122




**ဖခင်အမည်မှန်**
အထက(၅)၊ ကမာရွတ်၊ နဝမတန်း(C)၌ ပညာသင်ကြားနေသော မောင်မြသာထွန်း၏ ဖခင်အမည်မှန်မှာ ဦးလှထွန်းသိန်း[၁၂/ကမရ(နိုင်)၀၆၃၃၄၅] ဖြစ်ပါသည်။
ဦးလှထွန်းသိန်း



# ညအိပ်ရာဝင်ခြေဆေးခြင်းအကျိုး

**à ကြည်လွင်မြင့်(မုဒြာ)**

ညအိပ်ရာဝင်ချိန် ခြေထောက်ဆေးခြင်းဖြင့် မျက်စိကြည်ခြင်း၊ အတွင်းတိမ်ဖြစ်ခြင်းမှ ကာကွယ်နိုင်သည်ဟု ရှေးလူကြီးများပြောကြသည်။ တစ်နေကုန်သွားလာလှုပ်ရှားရင်း ခန္ဓာကိုယ်တွင်းရောက်ရှိလာသော အပူအခိုးအငွေ့များသည် ညအိပ်ချိန်တွင် အထက်သို့တက်ကြသည်။ အိပ်ပျော်နေရင်း ခေါင်းချွေးများထွက်ခြင်း၊ သွားရည်ကျခြင်း၊ အစာမစားဘဲ ပါးစပ်မှုဝါးခြင်း၊ သွားကျိတ်ခြင်း၊ ကယောင်ကတမ်းပြောခြင်းများသည် လေပူအထက်သို့တက်ခြင်းကြောင့်ဖြစ်ရသည်။

မိတ်ဆွေတစ်ဦး၏သားငယ်သည် ညအိပ်လျှင် ကယောင်ကတမ်း စကားများပြောလေ့ရှိသဖြင့် ကလေးကို ညအိပ်ရာမဝင်မီ ဒူးအောက်ပိုင်းရေလောင်းခြေဆေးပြီး အိပ်ရာဝင်စေသောအခါ ကယောင်ကတမ်းပြောခြင်းမှ သက်သာလာသည်ကိုတွေ့ရသည်။ ကလေးများသည် နေ့ပူထဲတွင် တစ်နေကုန်ဆော့ခြင်း၊ ရေခဲရေ၊ ရေခဲမုန့်များ စားသောက်ခြင်းကြောင့် ကိုယ်တွင်းအပူအလွန်များသည်။ ထို့ကြောင့်ပင် ကလေးများဖျားနာလျှင် လူကြီးများထက် ကိုယ်အပူချိန်များသည်ကို တွေ့ရသည်။

ကိုယ်တွင်းအောင်းသောအပူများသည်နေ့တွင် ခြေဖဝါးမှထွက်လေ့ရှိသည်။ ခြေသလုံးတွင် ချွေးစိုနေပြီး ခြေဖဝါးမှ ထိုက်သင့်သောခြေဆီထွက်လျှင် ကျန်းမာသောသူဖြစ်သည်။ ခြေသလုံးမှ ချွေးမထွက်၊ ခြေဖဝါးတွင် ခြေဆီမထွက်၊ ဖနောင့်ဖဝါးများတွင် အက်ကွဲခြင်းများတွေ့ရလျှင် အောက်ပိုင်းအခိုးမညီသူဖြစ်သည်။ အထက်သို့ အပူကန်ခြင်းများသောကြောင့် မျက်စိမှုန်ခြင်း၊ မျက်မှန်ဒီဂရီတိုးခြင်း၊ ဆံပင်ကျွတ်ခြင်း၊ ထိပ်ပြောင် ခြင်းများ အသက်ငယ်ငယ်နှင့်ပင် ဖြစ်နိုင်ခြေရှိသည်။ ဝမ်းချုပ်ဓာတ်ချုပ်လျှင် ပို၍ပင်ဆိုးနိုင်ပေသည်။

ဆီးချို သွေးချိုရောဂါရှိသူများသည် ညအိပ်ပျော်သွားပြီး တစ်ရေးနိုးတွင် အာခေါင်ခြောက်ပြီး ရေငတ်လေ့ရှိသည်။ အစာအိမ်မှ အပူငွေ့ပျံပြီး အာခေါင်မှ သွားဖုံး၊ အထက်မျက်စိထိအောင် အပူငွေ့တက်သဖြင့် ဆီး ချိုသမားများ မျက်စိကွယ်သည်အထိ ဖြစ်ရလေသည်။ ဆီးချိုသွေးချိုရောဂါကို ကုသသည်ကတစ်ဖက်၊ အခြားတစ်ဖက်ကလည်း တိုင်းရင်းဆေးပညာဥပဒေသ ကုထုံးများနှင့်အညီပြုသင့်သည်။ ထိုသို့ပြုရန်နည်းလမ်းမှာ ညအိပ်ရာမဝင်မီ ခြေဖဝါးတွင် ဆားပွတ်ခြင်း၊ ဒူးမှ အောက်ပိုင်းသို့ ရေလောင်းရေဆေးခြင်းပြုရမည်။ ရေလောင်းသည့်အခါတွင်လည်း အတော်မသင့်မဟုတ်ဘဲ ခုနစ်ခွက်မှ ၁၀ ခွက်အထိ အခိုးအကင်းများ ကုန်စင်အောင် လောင်းဆေးခြင်းသည် ကျန်းမာရေးအတွက်အကျိုးရှိစေသည်။ ခြေထောက်ရေဆေးခြင်းကြောင့် ညတစ်ရေး နိုးချိန်အာခြောက်ရေငတ်ခြင်းနှင့် ဆီးချိုကြောင့် မျက်စိကွယ်ခြင်းကိုပါကာကွယ်နိုင်သည်။ ရေရှည်လုပ်ဆောင်မှုလည်း အကျိုးရှိမည်ကို သတိပြု ရန်လိုပါသည်။

**ခြေဆေးလျှင်လုံချည်၊ထဘီကိုပေါင်လယ်ထိအောင်မတင်ပြီးရေအေးဖြင့် ခုနစ်ခွက်ခန့် လောင်းဆေးသင့်သည်။ ခြေဆေးပြီးနောက် ခေတ္တအပူထွက်အောင် စောင့်ပြီးမှသာ အဝတ်ခြောက်ဖြင့် သုတ်သင့် သည်။ နေ့စဉ် မှန်မှန်ပြုလုပ်မှသာအကျိုးရှိမည့်နည်းဖြစ်ပါသည်။**

သိမ်ဖြူဆရာတော် အရှင်နာရသေနာဘိဝံသ၏ အာယုဗေဒဆေးသိပ္ပံ၊ အခြေခံကျန်းမာရေးသင်ခန်းစာ စာအုပ်တွင် ဖော်ပြထားသော ကျန်းမာသောရေချိုးနည်းမှာ ရေချိုးသောအခါ အောက်ပိုင်းခြေကို စတင်လောင်း၍ ဒူး၊ ပေါင်စသည်ဖြင့် တရွေ့ရွေ့အထက်သို့လောင်းပြီး တစ်ကိုယ်လုံးချိုးပါ။ ရေချိုးစဉ်ပထမတွင် ကိုယ်စိုရုံမျှရေလောင်း၍ အတွင်းခိုးများထွက်လာစေရန်၊ ထွက်ခွင့်ရသည့်အခိုးများ ထွက်ခွင့်ရစေရန် အတန်ငယ်ရပ်နားပြီးနောက် လိုသလိုချိုးရ၏။ အထူးအားဖြင့် ခေါင်းပိုင်း၌ ရောဂါရှိသူများ ခေါင်းကိုလောင်းပြီး မချိုးရ။ ရေမလောင်းမီ ရှေးဦးစွာ ရေကိုပါးစပ်အတွင်းငုံ၍ထားပါ။ သို့မှသာ ခန္ဓာကိုယ်အတွင်းရှိ အပူအပုပ်ခိုးများရန်မှ ကာကွယ်ပြီးဖြစ်ကုန်၏။ ယင်းသို့ပြုလုပ်ပေးရန်သွားနှင့်ဆိုင်သောရောဂါများ ကင်းရှင်းနိုင်၏။

မျက်စိဆရာဝန်ကြီးများဆေးခန်းတွင် မျက်စိတိမ်ခွဲ၍ ခွဲစိတ်ကုသရသူ၊ အတွင်းတိမ်၊ ရေတိမ်စသည့် မျက်စိဝေဒနာဖြစ်ရသူများ၏ ခြေထောက်များကို ကြည့်သောအခါ ချွေးခြောက်ပြီး ခြေသလုံးအသားပပ်ကာ ခြေဖဝါး၊ ခြေဖနောင့် ကွဲအက်သူများဖြစ်ကြောင်းသိရသည်။

ဝမ်းချုပ်ခြင်းကြောင့်လည်း အောက်ပိုင်းခြေနှစ်ဖက်ကိုက်ပြီး အထက်သို့ အခိုးပြန်ပြီး အကြောတက်သည်။ ဝမ်းကြော၏အဆုံးသည် အူမကြီးတွင်ဆုံးသည်။ အူမကြီး အစာဟောင်းအိမ်တွင်ဝမ်းပုပ်နှင့်စမျင်းများ ပိတ်မိသော အခါ ခြေတစ်လျှောက်သွားသော ပေါင်ခြံအတွင်းမှ သွေးကြောမကြီးတွင် လေပိတ်ပြီး အောက်ပိုင်းခြေသလုံးနှင့် ခြေဖျားသို့ သွေးလျှောက်အားနည်းသွားသည်။ ထိုအခါ ခြေနှစ်ဖက်လုံး ကိုက်ခဲခြင်း၊ ထုံကျဉ်ခြင်းများဖြစ်နိုင်သည်။ ထိုသူများသည် ညအိပ်ရာဝင်ချိန်မတိုင်မီ ခေါက်တုံ့ခေါက်ပြန် ခြေလှမ်းတစ်ရာခန့်လမ်းလျှောက်ပေးခြင်း၊ ပြီးလျှင် ခါးအောက်ပိုင်းခြေထောက်ကို ရေဆေးခြင်း ပြုလုပ်လျှင် သက်သာစေနိုင်သည်။ "ဒူလာပါဒရက်ခြေကတက်" ဟု ရှေးက လူကြီးများပြောသည့် အညောင်းအကိုက်ရောဂါကို ခြေဆေးခြင်းဖြင့် မှန်မှန်ကန်ကန်ပြုလုပ်လျှင် သက်သာ စေနိုင်ပါသည်။

**ညအိပ်ရာဝင်ခြေဆေးခြင်းနှင့် ရရှိနိုင်သော အကျိုးကျေးဇူးများ**

၁။ တစ်နေကုန်အောင်းနေသော အပူများ အောက်သို့လှည့်ပြီး ခြေဖဝါးမှ ထွက်သွားနိုင်သည်။
၂။ ညအိပ်ပျော်နေချိန် ဟောက်ခြင်း၊ သွားကြိတ်ခြင်း၊ လျှာဝါးခြင်း၊ သွားရည်ကျခြင်းများ သက်သာစေသည်။
၃။ ရင်ညွန့်သို့တက်သောလေ၊ ဘဝင်သို့တက်သောလေ၊ နှလုံးသို့တက်သောလေပူတို့ကို သက်သာစေသည်။
၄။ ခြေထောက်ကိုသန့်စင်စွာဆေးပြီး အိပ်ခြင်းကြောင့် မကောင်းသောအိပ်မက်ဆိုးများမက်ခြင်းမှ သက်သာစေနိုင်သည်။
၅။ ခြေသလုံးနှစ်ဖက် ကြွက်တက်ခြင်းမှ သက်သာစေသည်။
၆။ နံနက်အိပ်ရာထတွင် မျက်ဝတ်များထွက်ခြင်း၊ မျက်စိဖွင့်မကောင်းခြင်းမှ သက်သာစေသည်။
၇။ ခန္ဓာကိုယ်အပူအအေးမျှတပြီး ဦးခေါင်းသို့ အပူတက်ခြင်းကို သက်သာစေသည်။
၈။ အပူကြောင့် သွားဖုံးကြွခြင်း၊ သွားနာသွားကိုက်ခြင်းများမှ သက်သာစေသည်။
၉။ ဆံပင်ကျွတ်ခြင်း၊ ငယ်ထိပ်ပြောင်ခြင်းမှ သက်သာစေသည်။
၁၀။ ဆံပင်ဖြူခြင်းကို သက်သာစေသည်။
၁၁။ ကျွတ်သောဆံပင်ကို ပြန်ပေါက်စေနိုင်သည်။
၁၂။ မျက်တွင်းကျခြင်း၊ မျက်ကွင်းညိုခြင်းမှ သက်သာစေနိုင်သည်။

ညအိပ်ရာဝင်ချိန် ခြေထောက်ရေဆေးခြင်းဖြင့် ရောဂါအမျိုးမျိုးကို သက်သာစေနိုင်သည်။ ကြွက်တက် ရောဂါ၊ အဆစ်ရောင် အဆစ်ကိုက်ရောဂါ၊ လေးဘက်နာရောဂါ၊ သွားနှင့် သွားဖုံးရောင်၊ သွားဖုံးကြွရောဂါ၊ မျက်စိတိမ်ရောဂါနှင့် မျက်မှန်ဒီဂရီတိုးခြင်း၊ အစာအိမ်လေပူထခြင်း၊ လေပူအထက်တက်၍ မူးမောရင်တုန်၊ နှလုံးလေရိုက်ရောဂါများပင် သက်သာသည်ဟုဆိုသည်။ ခြေဆေးလျှင် လုံချည်၊ ထဘီကို ပေါင်လယ်ထိအောင် မတင်ပြီး ရေအေးဖြင့် ခုနစ်ခွက်ခန့် လောင်းဆေးသင့်သည်။ ခြေဆေးပြီးနောက် ခေတ္တအပူထွက်အောင် စောင့်ပြီးမှသာ အဝတ်ခြောက်ဖြင့် သုတ်သင့်သည်။ နေ့စဉ်မှန်မှန်ပြုလုပ်မှသာ အကျိုးရှိမည့်နည်းဖြစ်ပါသည်။

# သံတောင်ကြီးမြို့၌ မြေပြိုမှု ထပ်မံဖြစ်ပွား

**သံတောင်ကြီး ဩဂုတ် ၅**

ကရင်ပြည်နယ် သံတောင်ကြီးမြို့၌ ဩဂုတ် ၃ ရက် ညနေ ၄ နာရီခွဲမှစ၍ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် သံတောင်ကြီးမြို့အဝင်လမ်းရှိ နယ်မြေခံတပ်ရင်း၏ ကျောက်သားကွန်ကရစ် မြေထိန်းနံရံ ပြိုကျပြီး လမ်းပိတ်ဆို့မှု ဖြစ်ပေါ်ခဲ့သည်။

ပိတ်ဆို့နေသောလမ်းအား ရှင်းလင်းရန်အတွက် ဩဂုတ် ၄ ရက် နံနက် ၆ နာရီ အချိန်မှစ၍ တပ်နယ်မှ အရာရှိစစ်သည်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်သန်းဦးစီးသော ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက စုပေါင်းရှင်းလင်းဆောင်ရွက်ခဲ့ရာ မွန်းလွဲပိုင်းတွင် လမ်းပွင့်၍ မော်တော်ယာဉ်များ ကောင်းစွာသွားလာနိုင်ခဲ့သည်။

အလားတူ သံတောင်ကြီးမြို့ အမှတ်(၁)ရပ်ကွက် အလက(ခွဲ) ကျောင်း အဝင်လမ်း၊ လူနေရပ်ကွက်တွင် အလျား ၁၃ ပေ၊ အနံ ၁၂ ပေ၊ အမြင့် ၁၀ ပေခန့်ရှိ မြေပြိုမှုတစ်ခုဖြစ်ပွားပြီး လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့သဖြင့် ယနေ့နံနက်ပိုင်းမှစ၍ တပ်နယ်မှ စစ်သည်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ စုပေါင်းရှင်းလင်းမှုကြောင့် ၉ နာရီတွင် လမ်းပြန်လည်ပွင့်သွားခဲ့ကြောင်း သိရသည်။

ထို့အတူ သံတောင်ကြီးမြို့အမှတ်(၁)ရပ်ကွက် ဦးစောဂျော်ရော်တော်၏ နေအိမ်ဘေး၌ အမြင့်ပေ ၂၀ ခန့်ရှိ မြေသားနံရံပြိုကျမှုဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မိသားစုများအား အန္တရာယ်ကင်းရှင်းစေရန်အတွက် တာဝန်ရှိသူများက မြေမပြိုမီကြိုတင်ပြောင်းရွှေ့ပေးထားကြောင်း သိရသည်။ အထက်ပါမြေပြိုမှု ဖြစ်စဉ်အားလုံးတွင် လူ၊ တိရစ္ဆာန် ထိခိုက်ခြင်း၊ အဆောက်အအုံပစ္စည်း ပျက်စီးဆုံးရှုံးခြင်းမရှိကြောင်း သိရသည်။

**စောမင်းသား(ပြန်/ဆက်)**





# သဘာဝဘေးအန္တရာယ်ကြောင့်ပျက်စီးဆုံးရှုံးမှုများ ချင်းပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**မင်းတပ် ဩဂုတ် ၅**

ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဟုန်းငိုင်းနှင့်အဖွဲ့သည် ဩဂုတ် ၂ ရက်က မင်းတပ်မြို့သို့ ရောက်ရှိပြီး မင်းတပ်မြို့နယ် လာလောင်းထွီးအုပ်စု၊ ထင်ချောင်းကျေးရွာရှိ မောင်းချောင်းသံပေါင်တံတားနှင့် မင်းတပ်မြို့နယ် ပြေအုပ်စုနှင့် မရှိယောအုပ်စုကြား ချီချောင်းသံပေါင်တံတားတို့ကိုလည်းကောင်း၊ ချီချောင်းရေအားလျှပ်စစ်စက်ရုံရေတိုက်စားမှုကြောင့် ပျက်စီးဆုံးရှုံးမှုများအားလည်းကောင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးသည့်လမ်းနှင့်တံတားများအား အမြန်ဆုံးပြီးစီးရေးဒေသခံပြည်သူများနှင့် ပူးပေါင်း၍ မိမိတို့ ဆောင်ရွက်နိုင်သည့်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ကြရန်နှင့် အခက်အခဲရှိသည့်လုပ်ငန်းများကို ပြည်နယ်အစိုးရထံသို့ တင်ပြကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်းသိရသည်။

**ခရိုင်ပြန်/ဆက်**

# မြန်မာ့အာမခံလုပ်ငန်းများအကြောင်း ပဲခူး၌ အသိပညာပေးဟောပြော

**ရန်ကုန် ဩဂုတ် ၅**

မြန်မာ့အာမခံလုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသော အာမခံလုပ်ငန်းများနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၃၀ ရက်က ပဲခူးတိုင်းဒေသကြီးဝေါမြို့အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး တိုင်းပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဆရာမကြီး ဒေါ်ခင်မာဝင်းက အသက်အာမခံထားရှိမှုများနှင့် ပတ်သက်၍ အဖွင့်အမှာစကား ပြောကြားပြီး မြန်မာ့အာမခံလုပ်ငန်းတိုင်းဒေသကြီးတာဝန်ခံဒေါ်သန်းဝင်းက မြန်မာ့အာမခံလုပ်ငန်းမှ ဆောင်ရွက်ပေးလျက်ရှိသော ပြည်သူ့ဝန်ထမ်းအသက်အာမခံလုပ်ငန်း၊ ကျန်းမာရေးအသက်အာမခံလုပ်ငန်း၊ သူတစ်ပါးထိခိုက်မှုအာမခံလုပ်ငန်း၊ မီးနှင့် အထွေထွေအာမခံလုပ်ငန်းနှင့် ခရီးသွားအာမခံလုပ်ငန်းများအကြောင်း အဓိကထား၍ရှင်းလင်းခဲ့ပြီး ရရှိနိုင်မည့် အကျိုးခံစားခွင့်များနှင့်ပတ်သက်၍လည်း ရှင်းလင်းပြောကြားခဲ့သည်။

လူဦးရေ ၁၇၅ဦးခန့် တက်ရောက်ကြပြီး တက်ရောက်လာသူများက သိလိုသည့်အချက်များနှင့် ပတ်သက်၍ ပြန်လည်ရှင်းလင်းဆွေးနွေးကြကြောင်းသိရသည်။

**မောင်မောင်သန့်(ကြေးမုံ)**

# ကောလင်း ရေဘေးသင့်ကျေးရွာများသို့ ဂရုဏာ မြန်မာမှ ထောက်ပံ့လှူဒါန်း



**ကောလင်း ဩဂုတ် ၅**

ဂရုဏာမြန်မာပရဟိတ လူငယ်အသင်းသည် ကောလင်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ကျေးရွာများဖြစ်သော လှည်းပွဲကျေးရွာ၊ မြောင်းကြီးကျေးရွာ၊ သက်ကယ်ကျင်းကျေးရွာ၊ အင်တိုင်ပုံကျေးရွာနှင့် တူးမြောင်းကျေးရွာများသို့ဩဂုတ် ၂ ရက်တွင် အိမ်ထောင်စု ၃၀၀အတွက် အဝတ်အထည်၊ အစားအသောက်၊ ဆန်၊ ဆီ၊ ဆေးဝါး၊ ရေသန့်ဘူးအစရှိသော ကယ်ဆယ်ရေးပစ္စည်းစုံ စုစုပေါင်းတန်ဖိုး ၄၉ သိန်းဖိုးအားသွားရောက် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ရေဘေးသင့် ပြည်သူများအတွက် ဂရုဏာမြန်မာပရဟိတလူငယ်အသင်းသည် ကျောင်းပေါင်းစုံဖြစ်သော ဆေးတက္ကသိုလ်(မန္တလေး)၊ သူနာပြုတက္ကသိုလ်(မန္တလေး)၊ မန္တလေးနည်းပညာတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ နိုင်ငံခြားဘာသာတက္ကသိုလ်၊MCC(Mandalay Campus)၊ CAE ကိုယ်ပိုင်အထက်တန်းကျောင်း အစရှိသော ကျောင်းပေါင်းစုံတွင် အလှူခံခဲ့ရာ လှူဒါန်းငွေစုစုပေါင်းကျပ် ၁၁၁၈၅၃၀၀ရရှိခဲ့ပြီး ကောလင်းမြို့ရှိ ကျေးရွာငါးရွာသို့ ကျပ် ၄၉ သိန်းဖိုး လှူဒါန်းခဲ့သည်။

ကျန်ရှိနေသည့် အလှူငွေများကိုလည်း ကယ်ဆယ်ရေးပစ္စည်းများဝယ်ယူ၍ အရေးပေါ် ကြေညာထားသည့် ရေဘေးသင့်ဒေသများသို့ ကိုယ်တိုင်သွားရောက်၍ဖြစ်စေ၊ သွားရောက်လှူဒါန်းမည့်အဖွဲ့များမှ တစ်ဆင့်ဖြစ်စေ လှူဒါန်းသွားမည်ဖြစ်ကြောင်းသိရသည်။

ကောလင်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ကျေးရွာများသည် ရေကျသွားသော်လည်း လမ်းပန်းဆက်သွယ်ရေး လွန်စွာခက်ခဲကြောင်းကိုယ်တိုင်သွားရောက်လှူဒါန်းခဲ့သော ဂရုဏာမြန်မာပရဟိတလူငယ်အသင်းမှ ကိုပိုင်ဖြိုးသန့်က ပြောသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# ပွင့်ဖြူမြို့နယ်၌မုန်းချောင်း ရေများကျဆင်း၍တောင်သူများ လယ်ယာပြန်လည်စိုက်ပျိုးနေ

**မင်းဘူး ဩဂုတ် ၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် မုန်းချောင်းရေကြီးမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ပြီး ယခုအခါ ရေများကျသွားပြီဖြစ်၍ မြို့နယ်အတွင်းရှိ တောင်သူလယ်သမားများမှာ ဩဂုတ်၄ ရက်မှစ၍ မိမိတို့၏ လယ်ယာလုပ်ငန်းများကို ပြန်လည် ထွန်ယက်စိုက်ပျိုးနေပြီဖြစ်ကြောင်း သိရသည်။

ယခုအခါ မုန်းချောင်းရေများ ကျသွားပြီဖြစ်သဖြင့် ဒေသခံတောင်သူများမှာ မိုးစပါး အချိန်မီစိုက်ပျိုးနိုင်ရေး လက်တွန်းထွန်စက်များ၊ နွားရှဉ်းများဖြင့် ထွန်ယက်စိုက်ပျိုးလျက်ရှိသည်။ ထို့အပြင် မိုးနှမ်းများကိုလည်း ရိတ်သိမ်းပြီး အမိုးအကာအောက် အမြန်ဆုံးရောက်ရှိရေး ဆောင်ရွက်လျက်ရှိသည့်အပြင် မိုးနှမ်းများ ရိတ်သိမ်းပြီး လယ်ကွက်လွတ်များတွင် မိုးစပါးများ အမြန်ဆုံး စိုက်ပျိုးနိုင်ရေး ထွန်ယက်လျက်ရှိကြောင်း ဒေသခံတောင်သူတစ်ဦးက ပြောသည်။

**နိုင်ဝင်း**

# တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**စစ်ကိုင်း ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဩဂုတ် ၃ ရက် ညနေ ၃ နာရီက စစ်ကိုင်းမြို့ ပိုးတန်းရပ် ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန ပြည်သူ့အားကစားကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တက္ကသိုလ်နှင့် ကောလိပ်များမှ ကျောင်းသား ကျောင်းသူများက တိုင်းရင်းသားရိုးရာအကများနှင့် အခမ်းအနားကိုဖွင့်လှစ်ပေးပြီး စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုယ်စား စစ်ကိုင်းခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ အလှူရှင်များဖြစ်သည့် ပြည်ထောင်စုဝန်ကြီး(ငြိမ်း) သီရိပျံချီ ဦးခင်မောင်မြင့်က ထောက်ပံ့လှူဒါန်းသည့် အလှူငွေကျပ်ငါးသိန်းအားလည်းကောင်း၊ စစ်ကိုင်းခရိုင် စက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီကထောက်ပံ့လှူဒါန်းသည့် အလှူငွေကျပ်ငါးသိန်းအားလည်းကောင်း၊ VeVe အချိုရည် GreenCircleCo.,Ltd မှ ထောက်ပံ့လှူဒါန်းသည့် အလှူငွေကျပ်ငါးသိန်းအားလည်းကောင်း၊ စစ်ကိုင်းမြို့မိ၊ မြို့ဖအဖွဲ့က ထောက်ပံ့လှူဒါန်းသည့် အလှူငွေကျပ်သုံးသိန်းအားလည်းကောင်း၊ ငြိမ်းသီရိဟိုတယ်နှင့် သမာဓိသစ်စက်ပိုင်ရှင် ဦးတင်ထွန်းက ထောက်ပံ့လှူဒါန်းသည့် အလှူငွေကျပ် တစ်သိန်းအားလည်းကောင်း၊ စစ်ကိုင်းခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ထောက်ပံ့လှူဒါန်းသည့် အလှူငွေကျပ်တစ်သိန်းတို့အား စစ်ကိုင်းပညာရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ပြိုင်ပွဲကျင်းပရေးကော်မတီ ဒေါက်တာအောင်ဆွေထွန်းက လက်ခံရယူခဲ့သည်။

ယင်းနောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ကို ရွတ်ဆိုပြီး ပြိုင်ပွဲကို တာဝန်ရှိသူများက ဖွင့်လှစ်ပေးရာ ပထမနေ့တွင် စစ်ကိုင်းတက္ကသိုလ်အသင်းနှင့် သမဝါယမတက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်ကြရာ စစ်ကိုင်းတက္ကသိုလ်အသင်းက သမဝါယမတက္ကသိုလ်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

**မျိုးဝင်း(စစ်ကိုင်း)**

# ဘားအံမြောက်ပိုင်းကျေးရွာ ၁၂ ရွာ၏ ကျေးရွာချင်းဆက်လမ်းများ အဆင့်တိုးမြှင့်ခြင်းဆောင်ရွက်

**ဘားအံ ဩဂုတ် ၅**

ကရင်ပြည်နယ်အတွင်း ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှဆောင်ရွက်ပေးလျက်ရှိရာ ဘားအံမြို့နယ် မဲဘောင်၊ နောင်ပလိန်၊ နောင်ထူးဒီ၊ နန်းမဘုံ၊ ဗျက္ခ၊ အလယ်ရွာ၊ ကျွန်းရွာ၊ မိသရောင်၊ ဝင်းဘုတ်၊ နောင်ပေါက်၊ ဝင်းစိန်၊ သာမညကျေးရွာများကို ဆက်သွယ်သွားလာနိုင်သော လမ်းအရှည် ၂၂ မိုင်ရှိ ကျေးရွာချင်းဆက် မြေသားလမ်းအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးခွင့်ပြုရန်ပုံငွေဖြင့် အဆင့်ဆင့်တိုးမြှင့်ဆောင်ရွက်နေရာ ကျောက်ချောလမ်း ၉ မိုင် ၄ ဖာလုံ၊ ကတ္တရာလမ်း ၂ မိုင်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

ဆက်လက်ပြီး ကျောက်ချောလမ်း ၁ မိုင် ၅ ဖာလုံနှင့် ကတ္တရာလမ်း ၁ မိုင်အား ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ထပ်မံပြီး ဆောင်ရွက်ပေးမည်ဖြစ်ရာ ဩဂုတ် ၄ ရက် နံနက်ပိုင်းက ကျောက်များခင်းကျင်းနေမှုကို ပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ဘားအံမြောက်ပိုင်းဒေသမှ ကျေးရွာ ၁၂ ရွာ ကျေးရွာချင်းဆက်လမ်းများ ပြီးစီးသွားပါက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း ဒေသခံများကပြောသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ရှမ်းလူငယ်များကွန်ရက် SYN လေ့လာရေးခရီးစဉ်တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**သီပေါ ဩဂုတ် ၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ ရှမ်းလူငယ်များကွန်ရက် Shan Youth Network အင်္ဂလိပ်စကားပြောသင်တန်းမှ သင်တန်းသားလူငယ်မောင်မယ် ၃၂၀ တို့သည် ဩဂုတ် ၃ ရက်က အုပ်ချုပ်သူများ လိုက်ပါလျက် သီပေါမြို့ရှိ သိမ်တောင်နှင့် မဟာမြတ်မုနိဘုရားကြီးတို့၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ယင်းနောက် ပြည်တွင်းပြည်ပဧည့်သည်များနှင့် ကမ္ဘာလှည့်ခရီးသွားများလာရောက်လေ့ရှိသည့် သက်တမ်း ၉၁ နှစ်ရှိ သီပေါဟော်အဆောက်အအုံသို့ ရောက်ရှိခဲ့သည်။

အဆိုပါ ရှမ်းလူငယ်များကွန်ရက် (SYN) အဖွဲ့ဝင် လူငယ်မောင်မယ်များသည် နံနက် ၁၁ နာရီတွင် သီပေါဟော်အဆောက်အအုံသို့ ရောက်ရှိခဲ့ကြရာ သီပေါဟော်မှ ဒေါ်စဝ်စမ်ဖုန်းနှင့် မြေးစဝ်မွမ်းဆိုင်စင့်တို့က ကြိုဆိုပြီး သိကောင်းစရာများကို ရှင်းလင်းပြောပြခဲ့သည်။

ဆက်လက်၍ သီပေါဟော်အဆောက်အအုံအား လေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများကိုရိုက်ကူး၍ ဟော်ဝင်းအတွင်း၌ သန့်ရှင်းရေးလုပ်ငန်းများနှင့် အမှိုက်ကောက်ခြင်းလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြသည်။

**သီပေါကိုလတ်**

# ဟိုပန်၌ အရန်မီးသတ်တပ်ဖွဲ့ လေ့ကျင့်ရေးမွမ်းမံသင်တန်း(၁/၂၀၁၅) ဖွင့်

**ဟိုပန် ဩဂုတ် ၅**

'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့တွင် ဩဂုတ် ၃ ရက် နံနက် ၉ နာရီက သီရိမင်္ဂလာကွက်သစ်ရှိ မြို့တော်ခန်းမ၌ အရန်မီးသတ်တပ်ဖွဲ့ လေ့ကျင့်ရေး မွမ်းမံသင်တန်း (၁/၂၀၁၅) ဖွင့်ပွဲကို ကျင်းပရာ 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ထွန်းလူနှင့် ဦးစီးအဖွဲ့ဝင်များ၊ တိုင်း ၊ ခရိုင် ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် တိုင်းဦးစီးအဖွဲ့ အတွင်းရေးမှူးဦးမျိုးအောင်(ဒုတိယညွှန်ကြားရေးမှူး)က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးယုဏီယံအောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ သင်ကြားပို့ချပေးမည့်ဘာသာရပ်များ ၊ မီးသတ်ဦးစီးဌာနတွင် အသုံးပြုမည့် ယာဉ်များနှင့်အထောက်အကူပြုပစ္စည်းများရရှိမှုအခြေအနေ၊ ဝန်ထမ်းအင်အား အခြေအနေတို့ကို ရှင်းလင်းတင်ပြခဲ့သည်။

သဘာဝဘေးအန္တရာယ်ကြုံတွေ့ပါက သန္ဓေမီးသတ်တပ်ဖွဲ့အား ပါဝင်ကူညီဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး ရပ်ကွက်၊ ကျေးရွာများနှင့် ဌာနဆိုင်ရာများမှ သင်တန်းသား ၁၀၀ တက်ရောက်ကာ သင်တန်းကာလမှာ ဩဂုတ် ၃ ရက်မှစ၍ တစ်လကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်**



ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ်စည်ပင်သာယာရေးဦးစီးဌာနသည် မြို့တွင်းရေစီးရေလာကောင်းမွန်စေရေးအတွက် လမ်း၊ ရေမြောင်းနှင့် တံတားများကို ပြုပြင်ခြင်း၊ အသစ်တည်ဆောက်ပေးခြင်းများဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စည်ပင်သာယာရေးရန်ပုံငွေဖြင့် အရှေ့မြို့ပတ်လမ်း နာဟောင်ရပ်ကွက်တွင် တည်ဆောက်လျက်ရှိသော အလျား ၁၅ ပေ၊ အနံ ၆ ပေရှိ သံကူကွန်ကရစ်တံတားဆောက်လုပ်နေမှုအား ဩဂုတ် ၃ ရက် နံနက် ၁၀ နာရီက မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌဦးသိန်းဝေနှင့် မြို့နယ်စည်ပင်အမှုဆောင်အရာရှိဦးမောင်မောင်မြင့်တို့က ပြီးစီးမှုအခြေအနေအား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ သတင်းနှင့်ဓာတ်ပုံ- မျိုးညွန့်ရွှေ (မိုးနဲ)

# မိုင်းတုံ၌ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေဆိုင်ရာ ရှင်းလင်း

**မိုင်းတုံ ဩဂုတ် ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းတုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ဩဂုတ် ၃ ရက် နံနက် ၈ နာရီခွဲက တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေရှင်းလင်းပွဲ ကျင်းပရာ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းထိန်၊ မိုင်းတုံမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးအရောင်းဆိုင်ပိုင်ရှင်များ၊ ဒေသခံ တောင်သူလယ်သမားများ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းထိန်က တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေအား အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးအုန်းကျော်မြင့်က ပိုးသတ်ဆေး ဥပဒေနှင့် ခရိုင် မြေအသုံးချရေးတာဝန်ခံ ဦးအားထူက ဓာတ်မြေဩဇာဥပဒေတို့ကိုရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် အခမ်းအနားတက်ရောက်လာသူများ၏ သိလိုသည့်မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ယဉ်ဝင်း(Iprd)**

# ဖွံ့ဖြိုးစေဖို့ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်း(Global Supply Chain)သို့ပိုမိုဝင်ရောက်ရေး

ဒေါက်တာမောင်အောင်

**ယနေ့ပွင့်လင်းလာသည့် မြန်မာနိုင်ငံအတွက် အမြန်ဆုံးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်သည့် ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်းစနစ်နှင့် ပိုမိုပေါင်းစည်းနိုင်ရေးအတွက် အသိပညာဗဟုသုတများ ပြည်သူများအကြား ပြန့်ပွားစေရန်ရည်ရွယ်ပြီး ဒေါက်တာမောင်အောင်ရေးသားသော ဆောင်းပါးများကို ဖော်ပြလိုက်ပါသည်။**

**ပြည်သူလူထုအတွက် တန်ဖိုးရှိသည့်အချိန်များ မကုန်ဆုံးရေး၊ ထုတ်လုပ်မှု စွမ်းအားရှိလုပ်ငန်းများ ပိုမိုလုပ်ဆောင်နိုင်ရေးနှင့် Logistic များ လျှော့ချနိုင်ရေးအတွက် ဖွံ့ဖြိုးရေးဆောင်းပါးများကို အပတ်စဉ် ကြာသပတေးနေ့တိုင်း ဖော်ပြလျက်ရှိပါသည်။ (စာတည်း)**

**ယခင်အပတ်မှအဆက်**

ထို့အတူ မော်တော်ကားတင်သွင်းခွင့် တရားဝင် ဖွင့်လှစ်တင်သွင်းစေခဲ့သော်လည်း နယ်စပ်များမှ တရားမဝင် အခွန်လွတ်ကားများ ရန်ကုန်မြို့တွင်းသို့ ဝင်ရောက်နေမှုများလည်း ရှိနေဆဲပင်ဖြစ်သည်။ ရန်ကုန်အရောက် သယ်ယူခြောက်သိန်း၊ ခုနစ်သိန်းဖြင့် ပို့ဆောင်နေမှုများလည်း ကြားနေရဆဲဖြစ်သည်။

ထို့အတူ ငွေကြေးရှိသော သူများက အမည်ခံများဖြင့် တင်သွင်းကာ လမ်းဘေးလွတ်သည့်နေရာများ၌ ထိုးထားသည့်ကားများရှိသလို နံပါတ်မပါသည့်ကား လမ်းပေါ်တွင် မောင်းနှင်မှုများလည်း တွေ့နေရဆဲဖြစ်သည်။ ထို့အပြင် မြို့လယ်လမ်းများ ပိတ်ဆို့မှုများနေသည့် အကြောင်းရင်းတစ်ရပ်မှာ လမ်းဘေးဈေးသည်များကြောင့်ပင်ဖြစ်သည်။ ဈေးသည်များက ပလက်ဖောင်းနေရာကို အပြည့်နီးပါးနေရာယူထား၍ လူများ လမ်းပေါ်က လျှောက်ရသည့်အခါ လမ်းကြောင်းပို၍ ကျပ်စေသည်။ ဤအချက်သည်လည်း အခြားအာဆီယံနိုင်ငံ မြို့ကြီးများတွင် မရှိသည့် လက္ခဏာပင်ဖြစ်သည်။

**ဘယ်လိုဖြေရှင်းကြမလဲ**

ရန်ကုန်မှာဖြစ်ရတဲ့ အခြေခံအကြောင်းအရင်းကနေဖြင့် ကားစီးရေနှင့် လမ်းအနေအထားမမျှတမှုကြောင့်ဖြစ်၍ လက်ရှိရှိနေသည့်လမ်းများအပြည့်အဝအသုံးချနိုင်ရေးအတွက်လုပ်ဆောင်ဖို့လိုသလို တိုးချဲ့နိုင်သည့်လမ်းများတိုးချဲ့ခြင်း၊ ခုံးကျော်တံတားများဖောက်လုပ်ခြင်း၊မိုးပျံတံတားများဖောက်လုပ်ခြင်း၊ လမ်းသွယ်အသီးသီးအသုံးပြုနိုင်ရန် လုပ်ဆောင်ခြင်းကို ဦးစားပေးရမည်ဖြစ်သည်။ လမ်းကြောင်းပေါ်တွင် ကားမရပ်ရေးအတွက်မြို့နယ်တိုင်း၊ နေရာတိုင်း ကားပါကင်များ နေရာရှားပါးလျှင် အထပ်များစွာပါဝင်သည့် ကားပါကင်များ များစွာလိုအပ်မှုကြောင့် ယခုအခါ ရန်ကုန်တွင် စတင်ဆောက်လုပ်နေပြီဖြစ်သော်လည်း ယခုထက်ပိုမိုဆောင်ရွက်ရမည်ဖြစ်သည်။ တစ်ပြိုင်တည်းမှာပင် ကားအသုံးပြုမှုလျော့နည်းစေရေးအတွက် အများနှင့်သက်ဆိုင်သည့် သယ်ယူပို့ဆောင်ရေး (Public Trasportation)မှာ ရထားပို့ဆောင်ရေးပင်ဖြစ်သည်။ နိုင်ငံတကာတွင်လည်း အထိရောက်ဆုံးနှင့် အားထားရဆုံးမှာ မီးရထားပို့ဆောင်ရေးပင်ဖြစ်သည်။ ယခုအခါမြို့ပတ်ရထားတွင် အဲကွန်းမြို့ပတ်ရထားစတင်နေပြီဖြစ်သလို ဈေးနှုန်းသက်သာမှုနှင့် အချိန်သက်သာရန်အပြင် သက်သောင့်သက်သာရှိမှုကြောင့် ရထားအသုံးပြုမှု ပိုများလာပြီဖြစ်သည်။

ယခုထက်ရထားစီးရေ တိုးချဲ့ရဦးမည်ဖြစ်သလို ရုံးတက်ရုံးဆင်းချိန်များတွင် အဆက်မပြတ်ပို့ဆောင်ပေးသည့်ရထားများပြေးဆွဲရန် လုပ်ဆောင်နေပြီဖြစ်သည်။ ရထားကိုသာ နိုင်ငံတကာကဲ့သို့ အချိန်အလိုက် Time tableများဖြင့် မှန်မှန်ပြေးဆွဲနိုင်လျှင်အခြေခံလူတန်းစားများအပါအဝင်ရုံးဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများနှင့်လူအများစုသည် ရထားကိုသာသုံးစွဲလာမည်ဖြစ်သည်။ ဤနည်းလမ်းသည် ကားကျပ်မှုအတွက် အခြေခံလူတန်းစားနှင့် လူအများထိခိုက်နေမှုကို အကောင်းဆုံးဖြေရှင်းနိုင်သည့်နည်းလမ်းတစ်ရပ်ပင်ဖြစ်သည်။ အခြေခံအဆောက်အအုံဖြစ်သည့်လမ်းများ၊ ခုံးကျော်တံတားများ၊ မိုးပျံတံတားများ၊ ကားပါကင်များ၊ ရထားလမ်းတိုးချဲ့ခြင်းစသည်တို့လုပ်ဆောင်ရန်အချိန်လိုပါသည်။ ချက်ချင်းလုပ်ဆောင်၍ မရနိုင်၊ ငွေကြေးတတ်နိုင်မှုအရလည်းကောင်း၊ ပတ်ဝန်းကျင်မထိခိုက်စေရေးအရလည်းကောင်း အဘက်ဘက်မှ သေချာစွာတွက်ချက်ပြီး ဆောက်လုပ်ရသည့်အတွက် အချိန်တစ်ခုတော့ပေးရမြဲဖြစ်သည်။ Soft infrastructureဟုခေါ်သည့်ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများဖြင့်လည်း ဖြေရှင်း၍ရသည်။ အချိန်အများကြီးမလိုပါ။ ရန်ကုန်ကားကျပ်နေရသည့် ပြဿနာသည် တစ်တိုင်းပြည်လုံးဖြစ်နေသည့် ပြဿနာတော့မဟုတ်ပေ။ ပေါ်လစီအပြောင်းအလဲကြောင့် အများစုရှိသည့်နယ်များမှ လူများကိုထိခိုက်နိုင်သည်။ တစ်နိုင်ငံလုံး၏ အကျိုးစီးပွား(National intrest) အရမူ ဘက်ပေါင်းစုံသုံးသပ်လေ့လာပြီးမှသာ အများအကျိုးစီးပွားကိုဦးစားပေးရမည်ဖြစ်သည်။

**နိုင်ငံတကာဖြေရှင်းသည့်နည်းလမ်းများ**

ယခင်ကထက် ဖွံ့ဖြိုးလာသည့် အာရှနိုင်ငံတိုင်းကား သုံးစွဲမှုမြင့်တက်နေမှုကြောင့် ရုံးတက်ရုံးဆင်းချိန်များတွင် ကားကျပ်သည့်ပြဿနာရှိနေဆဲပင်ဖြစ်သည်။ သို့သော်ကားလမ်း အပြည့်အသုံးပြုနိုင်ခြင်း၊ ကားတိုင်းယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာသလို လမ်းကူးသည့်သူများကလည်း သတ်မှတ်ထားသည့်မျဉ်းကျား၊ လမ်းကျော် (over pass)၊ မြေအောက်ဖြတ်လမ်း(under pass)များမှဖြတ်သန်းခြင်းတို့ကြောင့် ကားကျပ်မှုကိုအချိန်တိုအတွင်းဖြေရှင်းနိုင်သည်။

**ဆက်လက်ဖော်ပြပါမည်။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## ရန်ကုန်ဘူတာကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက်
## ရင်းနှီးတည်ဆောက်လိုသူများ၏ အဆိုပြုလွှာများကို ဖိတ်ခေါ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှု၍ စီမံကိန်း/အလုပ်အကိုင် အခွင့်အလမ်းကောင်းများကို ဖော်ဆောင်လျက်ရှိသည့်ရည်မှန်းချက်နှင့်အညီ မြန်မာ့မီးရထားသည် ရန်ကုန်ဘူတာကြီး ယာဒ်ဝင်းနယ်မြေကို မဟာရန်ကုန်မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်လာစေရန် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ ရန်ကုန်ဘူတာကြီး ယာဒ်ဝင်းနယ်မြေ ၂၅. ၇၄၆ ဟက်တာ (၆၃. ၆၂၂ဧက)ပေါ်တွင် ရထားလုပ်ငန်းနှင့် ဆက်စပ်လျက်ရှိသော စီးပွားရေးလုပ်ငန်းများ၊ အထပ်မြင့်အဆောက်အအုံများ၊ ဘက်စုံဖွံ့ဖြိုးရေးနှင့် ပို့ဆောင်ရေးစနစ်များပါဝင်မည့် စီမံကိန်းတစ်ရပ်ကို နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ မြန်မာ့မီးရထားသည် ရန်ကုန်ဘူတာကြီး ယာဒ်ဝင်းနယ်မြေ ဖွံ့ဖြိုးရေးစီမံကိန်းအား အနာဂတ်ရည်မှန်းချက်များနှင့်အညီ ပြီးပြည့်စုံသော ဖွံ့ဖြိုးတိုးတက်မှု ဖြစ်လာစေရေးအတွက် ဒီဇိုင်းပုံထုတ်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်လုပ်ကိုင် လွှဲပြောင်းခြင်း စသည်များအတွက် ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း တင်ဒါခေါ်ယူခဲ့ရာတွင် မြန်မာ့မီးရထား၏ မျှော်မှန်းချက်နှင့် သတ်မှတ်ချက်များ ပြည့်မီခြင်းမရှိသည့်အတွက် တင်ဒါပြန်လည်ခေါ်ယူသွားမည်ဖြစ်ရာ မြန်မာ့မီးရထားနှင့် ပူးပေါင်းဆောင်ရွက်ရန်ဆန္ဒရှိသော ရင်းနှီးတည်ဆောက်လိုသူ ပြည်တွင်း/ပြည်ပ လုပ်ငန်းရှင်/ကုမ္ပဏီများသို့ စိတ်ပါဝင်စားမှုဖော်ပြချက် (Expression of Interest) (EOI) အဆိုပြုလွှာများ ပေးပို့တင်ပြနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၃။ (EOI)အဆိုပြုလွှာကို ဒုတိယအထွေထွေမန်နေဂျာ(ထောက်ပံ့ဌာန)၊ မြန်မာ့မီးရထား၊ သိမ်ဖြူလမ်းနှင့်ကုန်သည်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တွင် ရယူနိုင်ပြီး ရင်းနှီးမြှုပ်နှံလိုသူများသည် (EOI) မူရင်း၊ မိတ္တူ(၁)စုံနှင့် CD Copy (၁)စုံကို အထက်ပါလိပ်စာသို့ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက် ၁၄း၀၀နာရီ နောက်ဆုံးထား၍ ပေးပို့တင်ပြရမည် ဖြစ်ပါသည်။ (E-mailဖြင့် ပေးပို့တင်ပြခြင်းကို လုံးဝ လက်ခံစဉ်းစားမည် မဟုတ်ပါ။)

၄။ ရန်ကုန်ဘူတာကြီး ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့်ပတ်သက်၍ သိရှိလိုသည့် အချက်အလက်များနှင့် လုပ်ငန်းအဆိုပြုလျှောက်လွှာ နမူနာပုံစံများကို www.yangonrailwaystation.com.mm website တွင် လေ့လာနိုင်ပါသည်။ E-mail-yrsdev@yangonrailwaystation.com.mm နှင့် ဖုန်းနံပါတ် +၉၅-၁-၃၉၃၄၂၄၊ ၂၉၁၉၈၅/ ၂၉၁၉၉၄ ထံသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူး**
**မြန်မာ့မီးရထား**
**ရထားပို့ဆောင်ရေးဝန်ကြီးဌာန**






**အခန်းဆက်ဝတ္ထုရှည်**



# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

**တက္ကသိုလ်ဘုန်းနိုင်**

*ရသစာပေသည် စာဖတ်ပရိသတ်များအား ညှို့ယူဖမ်းစားနိုင်၏။ ထိုစာပေကို ရသမြောက်အောင် ရေးဖွဲ့နိုင်ရန်မှာ စာရေးသူ၏ စာဖတ်ပရိသတ်အပေါ်ထားရှိသော စေတနာမှာ အရေးပါ၏။ ဆရာတက္ကသိုလ်ဘုန်းနိုင် မှာ စာဖတ်သူများအပေါ် အကျိုးအမြတ်မပါ။ ဆန္ဒစွဲမရှိ၊ ရိုးသားစွာဖြင့်ဘဝနှင့် ခံစားမှုတစ်ထပ်တည်းကျအောင် ရေးသားနိုင်သော စေတနာရှိ၏။ ထို့ကြောင့် ဆရာ၏ ရသစာပေများမှာ စာဖတ်ပရိသတ်များကြားဝယ် ယနေ့ထက်တိုင် တောက်ပနေဆဲဖြစ်၏။ ဆရာ၏ စာပေတွင် လူတို့၏ စရိုက်၊ လူတို့၏ ဘဝအမှန်တို့ကို သူတို့ဖြတ်သန်းရာခေတ်ကာလ အခြေအနေများနှင့် ထင်ဟပ်ဖော်ပြရာတွင် အရောင်အသွေးမရှိဘဲ ပကတိ အခြေအနေပေါ်လွင်အောင်ရေးဖွဲ့ထား၏။ ထို့ကြောင့်ခံစားမှုများနှင့်အတူ ဘဝအတွေးအခေါ်များလည်းရ၏။ အသိအမြင်များလည်း တိုး၏။ ခေတ်သမိုင်းကိုလည်း ထင်ဟပ်ရှုမြင်နိုင်၏။ ဤသည်ကား စာရေးသူ၏ စေတနာ အရင်းခံဖြစ်၏။ ယခု 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' တွင်လည်း စာဖတ်ပရိသတ်များ ဤသို့ ရှုမြင်ခံစားနိုင်မည်ဟု ယုံကြည်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

ရွက်ဝါတွေက သူ့ကို ကြွေပြကြသည်။

ကြွေသံ၌ သရော်သံပါကြသည်။

"ဟေ့. . . သက်ခိုင်. . . တို့တော့ ကြွေနေပြီ၊ အေးလေ. . . ကြွေနေကြပြီကွ"

သူတို့နှင့်အတူ လေရူးက ဝှေ့ဝင်ရင်း ရယ်သံပြုသည်။ ရက်ရက်စက်စက် ခက်ခက်မာမာ ရယ်သံပြုသည်။

မာန. . . နွေ၏ မာန. . . နွေသည် ခြွေနိုင်သောကြောင့် မာနရှိပေမည်။ ရှိထိုက်သည်။ သူက ခြွေနိုင်သူကိုး၊ လေရူးကလည်း ခြွေရေး စေတမန်ကိုး၊ ရွက်ဝါက ကြွေရဲ ကြွေနိုင်သူကိုး. . .။ သူတို့ ခြွေကြ. . . ကြွေကြပါစေ. . .။ ကန့်ကွက်ရန်မရှိပါ။ ကန့်ကွက်ရန် လုံးဝ မရှိပါ။

နှင်းမြူတို့ကသာ သိမ်မွေ့တိုးလျှိုးစွာ ရွှေ့ဝင်လာကြသည်။ နှုတ်ဆက်ဖို့ သိမ်မွေ့တိုးလျှိုးစွာ ရွှေ့ဝင်လာကြသည် လေ။

ငွေလရောင်ကလည်း အသာအယာ ကျဆင်းပေးနေ၏။ ရွက်ဝါတွေပေါ်မှာလည်း ကျဆင်းပေးပါမည်။ နှင်းမြူတွေပေါ်မှာလည်း ကျဆင်းပေးပါမည်။ ကိုယ်ကတော့ အေးမြရမည့်သူကိုး။

ဉဩသည်မူ တေးကိုဆိုနေသည်။ လာမည့်နွေအတွက်လည်း မဟုတ်။ သွားမည့် ဆောင်းအတွက်လည်း မဟုတ်။ သူကတော့ သူ့အတွက်တေးကို သူဆိုနေလေ၏။

ကိုသက်ခိုင်သည် ပြတင်းဝမှခွာပြီး သေတ္တာကိုဖွင့်လျက် စာအုပ်ကိုယူသည်။ လေယာဉ်ပျံထက် သူဖွင့်ယူဖတ်မိ သောမှတ်တမ်းစာအုပ်ပေပင်။

ကိုသက်ခိုင်သည် ဖောင်တိန်ကိုယူ၍ စာအုပ်၏ စာမျက်နှာသစ်၌ ရေးသည်။

ပတ်ဝန်းကျင်ဟာ ဂိမှာန်ခါတွင်းပေမယ့်. . . ဆောင်းရိမ်တွေ ကြွင်းထင်ဆဲပါပဲ မမနွယ်၊ ငွေနှင်းနဲ့ တိမ်ရော်ရီမှာ သိင်္ဂီရော်ရွက်တွေကလည်း ကြွေသက်မဆုံးအောင် ရှိနေတယ်။ ကျွန်တော့် သည်းမဟီက ဘဝရာသီကိုလည်း နွေကန္တာဦးရယ်လို့ပဲ တင်စားခေါ်ရလိမ့်မယ် ထင်တယ်၊ ဆယ်ကျော်နှစ်က စခဲ့ရတဲ့ သမုဒယနှင်းလွှာမှုန်မှုန်ဟာ ကျွန်တော့်ရင်မှာ မလွှမ်းခြုံတတ် လွှမ်းခြုံတတ်နဲ့ လွှမ်းဟုန်မပြတ်ရုံ ရှိနေသေးတယ်။

နွယ်ဦးမွန်မို့ ချစ်ထွတ်တင်ခဲ့ရပါတယ် မမနွယ်၊ ကျွန်တော့် နာမည်ဟာ သက်ခိုင်မို့လို့ ပညတ်နဲ့ ဓာတ်ဆက်ပြီး ကျွန်တော့် ချစ်သက်ဟာလည်း. . . ကမ္ဘာကုန်ကျယ်သရွေ့ ခိုင်ခလေ့နဲ့ ရှိနေရပါတယ် ဆိုရင်. . . တစ်ခါတုန်းကလိုပဲ မျက်ရည်ဝင့်ဝင့် ရင်နင့်နင့် နဲ့ မမနွယ်က ပင့်သက်ကိုသာ ရှိုက်လေဦးမယ်လို့ ကျွန်တော်ထင်ပါတယ်. . .။

ဒါပေမယ့် မမနွယ်တို့က မျက်ရည်တဝင့်ဝင့်. . . ပင့်သက်တစ်ရှိုက်နဲ့ ခွင့်လွှတ်လိုက်ပါ. . . မေ့ပစ်လိုက်ပါလို့ ပြောနိုင်စွမ်းတဲ့ မိခင်ဂိုဏ်းဝင် မေတ္တာရှင် မိန်းမသားတွေကိုး၊ ကျွန်တော်ကတော့ ငမိုက်သား ယောကျ်ားတစ်ယောက်ပါ၊ ခွင့်လွှတ်ခြင်းတရားကိုတော့ ပညာက ဆုံးမလို့ လက်ခံကျင့်သုံးနိုင်ပါတယ်၊ အင်း. . . ကျင့်သုံးနိုင်ပြီလို့ ထင်မိပါတယ်လေ. . .။

မေ့ဖို့ကတော့ မမနွယ်. . . မလွယ်ပေဘူး၊ အကြောင်းကတော့ ယောကျ်ား ဆိုတာဟာ မျက်ရည်ကျခွင့် မရှိလို့ပါပဲ မမနွယ်၊ မျက်ရည်ကျခွင့် မရှိတော့ ရင်ကိုလည်း မဖွင့်သာဘူး၊ ရင်ကို မဖွင့်သာတာကလည်း နှလုံးသားက ခံစားမှုဟာ မေ့လျော့ခြင်းနယ်ပယ်ဆီ ကူးဖို့ မျက်ရည်တံတားမရှိလို့ပါပဲ. . . ဒီတော့ ကျွန်တော်တို့က ဘုရားဆုပန် မင်းယောကျ်ားလို့ ကြွေးကြော်ပြီး ခပ်တည်တည်နဲ့ ရင်ကော့နေပြကြရတယ်၊ ကော့နေတဲ့ရင်ထဲမှာ ဘာတွေရှိနေတယ်ဆိုတာကိုတော့ ကျွန်တော်တို့ ယောကျ်ားတွေသာ အသိဆုံးပါ၊ မျက်ရည်မကျရဲ. . . မငိုရဲတဲ့. . . ကမ္ဘာမြေပြင်က ဟန်ဆောင်သူ သူရဲကောင်း ကျွန်တော်တို့ ယောကျ်ားတွေသာ အသိဆုံးပါ. . .။




**မာန...နွေ၏မာန...နွေသည်ခြွေနိုင်သောကြောင့် မာနရှိပေမည်။ ရှိထိုက်သည်။ သူက ခြွေနိုင်သူကိုး၊ လေရူးကလည်း ခြွေရေး စေတမန်ကိုး၊ ရွက်ဝါက ကြွေရဲ ကြွေနိုင်သူကိုး...။ သူတို့ ခြွေကြ...ကြွေကြပါစေ...။ ကန့်ကွက်ရန်မရှိပါ။ ကန့်ကွက်ရန် လုံးဝ မရှိပါ။**

ဟန်ဆောင်သူ သူရဲကောင်းတွေအဖြစ်နဲ့ ကျွန်တော်တို့က ဆက်နေရဦးမယ်၊ အဲဒီလို ဆက်နေရဖို့အတွက် မိန်းမတွေကို ဆက်လက် ရှုတ်ချနေကြရဦးမယ်၊ သစ္စာမဲ့သူတွေလို့ ဆက်လက်ရှုတ်ချနေကြရဦးမယ်၊ နောက်ဆုံးလဲလျောင်းနိုင်ရာ. . . မှီခိုနိုင်ရာ. . . အားကိုးနိုင်ရာ. . . မေတ္တာရှင် မိန်းမသားတစ်ဦးရဲ ရင်ခွင်ကို မတွေ့မချင်း ကျွန်တော်တို့က ဘဝရဲ့ အမှန်တရားတွေကို ပညာသားပါပါနဲ့ ရှောင်တိမ်းနေကြရဦးမယ်။

မမနွယ်ကိုလည်း ကျွန်တော်ရှောင်တိမ်းလေရဦးမှာပဲ မောင့်

**မမနွယ်ရေ...။**

ကိုသက်ခိုင်သည် စာရေးခြင်းကို ရပ်လိုက်သည်။ ထို့နောက် စာအုပ်ကိုပိတ်၍ သိမ်းဆည်းလိုက်သည်။

နောက်ဆုံး. . . မီးကို မှိတ်၍ အိပ်ရာဝင်သည်။

ပြတင်းက ငွေလရောင်ကမူ ထိုးဝင် ကျရောက်လာနေ၏။ ဉဩငှက်သံကလည်း တလွင်လွင် ဝင်လာနေ၏။တလွင်လွင်ပဲ့တင်ထပ် ဝင်လာနေ၏။ နံနက်စောစော၌ ကားဆိပ်ကို ဦးမြသန်း လိုက်ပို့သဖြင့် ကိုသက်ခိုင် ရောက်လာသည်။

ကံအားလျော်စွာ ရဲတံခွန်ကားကြီးပေါ်၌ တစ်နေရာစာ ရသည်။

ကားကြီး၏ ဒီဇယ်အင်ဂျင်စက်သံသည် တဂျုတ်ဂျုတ် တတုန်တုန် မြည်ဟည်းနေ၏။

ကားထွက်ခါနီးတွင် ကိုသက်ခိုင်က ဦးမြသန်းကို ပြောပြသည်။

"ဆရာ အခုလို ရုတ်တရက် ပြန်သွားတာကို ဦးမြသန်းတော့ အံ့ဩမှာပဲ"

အမှန်ပင် ဦးမြသန်းက အံ့ဩသည်။ သို့ရာတွင် ဘာမျှ ပြန်မဖြေဘဲ ငြိမ်နေ၏။ ဦးမြသန်း၏ စိတ်ကို ရိပ်မိဟန်နှင့် ကိုသက်ခိုင်က ရှင်းပြသယောင်ဆိုသည်။ စင်စစ်ကား ရှင်းပြခြင်းထက် ပဟေဠိတစ်ရပ်ကို ထပ်ဝှက်သွား သကဲ့သို့ ဖြစ်နေ၏။

"ဘောကျော်နဲ့ ဘောသောဇာတ်လမ်းက နောင်ဘဝမှာ ဘုရင့်သမီးတော်ဖြစ်သွားတဲ့နှမကို သွားသတိရမိတယ် ဦးမြသန်း၊ ခများဟာ မင်းသမီးစည်းစိမ်မှာ ပျော်နေလေမှ ပန်းချီဆရာဟာ ဆတ်ဆော့ပြီး ဘဝဟောင်းကို အမှတ်ရမယ့်ပုံကိုမှ သွားဆက်မိပလေတယ်။ မင်းသမီးကလေး ရင်ကွဲနာကျပြီး သေလွန်တော့ ဒီပန်းချီဆရာဟာ ဘယ်လောက်များ ယူကျုံးမရ ဖြစ်ရှာမယ် မသိဘူး၊ အင်း. . . အခုဆရာ ရုတ်တရက် မကွေးက ထွက်သွားရတဲ့ အကြောင်းကတော့ . . . ဦးမြသန်း၊ ဆရာဟာ အဲဒီပန်းချီဆရာလို မဖြစ်ချင်လို့ပါပဲ"

ကားကြီးက စထွက်၍ ဦးမြသန်းမှာ ပဟေဠိအနက်ကို မေးမြန်းခွင့်မရတော့ဘဲ လက်ပြရင်း ကျန်ရစ်ရှာ၏။

နံနက်စောလှသေးသဖြင့်နေထွက်မပြူသေး၊ရောင်နီတွေကမူ သန်းနေ၏။

မြို့နယ်နိမိတ်လွန်၍ လွင်တီးခေါင်ကို စတင်ဖြတ်ပြေးမိသောအခါ မြေပြင်မှောင်ပြာပြာကို တစ်ပိုင်းခြံလွှမ်း အုပ်ထားသည့် ပတ္တမြားရောင်ရဲသော အရှေ့မိုးကောင်းကင်ကို ဘွားခနဲ တွေ့ရ၏။

ပတ်ဝန်းကျင်တစ်ခုလုံးသည် စိတ္တဇကမ္ဘာကဲ့သို့ ပြန့်ပြောလွတ်လပ်နေသည်။ အဆီးအတား ကင်း၍ အသက်မဲ့ကာ ဆိတ်ဆိတ်သုဉ်းသုဉ်း ငြိမ်ငြိမ်သက်သက် ရှိနေ၏။ နီရွှေညိုမှောင်နေသဖြင့် မသိမသာ ချောက်ချားဖွယ်လည်း ဆောင်နေ၏။

အလွန်ဝေးသော အရပ်၌သာ တောရိပ်လိုလို တောင်ရိပ်လိုလို မပီမသသော သဏ္ဍာန်တို့ကို လှမ်းမြင်ရသည်။ မပီသသော သဏ္ဍာန်တို့က ပတ်လည်လည်း လှည့်နေကြသည်။

နတ်မောက်လမ်းဆုံရောက်သော် ကားကြီးသည် လက်ဝဲဘက် ချိုးကာ ရေနံချောင်းမြို့ဆီ ရှေးရှုလိုက်၏။

အမှန်မှာ. . . ကားပေါ်မှ ခရီးသည်တစ်ဦးကမူ ရေနံချောင်းမြို့ဆီရောက်နှင့်နေသည်။ သူရောက်နေသော ရေနံချောင်းမြို့ကား ဤကားကြီးနှင့် ဤကားပေါ်မှ ခရီးသည်တို့ မရောက်နိုင်သော ရေနံချောင်းမြို့ဖြစ်သည်။

လွန်ခဲ့သော အနှစ် နှစ်ဆယ်ကျော်မှ ရေနံချောင်းမြို့ဖြစ်သည်။ ၁၉၃၈ ခုနှစ် ဆောင်းကာလ နှင်းမှုန်မှုန်မှ ရေနံချောင်းမြို့ ဖြစ်သည်။

မောင်သက်ခိုင်နှင့် သူ့အစ်မ မလေးနွယ်တို့၏ ချစ်ဖွယ်. . . လွမ်းဖွယ် အံ့ဖွယ်ရာသော ရေနံချောင်းမြို့သာ ဖြစ်လေပါသည်တကား။

**အခန်း–၁၀**

**မေတ္တာစုံ ငုံလေစ**

ကုန်းထူ၊ နေပူ၍ ဖုန်ပေါသည်ဟု နာမည်ပျက်သော ရေနံချောင်းမြို့သည် ဆောင်း၏ ခနုရာသီ နတ်တော်လရက်အတွင်း တစ်ညနေခင်းဖြစ်သောကြောင့် နေကားအလွန် မပူပြင်းလှ။ ကုန်းကမူ တောင်မိုမိုတို့ထက် ဖုန်နှင့်ရော သောနှင်းမြူပြာဝေဝေတို့က ပါးပါးမှုန်မှုန် သိုင်းရစ်ခြုံနေသည်။

ပြေပြစ်ချောမွတ်သော ဝါဒ်ဆွန်ဝေးလမ်းတစ်လျှောက်တော်မှမြောက်သို့အော်စတင်အမျိုးအစား ကားနက်ကလေးတစ်စီးသည် ဖြည်းဖြည်းမှန်မှန်မောင်းနှင်း၍လာ၏။

ကားလေးသည် ဝင်ဆာဝေးလမ်းနှင့် ဘေးမဲ့ချောင်းဆုံရာထောင့်၌ ရပ်လိုက်သောအခါ စိမ်းပြာနုရောင် ဂါဝန်ဝတ်ထားသည့် မျက်လုံးကြည်ကြည် မျက်တောင်ကော့ကော့နှင့် အသက် ကိုးနှစ်၊ ဆယ်နှစ်ခန့်အရွယ်သူငယ်မလေးတစ်ဦးသည် ကားပေါ်မှဆင်း၍လာသည်။

သူငယ်မလေးသည် သူ့လက်ညှိုးလှလှလေးကို ထောင်ပြလျက်ဒရိုင်ဘာအား ပြုံးတည်တည် မျက်နှာထားနှင့် သတိပေး၏။

"ဒါပဲနော် ဦးလေးကိုချစ်တိုး၊ နွယ် ဒီကိုလာတာဖေဖေနဲ့ မေမေကိုရော . . . အန်တီ့ကိုရော မပြောရဘူးနော်၊ ဘွားဘွားကိုပြန်တိုင်မှာပဲ . . . သိလား"

စိတ်ရှည်သဘောကောင်းဟန်တူသော ဒရိုင်ဘာကိုချစ်တိုးက ခွင့်လွှတ်ကြင်နာစွာ ပြုံးရင်း ချိုသာစွာ ဖြေ၏။

"အေးပါ နွယ်ရာ . . . နင်ပြန်လာတိုင်း ဒီလာတာ ငါပြန်တိုင်ဖူးလို့လား၊ နင် ပဲလုံးကြော်တွေ အများကြီးစားတာကော တိုင်ဖူးလို့လား၊ ပြီးတော့ ကားကို ပင်းချောင်းမှာ မဟုတ်ဘူး . . . . ချောင်းနိမ့်မှာ ရေဆေးပါတယ်လို့ ငါအမြဲလိမ်ပေးတယ် မဟုတ်လား"

နွယ်သည် ပါးချိုင့်ကလေး ခွက်ဝင်အောင် ပြုံးလိုက်ပြီး စကားပြန်၏။

"ဟုတ်ပါတယ်လေ၊ နွယ်သိသားပဲ၊ ဒါပေမဲ့ နွယ်က ကြောက်လို့ပြောတာပါ"

"အေးပါ. . . မကြောက်ပါနဲ့၊ သွားမှာသာသွားစမ်းပါ၊ မကြာနေနဲ့နော်၊ ပင်းချောင်းအထိ သွားဦးမယ် မဟုတ်လား၊ အပြန်မိုးချုပ်နေဦးမယ်"နွယ်သည် လမ်းတစ်ဖက် ကူးပြေးမည် လုပ်ပြီးမှ "သြော် . . . မေ့လိုက်တာ ဦးလေးချစ်တိုး၊ နွယ့်လွယ်အိတ်ပေးဦး" ဟု ဆိုသည်။

ကိုချစ်တိုးက ရှေ့ခန်းထိုင်ခုံပေါ်၌ ကျန်ရစ်သော နွယ်၏ လွယ်အိတ်ကလေးကို လှမ်းပေးသည်။

နွယ်သည် လွယ်အိတ်ကလေးကို လွယ်လိုက်သည်။ ထိုနောက်လွယ်အိတ်အတွင်းရှိ တစ်စုံတစ်ခုကို နှိုက်၍ စမ်းကြည့်သည်။ ကျေနပ်မှုတစ်ခါ သူ့ဂါဝန် အင်္ကျီအိတ်ကလေးကို စမ်းကြည့်ပြန်သည်။ သူ့ဂါဝန်အင်္ကျီအိတ်ကလေးက ဖောင်း ဖောင်းလေး ဖြစ်နေ၏။

နွယ်က သူ့အမေရိကန်ဆံတောင်မှ ဆံပင်လေးများ လှုပ်ယမ်းသွားအောင် ခေါင်းလေးကို လယ်ငဲ့ ညာငဲ့ပြု၍ ကားအသွားအလာကိုကြည့်ပြီးလမ်းကို ဖြတ်ကူးလိုက်၏။ ဘေးမဲ့ချောင်းဘေး တမာပင်ကြီးတစ်ပင်အောက်၌ ဝါးလေးတိုင်တူပြီး သက်ငယ်မိုးလျက် အကာမရှိသော တဲတစ်ခုအောက်တွင် အသက်သုံးဆယ်ခန့် မိန်းမရွယ်တစ်ဦးသည် တပွက်ပွက် ဆီဆူနေသော အကြော်ဒယ်အိုးတွင်းသို့ မုန့်စိမ်းသစ်များ ထည့်ကာ ယောက်မနှင့် အသာမွှေလျက် ရှိ၏။

နွယ်က ရှူးဖိနပ်သံကလေး တဂေါက်ဂေါက်ပြုရင်း အကြော်ဖိုအနီး ကပ်သွားပြီး လှည့်ကြည့်ပြီး အံ့ဩဝမ်းသာဟန် လှမ်းနှုတ်ဆက်၏။ "ဟော. . . နွယ်ပါလား၊ ဘယ်တုန်းက ပြန်ရောက်လဲ၊ ကျောင်းမပိတ်သေးဘူး မဟုတ်လား"

"မပိတ်သေးဘူး ဒေါ်လေး၊ ဘွားဘွားက ဘိုးဘိုးဆုံးတဲ့နေ့ သုံးနှစ်မြော်တဲ့၊ အဲဒါ အလှူလုပ်မလို့တဲ့၊ နွယ် ခွင့်ငါးရက်ယူပြီး ပြန်လာရတာ၊ ဒါပေမယ့် စနေနဲ့ တနင်္ဂနွေ ခံနေတော့ ကျောင်း သုံးရက်တည်းပျက်မှာပါ"

နွယ်သည် စကားအဆုံး၌ သူ့ဒေါ်လေးအနီးတွင် ဆောင့်ကြောင့်လေးဝင်ထိုင်လိုက်၏။ လွယ်အိတ်ကိုမူ ပြာထူသော မြေနှင့် မထိအောင် သူ့ရင်ခွင်၌ပိုက်ထားလိုက်၏။ နွယ့်ဒေါ်လေးသက်သက်က သူ ခုထိုင်ထားသာ ဖင်ထိုင်ခုံကို သူ့ တင်အောက်မှ ဆွဲနုတ်ယူပြီး နွယ့်ထံ လှမ်းပေးသည်။

"သမီး. . . ဒီပေါ်မှာထိုင်၊ သမီးဂါဝန်ပေကုန်ဦးမယ်" နွယ်သည် ဖင်ထိုင်ခုံကို လှမ်းယူပြီး ထိုင်လိုက်၍ အနီးရှိ ဆန်ခါပေါ်မှ အကြော်မုန့်တစ်ခုကို နှိုက်ယူစားသည်။

"ဒေါ်လေးသက်သက်က မဖြေ။ ပြုံးရုံပြုံးပြီး လင်ပန်းတွင်းမှ မုန့်ဖတ်များကို နယ်နေ၏။

နွယ်ကသာ အကြော်မုန့်ကို ဝါးရင်း ဒေါ်လေးသက်သက်ကို စိုက်ကြည့်နေမိ၏။

ဒေါ်လေးသက်သက်၏ ဆံပင်တို့မှာ ဆီမရှိ၍ နီကြန့်ကြန့်ဖြစ်နေသည်။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**

## ဒူးရင်းဆိပ်ကျေးရွာမှ ရေလွှမ်းမိုးခံ အိမ်ထောင်စုများအား သထုံမြို့ပေါ်နှင့် အခြားမှ စေတနာရှင်များက လာရောက်လှူဒါန်း

**သထုံ ဩဂုတ် ၅**

သထုံမြို့နယ် ဒူးရင်းဆိပ်ကျေးရွာအနိမ့်ပိုင်း ဒုံသမိချောင်းနံဘေးတွင် နေထိုင်ကြသူများသည် မိုးများပြီး တောင်ကျရေများကြောင့် ချောင်းရေ မြင့်တက်ကာ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရာ အဆိုပါကျေးရွာရှိ ရေဘေးကင်းလွတ်ရာ တပ်ဦးဘုန်းတော်ကြီးကျောင်းနှင့် ရွာလယ်ဓမ္မာရုံတို့တွင် ပြောင်းရွှေ့နေထိုင်လျက်ရှိပြီး အဆိုပါရေဘေးရှောင် ဒေသခံများအား ဩဂုတ် ၄ ရက်က သထုံမြို့နယ်အတွင်းမှ စေတနာရှင်များက အဝတ်အထည်၊ ဆန်၊ ရေသန့်၊ အလှူငွေနှင့် အခြားပစ္စည်းများကို အစုအဖွဲ့အလိုက် ဒူးရင်ဆိပ်ကျေးရွာအခြေခံပညာအလယ်တန်းကျောင်းတွင် လာရောက်လှူဒါန်းပေးခဲ့ကြကြောင်းသိရသည်။

"ချောင်းရေကမကျဘဲ တိုးလာတာနေတာဆိုတော့ ရွှေ့ပြောင်းလာတဲ့ အိမ်ထောင်စုတွေကလည်း တိုးလာနေပါတယ်။ ဒီမှာက နှစ်စဉ်လိုလိုဖြစ်နေတော့ ဆုံးရှုံးမှု ကြီးကြီးမားမားတော့မရှိပါဘူး။ ဒီနေ့မှာ လာလှူတာ အဖွဲ့သုံးဖွဲ့ရှိပြီ။ မြို့နယ်ကတာဝန်ရှိသူ တွေကလည်း ထောက်ပံ့ပေးတာရှိပါတယ်။ နောက်နေ့တွေလာလှူဖို့ ကျွန်တော်တို့ဆီကို အကြောင်းကြားလာတာလည်းရှိပါတယ်" ဟု ကျေးရွာရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးထွန်းအေးက ပြောသည်။

အဆိုပါကျေးရွာတွင် ဇူလိုင် ၂၈ ရက်မှစတင်ကာ ကျေးရွာအတွင်း ရေများဝင်ရောက် ခဲ့ပြီး ဇူလိုင် ၃၀ ရက်မှစတင်ကာ ဒုံသမိချောင်းနံဘေး၊ အနိမ့်ပိုင်းမှဒေသခံများ ရေဘေးကင်းလွတ်ရာသို့ စတင်ရွှေ့ပြောင်းခဲ့ကြရာ ဩဂုတ် ၄ ရက်အထိ အိမ်ထောင်စုပေါင်း ၉၃ စုမှ လူဦးရေပေါင်း ၄၁၃ ဦး ဘေးကင်းလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

**သက်ဦး(သထုံ)**



## မြစ်ရေကြီးမှုကြောင့် သဘာဝရေဘေးသင့်ပြည်သူများနှင့် တိရစ္ဆာန်များအား ပြောင်းရွှေ့နေရာချထား

**ပခုက္ကူ ဩဂုတ် ၅**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်တွင် ဧရာဝတီမြစ်ရေကြီးမှုကြောင့် ခရိုင်၊ မြို့နယ်များမှ ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအဖွဲ့ တာဝန်ရှိသူများက ဩဂုတ် ၃ ရက် ညနေ ၅ နာရီအထိ ရေနစ်မြုပ်သည့် ရပ်ကွက်၊ ကျေးရွာအုပ်စုများရှိ အမည်၊ အိမ်ခြေ၊ လူဦးရေနှင့် တိရစ္ဆာန်စာရင်းများပြုစု၍ ရေဘေးလွတ်ရာနေရာများသို့ ပြောင်းရွှေ့ နေရာချထားပေးခဲ့ကြောင်း သိရသည်။

ရေဘေးသင့် ပြည်သူများနှင့် တိရစ္ဆာန်များမှာ မြို့ပေါ်အမှတ် (၁၊ ၉၊ ၁၀၊ ၁၂) ရပ်ကွက်များမှ အိမ်ခြေ ၂၁၅ အိမ်၊ လူဦးရေ ၉၅၉ ဦး၊ ဝက်အကောင် ၈၀ တို့နှင့် ကျေးရွာအုပ်စုများမှာ ကြားကျွန်း၊ ပခုက္ကူကျွန်း၊ ပေါက်တော၊ ဆိတ်ခွ၊ တင်းဂါက်၊ နတ်ကျွန်း၊ မကျီးပင်ပုနှင့် မြင်းကျွန်းကျေးရွာများရှိ အိမ်ခြေ ၃၂၇ အိမ်၊ လူဦးရေ ၃၆၁ ဦး၊ နွားကောင်ရေ ၁၃၀၀၊ ဆိတ် ၁၆၃ ကောင်၊ မြင်းတစ်ကောင်နှင့် ဝက် ၁၄၀၊ စုစုပေါင်း အိမ်ခြေ ၅၄၂ အိမ်၊ လူဦးရေ ၁၃၂၀၊ နွားအကောင် ၁၃၀၀၊ ဆိတ် ၁၆၃ ကောင်၊ ဝက်အကောင် ၂၂၀ နှင့် မြင်းတစ်ကောင်တို့အား သဘာဝရေဘေးလွတ်ကင်းရာ ဘုရားစေတီဝိုင်းအတွင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ မူလတန်း၊ အလယ်တန်းကျောင်းများ၊ နီးစပ်ရာ ဆွေမျိုးသားချင်းနေအိမ်များ၊ ကုန်းမြေမြင့်ရာ လမ်းမကြီးနံဘေးများနှင့် ညောင်ဦးမြို့နယ်များသို့ ပြောင်းရွှေ့နေရာချပေးခဲ့ကြောင်း ရေဘေးသင့်ပြည်သူတစ်ဦးကပြောပြ၍ သိရသည်။

**အောင်ကျော်မြင့်**

## သရက်မြို့၌ ရေဘေးသင့်ပြည်သူများအား ဆန်များလှူဒါန်း

**သရက် ဩဂုတ် ၅**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် ရှုံးရပ်ကွက်အတွင်းရှိ လူနေအိမ်အချို့နှင့် တောင်မင်းတည်းရပ်ကွက်အတွင်းရှိ လူနေအိမ်အချို့တို့မှာ ရေလွတ်ကင်းသည့် ရွှေသက်လွတ်၊ ရွှေရင်အေးရပ်ကွက် အတွင်းနှင့် လေးထပ်ကျောင်း၊ ရိပ်သာ၊ ဒက္ခိတ၊ လယ်တီ၊ ပြည်ကြီးကျောင်း၊ ရွှေတောင်၊ အောင်စေတီ၊ ရတနာမာန်အောင်၊ ပုညကုသလ၊ မင်္ဂလာယွန်း၊ ဓမ္မာရုံနှင့် ကျောင်းများတွင် ပြောင်းရွှေ့နေထိုင်ကြရသည်။

ယင်းမိသားစုဝင်များအား ပြည်တော်အေးရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးရာဇာဦး ဦးဆောင်မှုဖြင့် ရပ်ကွက်နေပြည်သူများ ထည့်ဝင်ငွေများစုပေါင်းပြီး ဆန်အိတ်များ ဝယ်ယူကာ ရေဘေးသင့်ပြည်သူများအား ဆန်များလှူဒါန်းခြင်းကို ဩဂုတ် ၃ ရက် မွန်းလွဲ ၁ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ပြည်တောအေးရပ်ကွက်အတွင်းရှိ ပြည်သူများ၏ ထည့်ဝင်ငွေများစုပေါင်းပြီး ဆန်အိတ် ၂၀ ဝယ်ယူကာ ရေဘေးသင့်ပြည်သူများနေထိုင်သည့်နေရာသို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အတူ အဖွဲ့ဝင်များက ဆန်များလိုက်လံလှူဒါန်းပေးခဲ့ကြခြင်းဖြစ်ကြောင်း ဒေသခံများ၏ပြောပြချက်အရ သိရသည်။

**ဇော်ထက်(သရက်)**



## ပွင့်ဖြူမြို့နယ် ပြည်သူ့ဆေးရုံ၌ ရေကြီးပြီးတင်ကျန်ရစ်သည့် နုန်းနှစ်များ အမှိုက်သရိုက် များ စုပေါင်းသန့်ရှင်း

**မင်းဘူး ဩဂုတ် ၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ရေကြီးရေလျှံမှုကြောင့် ပွင့်ဖြူမြို့နယ် ပြည်သူ့ဆေးရုံကြီးမှာ နုန်းနှစ်များ၊ အမှိုက်သရိုက်များ တင်ကျန်လျက်ရှိရာ ဩဂုတ် ၃ ရက် နံနက်ပိုင်းမှစ၍ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ NGO အဖွဲ့များ၊ ဌာနဆိုင်ရာများက မီးသတ်ရေယာဉ်များဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

ပွင့်ဖြူမြို့နယ်အတွင်း ပြည်သူများ၏ ကျန်းမာရေးကောင်းမွန်စေရန် ကျန်းမာရေးဌာနမှ သန့်ရှင်းသောသောက်သုံးရေရရှိရေး ရေတွင်း၊ ရေကန်များအား အဘိတ်ဆေးပြားများ ခတ်ပေးခဲ့ကြသည်။

အလားတူ ပွင့်ဖြူမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ လူနေအိမ်များကလည်း မိမိတို့ရုံးအတွင်းရှိ နုန်းနှစ်များ၊ အမှိုက်သရိုက်များအား စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**နိုင်ဝင်း**

# ကျောင်းပြင်ပ မူလတန်းပညာရေးလုပ်ငန်း ဖွင့်ပွဲကျင်းပ

**ဘားအံ ဩဂုတ် ၅**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ကျောင်းပြင်ပ မူလတန်းပညာရေးလုပ်ငန်း(NFPE)ဖွင့်ပွဲကို ဩဂုတ် ၃ ရက် မွန်းလွဲ ၂ နာရီတွင် အခြေခံပညာအထက်တန်းကျောင်းခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်သန်း၊ မြို့နယ်ပညာရေးမှူး ဒေါ်မိုးပုလဲစိုးတို့က အမှာစကားပြောကြားခဲ့ကြသည်။

ယင်းနောက် ကျောင်းပြင်ပ ပညာရေးလုပ်ငန်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူးဦးထွန်းဝေက ကျောင်းပြင်ပ မူလတန်းပညာရေး ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါ ကျောင်းပြင်ပမူလတန်းပညာရေးလုပ်ငန်းများကို သံတောင်ကြီး မူလွန် (၃) တွင် စခန်းတစ်ခု၊ မောင်နွဲ့ကြီးအလယ်တန်းကျောင်း(ခွဲ)တွင် စခန်းတစ်ခု၊သံတောင်အမက(၂) တွင် စခန်းတစ်ခု၊ လိပ်သိုအထကတွင် စခန်းတစ်ခု၊လဘက်အင်းအထက် ကျေးရွာ အ-မ-က တွင် စခန်းတစ်ခု၊ စုစုပေါင်း စခန်းငါးခုတွင် ဖွင့်လှစ်ထားကြောင်း သိရသည်။

ကျောင်းပြင်ပ မူလတန်းပညာရေးလုပ်ငန်း ဖွင့်လှစ်ရခြင်းမှာအကြောင်းအမျိုးမျိုးကြောင့် ကျောင်းလုံးဝမနေဖူးသေးသူများ၊ ကျောင်းနေခဲ့ရသော်လည်း မူလ တန်းပညာမပြီးမြောက်ခင်ကျောင်းစောထွက်ခဲ့ရသူ အသက်(၁၀)နှစ်မှ (၁၄)နှစ် ကြား ကလေးများကို ဒုတိယအကြိမ် ပညာရေး အခွင့်အလမ်းပေးရန်နှင့် အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်သို့ ဆက်လက် ပညာသင်ကြားစေနိုင်ရန်ရည်ရွယ်ပြီး ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စောမင်းသား(ပြန်/ဆက်)**



မြန်အောင်မြို့နယ် အိုးဘိုအုပ်စု ဆိုင်းစုကျေးရွာ ဧရာဝတီမြစ်ကမ်းဘေး ပန်းတာအသေးသည် ဩဂုတ် ၂ ရက် နံနက် ၃ နာရီခွဲခန့်က ၁၀ ပေခန့် တာစတင်ကျိုးပေါက်သွားခဲ့ရာ မြစ်ရေဝင်ရောက်လာပြီး နံနက် ၈ နာရီတွင် ၃၅ ပေခန့်ကျိုးပေါက်လျက်ရှိကြောင်း သိရသည်။ ပန်းတာကျိုးပေါက်မှုကြောင့် ဆိုင်းစုရွာမှ အိမ်ထောင်စု ၂၀ ခန့် ရေလွတ်ရာသို့ ပြောင်းရွှေ့ထားကြောင်း သိရသည်။ ပန်းတာကျိုးပေါက်ရာနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်းနှင့်အဖွဲ့က ကြည့်ရှု၍ ရေဘေးသင့်အိမ်ထောင်စုများ၏ လိုအပ်ချက်များဆောင်ရွက်ရန် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကနောင်မြို့အုပ်ချုပ်ရေးမှူးတို့နှင့် ဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သတင်းနှင့် ဓာတ်ပုံ- ဝင်းဗိုလ် (မြို့နယ်ပြန်/ဆက်)

## ရေဘေးသင့်ပြည်သူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်

**မြင်းခြံ ဩဂုတ် ၅**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့တွင် မြစ်ရေဝင်ရောက်၍ ဘေးလွတ်ရာသို့ ပြောင်းရွှေ့လာကြသော ရေဘေးသင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စေတနာရှင်ပြည်သူတို့မှ အလှူငွေများလှူဒါန်းထောက်ပံ့ပေးအပ်ပွဲကို ကယ်ဆယ်ရေးစခန်းများတွင် ဩဂုတ် ၃ ရက် မွန်းလွဲ ၂ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားသော ကိုးဆောင်ကျောင်းတိုက် ဓမ္မာရုံတွင် ထောက်ပံ့ပစ္စည်းများပေးအပ်ရာ မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်း၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးအောင်ဇံ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များမှ ရေဘေးသင့်အိမ်ထောင်စုများတစ်စုလျှင် တဘက်၊ ကျားဝတ်လုံချည်၊ မဝတ်လုံချည်၊ ရေပုံး၊ ရေသန့်ဆေးထုပ်၊ ကာဘော်လိပ်ဆပ်ပြာ၊ ခေါက်ဆွဲထုပ်၊ ရေသန့်ဘူးများကို ပေးအပ်ခဲ့ကြသည် ။

ယင်းအပြင် စေတနာရှင်ပြည်သူများမှ လှူဒါန်းထားသော အလှူငွေများကို လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်းက လက်ခံရယူခဲ့သည်။ စေတနာရှင်များလှူဒါန်းသောငွေများမှာ စုစုပေါင်းကျပ်၄၃ သိန်းနှင့် မြင်းခြံမြို့ပေါ်ရှိ ရေသန့်စက်ရုံများဖြစ်သော 'ရွှေမြန်မာ' သောက်ရေသန့် တိုကျို သောက်ရေသန့်၊ OK 2 သောက်ရေသန့် စက်ရုံတို့မှလည်း ကယ်ဆယ်ရေးစခန်းအသီးသီးသို့ ရေသန့်ဘူးများမပြတ်စေရန် နေ့စဉ်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

မြင်းခြံမြို့တွင် ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးစခန်းကိုးခုဖွင့်လှစ်၍ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ခရိုင်နှင့်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ်အထောက်အကူပြုအဖွဲ့ဝင်များဖြင့် အထူးဂရုပြုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**



## လူမှုကူညီရေးအသင်းများက ရေဘေးသင့်ပြည်သူများကို စားသုံးကုန်နှင့် အဝတ်အထည်များ ထောက်ပံ့

**မြင်းမူ ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့သို့ လူမှုကူညီရေးအသင်းများက ရေဘေးသင့်ကျေးရွာများသို့ စက်လှေများဖြင့် သွားရောက်ပြီး စားသောက်ဖွယ်ရာ ထမင်းထုပ်များ၊ အသင့်စား ခေါက်ဆွဲခြောက်ထုပ်များ၊ သောက်ရေသန့်ဘူးများနှင့် အဝတ်အထည်များကို နေ့စဉ်ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

မြင်းမူမြို့မှ မြတ်သုခနှင့် ယသစရိယလူမှုကူညီရေးအသင်းများက မူးမြစ်နှင့် ဧရာဝတီမြစ်ရေ ဝင်ရောက်သည့် ကျေးရွာများမှ ရေဘေးသင့် အိမ်ထောင်စုများအတွက် အလှူခံဌာနများ ဖွင့်လှစ်ခြင်း၊ မြို့အတွင်း လှည့်လည်အလှူခံခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး အဝေးရောက် မြင်းမူဇာတိသားများက ပေးပို့လှူဒါန်းလျက်ရှိသည်။

အလားတူ မြင်းမူမြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် မြောင်မြို့နယ် ဘူးကိုင်းစံပြကျေးရွာ၊ ကိုးဆယ်ဆအနန္တမေတ္တာလူမှုကူညီရေးအသင်းတို့ ပူးပေါင်းပြီး ဩဂုတ် ၃ ရက်က ဧရာဝတီမြစ်ရေ ဝင်ရောက်သည့် ဆိပ်သာနှင့် ဆပ္ပကုန်းကျေးရွာမှ ရေဘေးသင့် အိမ်ထောင်စုများအား စားသောက်ဖွယ်ရာ ထမင်းထုပ်များ သွားရောက်ထောက်ပံ့ ပေးခဲ့သည်။

အဆိုပါ ရေဘေးသင့်ပြည်သူများထံသို့ သွားရောက်ထောက်ပံ့ပေးရာတွင် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းမြင့်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စိုးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကိုးဆယ်ဆ အနန္တမေတ္တာလူမှုကူညီရေး အသင်းဝင်များက သွားရောက်ထောက်ပံ့ပေးခဲ့ခြင်း ဖြစ်သည်။

ဆိပ်သာနှင့် ဆပ္ပကုန်းကျေးရွာများမှ ကျွဲ၊ နွားများအား မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဒေါ်မြင့်မြင့်ဌေးနှင့် ဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ပြီး ကျွဲ၊ နွား ၁၄၄ ကောင်အတွက် တိရစ္ဆာန်ကာကွယ်ဆေးများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**အောင်စိုးဖေ**

ဖတ်စရာ

# ဂုဏ်သိက္ခာရှိသော ရွေးကောက်ပွဲဆီသို့

**ခ ခင်မောင်ဌေး(ပညာရေး)**

မြန်မာနိုင်ငံအတွင် အရပ်သားအစိုးရတက်လာပြီး ဒီမိုကရေစီနိုင်ငံအဖြစ် ချီတက်နေသည်မှာ ပထမငါးနှစ်သက်တမ်းပင် ပြည့်လုပြည့်ခင်ရှိနေပြီဖြစ်၏။ ပြုပြင်ပြောင်းလဲရေးလှိုင်းများဖြင့် ပြောင်းလဲနိုင်ခဲ့သည်များလည်း ရှိ၏။ ပြုပြင်ပြောင်းလဲရန် လိုနေသည်များလည်း ရှိ၏။ စိန်ခေါ်မှုများစွာနှင့်လည်း ရင်ဆိုင်ဖြေရှင်းနေရ၏။

စင်စစ် ဒီမိုကရေစီနိုင်ငံတော်အဖြစ် နိုင်ငံသူ၊ နိုင်ငံသားများ၏ တူညီသောမျှော်မှန်းချက်များဖြင့် လျှောက်လှမ်းနေကြခြင်းဖြစ်၏။ ယခုအခါတွင် ဒုတိယသက်တမ်း ငါးနှစ်အတွက် ၂၀၁၅ ခုနှစ် နိုဝင်ဘာလဆန်းတွင် ဒုတိယအကြိမ်ရွေးကောက်ပွဲကြီး ကျင်းပတော့မည်ဖြစ်၏။

ယင်းရွေးကောက်ပွဲကြီးအတွက် မဲစာရင်းများပြုစုခြင်း၊ ထုတ်ပြန်ကြေညာခြင်း၊ မဲဆန္ဒနယ်များ ပိုင်းခြားသတ်မှတ်ခြင်း၊ တစ်ဖက်တွင်လည်း ပါတီများတည်ထောင်ခွင့်ပြုခြင်း၊ ကိုယ်စားလှယ်လောင်းစာရင်းများ ထုတ်ပြန် ကြေညာခြင်း၊ မဲဆွယ်စည်းရုံးရေးကာလ သတ်မှတ်ခြင်း စသည့် ရွေးကောက်ပွဲဆိုင်ရာ ဆောင်ရွက်ဖွယ်အသွယ်သွယ်တို့ကို လှုပ်ရှားဆောင်ရွက်နေချိန်လည်းဖြစ်၏။

ယခုအချိန်ကာလသည် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းကိစ္စ အဝဝတို့ဖြင့် သက်ဆိုင်ရာ ပါတီအဖွဲ့အစည်းများအတွင်း ရှုပ်ထွေးနေချိန်ဖြစ်၏။ ဤကာလအတွင်း ဆောင်ရွက်ဖွယ်မှန်သမျှ သတိပြုဆောင်ရွက်ရန်လိုအပ်သည်။

လူတို့သည် ‘ဒီမိုကရေစီ’ ဟု ဆိုလိုက်သည်နှင့် ‘လွတ်လပ်ခြင်း’ဆိုသည့် စကားလုံးအား အဓိပ္ပာယ်အမျိုးမျိုး၊ ရှုထောင့်အမျိုးမျိုးမှ ဖွင့်ဆိုလာကြ၏။ အလွန်အကျွံ သုံးစွဲမှုများကိုလည်း တွေ့ရှိလာရ၏။ ဒီမိုကရေစီတွင်ရှိသော လွတ်လပ်မှုသည် စည်းကမ်းရှိသည်၊ သိက္ခာရှိသည်၊ တရားဥပဒေနှင့် ညီညွတ်ရပါသည်။

နိုင်ငံရေးသိပ္ပံပါရဂူများက “ဒီမိုကရေစီနှင့် မျဉ်းတစ်ပြေးသာခြားသောအရာမှာ မင်းမဲ့စရိုက်ပင်ဖြစ်သည်”ဟု ဆိုကြပါသည်။ အကြောင်းမှာ ဒီမိုကရေစီ၏ လွတ်လပ်မှုကို အလွန်အကျွံသုံးစွဲလိုက်သည့်အခါ စည်းကမ်းမဲ့သော လွတ်လပ်မှု၊ ဥပဒေပြင်ပသို့ ရောက်ရှိသွားသော လွတ်လပ်မှုမှသည် မင်းမဲ့စရိုက်ဆန်သွားနိုင်သောကြောင့်ပင်ဖြစ်သည်။

စင်စစ်ဒီမိုကရေစီသည် လူတစ်ဦးချင်းစီ၏ လွတ်လပ်မှုကိုအလေးဂရုပြုပါသည်။ ပွင့်လင်းမြင်သာမှုနှင့် ပွင့်လင်း လူ့အဖွဲ့အစည်းအတွင်း တရားမျှတသောလွတ်လပ်မှုကို ဖော်ဆောင်ပေးနိုင်ပါသည်။ ယင်းလွတ်လပ်မှုကို ထိန်းကျောင်းထားသည်မှာ တရားဥပဒေစိုးမိုးမှု (Rule of Law) ပင်ဖြစ်သည်။

တရားဥပဒေ စိုးမိုးမှုဆိုသည်မှာ (Rule of Law) မည်သည့်ဒေသ၊ မည်သည့်အလုပ်၊ မည်သူမဆို ဥပဒေအရ ပြဋ္ဌာန်းသတ်မှတ်ချက်များနှင့် အညီ ပြုမူပြောဆိုကျင့်ကြံနေထိုင်ရခြင်းပင်ဖြစ်သည်။ ဆိုလိုသည်မှာ မည်သူမဆို မည်သည့်နည်းနှင့်မျှ ဥပဒေကို ချိုးဖောက်ခွင့်မရှိခြင်းပင်ဖြစ်သည်။ (No One Above The Law) ဆိုသည့်အတိုင်း ဥပဒေ၏ အဆုံးအမကို လူသားတိုင်း(နိုင်ငံသားတိုင်း) ညီတူညီမျှခံစားစံစားကြရမည်သာဖြစ်သည်။

ယင်းသို့ နိုင်ငံသားတိုင်းလိုက်နာရမည့် ဥပဒေပြဋ္ဌာန်းချက်များရှိပါလျက် လူနည်းစုကသော်လည်းကောင်း၊ လူများစုကသော်လည်းကောင်း၊ ချိုးဖောက်လာပါက တရားဥပဒေစိုးမိုးမှု (Rule of Law) ကိုထိပါးစေနိုင်ပါသည်။ နိုင်ငံသားများ လိုက်နာရန် ပြဋ္ဌာန်းထားသည့် တရားဥပဒေများ ပွန်းပဲ့လာသည်နှင့်အမျှ မိမိတို့၏ လုပ်ရပ်သည်လည်း တရားဥပဒေ အပြင်ဘက်သို့ ရောက်ရှိသွားနိုင်ပါသည်။

ယခုအချိန်ကာလသည် မြန်မာနိုင်ငံအရပ်ရပ်သို့ မဲဆွယ်စည်းရုံးမှုများပျံ့နှံ့ရောက်ရှိနိုင်သည်။ လူထုလှုပ်ရှားမှုသဖွယ် စည်းရုံးလှုံ့ဆော်မှုများ၊ ဟောပြောပွဲများမှာ ဒီမိုကရေစီစနစ်၏ ပြယုဂ်ပင်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ယင်းသို့သော်ဒီမိုကရေစီရေး လှုပ်ရှားမှုများနှင့် များစွာရင်းနှီးကျွမ်းဝင်သေးသည်တော့ မဟုတ်သေး။ သို့ဖြစ်၍ ယင်းသို့သော လှုပ်ရှားမှုများသည် ပြယုဂ်ကောင်းဖြစ်ဖို့ လိုပါသည်။

အထူးသတိပြုမိဖို့ လိုသည်မှာ အဖျက်အမှောင့် လုပ်လိုသူများ၊ သွေးထိုးလှုံ့ဆော်လိုသူများ၊ အကြောင်းအမျိုးမျိုးပြ၍ ဥပဒေမဲ့ပြုကျင့်လိုသူများသည် ရှိနေတတ်သည်။ ယင်းတို့သည် သဘောထားအမြင် သေးသိမ်သူများ၊ ဆူပူအုံကြွမှုကို ဖြစ်စေလိုသူများ၊ အပြုသဘောထက် အပျက်သဘောကိုသာ ရှုမြင်လိုသူများ၊ ငြိမ်းအေးမှုကို ပျက်ပြားစေလိုသူများသာ ဖြစ်သည်။

စင်စစ် ရွေးကောက်ပွဲဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ရေးအတွက် ရွေးချယ်ပေးရသည့် အရေးပါ ဆုံးသော အခွင့်အရေး တစ်ရပ်ပင်ဖြစ်သည်။ ယင်းအခွင့် အရေးကြီးကို နိုင်ငံသားအားလုံးက တရားမျှတစွာပါဝင် ယှဉ်ပြိုင်ကြဖို့သာ ဖြစ်သည်။

တရားဥပဒေကို အလေးထား၍ ပြုမူလှုပ်ရှားကြရန်လိုသည်။ မည်သည့်နည်းလမ်းကို သုံးသည်ဖြစ်စေ ပကတိရိုးသားဖြူစင်ဖို့လိုသည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ ဒေသတွင်း အာဆီယံအဝန်းအဝိုင်းတွင်လည်း အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ သို့ဖြစ်ရာနိုင်ငံတကာ၏ စောင့်ကြည့်မှုအောက်တွင် ရှိနေပါသည်။ သို့ဖြစ်၍ မိမိနိုင်ငံသားများက ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဂုဏ်သိက္ခာရှိရှိ ဆောင်ရွက်ကြလျက် ဒီမိုကရေစီ နိုင်ငံရေးအခင်းအကျင်းပြယုဂ်ကောင်းတစ်ခုကိုပုံဖော်နိုင်ကြဖို့က လိုရင်းသာဖြစ်ပါသည်။ ။

**တရားဥပဒေကို အလေးထား၍ ပြုမူလှုပ်ရှားကြဖို့လိုသည်။ မည်သည့်နည်းလမ်းကိုသုံးသည်ဖြစ်စေ . . .**

## ငါးသိုင်းချောင်းမြို့ ဝန်မြစ်ရေမြင့်တက်မှုကြောင့် ရေကာတာများ ယိုစိမ့်

**ငါးသိုင်းချောင်း ဩဂုတ် ၅**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ ဝန်ရေကာတာ မိုင်တိုင်အမှတ် (၄၅/၅) နှင့် (၄၅/၆) ကြားတွင် ဩဂုတ် ၃ ရက် ညနေ ၄ နာရီက ရေယိုစိမ့်ပေါက်သုံးခုတွေ့ရှိရသဖြင့် ဌာနဆိုင်ရာများ၊ ဖွံ့/ထောက်ကော်မတီများ၊ မီးသတ်ကယ်ဆယ်ရေးနယ်မြေရဲတပ်ဖွဲ့နှင့် မြို့ပေါ်ရပ်ကွက်အသီးသီးမှ ပရဟိတလူမှုရေးအသင်းလူငယ်များ ပြည်သူလူထုစုစုပေါင်းအင်အား ၁၀၀ ကျော်ဖြင့် ကတုတ်ရိုက်ရေပွှန်ထုတ်ကျားကန်နည်းဖြင့် ဝိုင်းဝန်းဆောင်ရွက်ရာ ညနေ ၅ နာရီခွဲတွင် ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ တာယိုစိမ့်ရာသို့ ပုသိမ်ခရိုင်အုပ်ချုပ်ရေးမှူးဦးလှိုင်ထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများရောက်ရှိစစ်ဆေးခဲ့ပြီး လိုအပ်သောကယ်ဆယ်ရေးသုံးပစ္စည်းများ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အလိုက် တာဝန်ခွဲဝေဆောင်ရွက်လျက်ရှိကြောင်းနှင့် အရေးပေါ်အခြေအနေဖြစ်ပေါ်လာလျှင် လူထုအခြေပြုသောပရဟိတအဖွဲ့အစည်းများ စုစည်းမိပါက ပိုမိုစိတ်ချရနိုင်ကြောင်း အားပေးစကားပြောကြားခဲ့သည်။

ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ဩဂုတ် ၃ ရက် ညနေ ၆ နာရီ တိုင်းထွာချက်အရ ၃၀ ဒသမ ၀၅ ပေသို့ ရောက်ရှိနေသော်လည်း တာ၏ကြံ့ခိုင်မှုမှာ ငါးသိုင်းချောင်းမြို့တွင် များစွာစိုးရိမ်ရသော အခြေအနေတွင် မရှိသေးကြောင်း ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**စိုးမင်းဦး(ပြန်/ဆက်)**



## အမရာဖောင်ဒေးရှင်းမန္တလေးမှကျန်းမာရေးစစ်ဆေး၍ အခမဲ့ကုသ

**မန္တလေး ဩဂုတ် ၅**

အမရာဖောင်ဒေးရှင်းက ကြီးမှူး၍ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၃၃) လမ်းနှင့် (၃၄) လမ်းကြား ကမ်းနားလမ်းတွင် ဩဂုတ် ၂ ရက် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ အထွေထွေရောဂါကုဆရာဝန် ဒေါက်တာနေနိုင်၊ သွားနှင့်ခံတွင်းဆရာဝန်ဒေါက်တာမှိုင်းညိုတို့ဦးစီးသော အမရဖောင်ဒေးရှင်းအဖွဲ့က ကမ်းနားလမ်း ဧရာဝတီမြစ်ဘေးတွင် အခြေပြုနေထိုင်ကြသော သင်္ဘောလုပ်သားမိသားစုများ၊ သဲတင်လုပ်သား မိသားစုများနှင့် ဆင်းရဲနွမ်းပါး ပြည်သူများအား အခမဲ့ ကျန်းမာရေးစစ်ဆေး၍ ဆေးဝါးကုသပေးခဲ့သည်။

အလားတူ ဩဂုတ် ၁ ရက်ကလည်း စစ်ကိုင်းမြို့နယ် မင်းကွန်းဒေသရှိသံဃာတော်များ၊ သီလရှင်များ၊ မင်းကွန်းဒေသခံပြည်သူများအား အခမဲ့ကျန်းမာရေးစစ်ဆေးကာ အထွေထွေရောဂါများနှင့် သွားနှင့်ခံတွင်းရောဂါများအား ကုသပေးခဲ့ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## ထိုင်းနိုင်ငံလဝကနှင့်အကောက်ခွန်ဦးစီးဌာနတို့မှ ရေဘေးသင့်ပြည်သူများအား ပစ္စည်းများထောက်ပံ့ပေးပို့

**မြဝတီ ဩဂုတ် ၅**

ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၂) ရပ်ကွက် အမှတ်(၅)ရပ်ကွက်များရှိ ရေဘေးသင့်ပြည်သူများအား ကူညီကယ်တင်ရန်အတွက် ထိုင်းနိုင်ငံ တာ့(ခ်)ခရိုင် လဝကနှင့် အကောက်ခွန်ဦးစီးဌာန BM Boder Maesot Donation Flood Viotims တို့ပူးပေါင်း၍ ဩဂုတ် ၃ ရက်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ သောင်ရင်းခန်းမသို့ ရေသန့်ဘူး၊ ငါးသေတ္တာဘူး၊ ခေါက်ဆွဲခြောက်ထုပ်၊ ပဲနို့၊ အချိုမှုန့်၊ ဆား၊ ဆီ၊ မုန့်မျိုးစုံ၊ ဆပ်ပြာတုံး၊ ဆပ်ပြာမှုန့်၊ ခေါင်းလျှော်ရည်၊ ဖိနပ်စသည်ဖြင့် စုစုပေါင်းတန်ဖိုးငွေကျပ် ၅၉၈၀၀၀ တန်ဖိုးရှိ ထောက်ပံ့ပစ္စည်းများအား တာ့(ခ်)ခရိုင်လဝကမှူး စွန်ထိုင်းနှင့် အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူများ လာရောက်ပေးအပ်လှူဒါန်းခဲ့သည်။

မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်၊ ခရိုင်လဝကမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဝင်းသိန်း၊ အကောက်ခွန်ဦးစီးဌာနမှူး ၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြဝင်း၊ မြို့နယ်လဝကမှူး ဦးထွန်းအောင်ကျော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွဋ်၊ မြဝတီခရိုင် ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌဒေါ်သင်းသင်းမြတ်တို့ကလက်ခံရယူခဲ့ပြီး ယင်းအလှူပစ္စည်းများအား ရေဘေးကယ်ဆယ်ရေးစခန်းများသို့ အမြန်ဆုံးရောက်ရှိရန်ပေးပို့သွားမည် ဖြစ်ကြောင်း သိရသည်။

**မြတ်ကို(ဒေါနမြေ)**

## ရေဘေးသင့်ပြည်သူများအတွက် ဒဂုံမြို့သစ် (တောင်ပိုင်း)မှထောက်ပံ့ရေးပစ္စည်းများပေးအပ်

**ရန်ကုန် ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်းရန်အတွက် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အမှတ် (၁၈) ရပ်ကွက် ဓမ္မအလင်းပရဟိတအဖွဲ့လူငယ်များ ဦးဆောင်၍ အလှူငွေများ ကောက်ခံခဲ့သည်။

(၁၈) ရပ်ကွက် မိသားစုများ၏ စုပေါင်းလှူဒါန်းကြသော အဝတ်အထည်၊ လူသုံးကုန်ပစ္စည်း၊ ဆန်၊ ဆီ၊ ဆေး၊ ဆားများနှင့် အလှူခံရရှိသောငွေများကို ဆန်အိတ် ၅၀၊ ခေါက်ဆွဲခြောက် ၃၀၀ ဖာ၊ ရေသန့်ဘူးကတ် ၂၀၀၊ စုစုပေါင်းတန်ဖိုးငွေကျပ် သိန်း ၁၅၀ ကျော် ဖိုးဝယ်ယူပြီးရရှိသော ထောက်ပံ့ရေးပစ္စည်းများကို ဩဂုတ် ၄ ရက် နံနက် ၈ နာရီက ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်မှ စစ်ကိုင်းတိုင်းဒေသကြီးသို့ စတင်ထွက်ခွာသွားကြောင်း သိရသည်။

**(၅၉၈)**

## နတ်တလင်းတွင် လေဆင်နှာမောင်းတိုက်ခတ်

**နတ်တလင်း ဩဂုတ် ၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူးဦးမင်းနိုင်၊ အရန်မီးသတ်ဒုတိယတပ်ရင်းမှူး ဦးအေးကြွယ်နှင့် အရန်မီးသတ်တပ်ဖွဲ့စုပေါင်း၍ဩဂုတ် ၃ ရက် နံနက် ၉ နာရီခွဲက ရွာသာယာရွာတွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များပြိုလဲပျက်စီးသွားခဲ့ရာ ကျေးရွာအရန်မီးသတ်တပ်ဖွဲ့ဝင်မိသားစုများ၏ နေအိမ်လေးလုံးပါ ဆုံးရှုံးသွားသဖြင့် တပ်ဖွဲ့ဝင်မိသားစု တစ်စုလျှင်ဆန်တစ်အိတ်နှင့်ငွေကျပ် ၁၀၀၀၀ စီ ကူညီထောက်ပံ့ပေးခဲ့ကြောင်းသိရသည်။

**(၀၇၁)**

# သဘာဝဘေးဒဏ်သင့်ပြည်သူများအား ဘဏ်စာရင်းမှ လှူဒါန်းနိုင်

**ဟားခါး ဩဂုတ် ၅**

သဘာဝဘေးသင့် ပြည်သူများအား လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ချင်းပြည်နယ်အတွင်း သဘာဝဘေးသင့်ပြည်သူများအား ပြည်တွင်းပြည်ပ စေတနာရှင်ပြည်သူများက ထောက်ပံ့ကူညီလှူဒါန်းနိုင်ရေးအတွက် ချင်းပြည်နယ်ဟားခါးမြို့ မြန်မာ့စီးပွားရေးဘဏ် ဘဏ်စာရင်း CF-00094 သို့လည်းကောင်း၊ CB ဘဏ် အကောင့် ၀၀၅၄၆၀၀၁၀၀၀၂၂၂၁၇ သို့လည်းကောင်း၊ ချင်းပြည်နယ် သဘာဝဘေးအန္တရာယ်ကူညီထောက်ပံ့ရေး ဘဏ္ဍာရေးကော်မတီအမည်ဖြင့် ပေးသွင်းလှူဒါန်းနိုင်ကြောင်း သိရသည်။

ချင်းပြည်နယ် ဟားခါးမြို့ ရုန်းတောင်မြေပြိုမှု ဖြစ်ပွားခြင်းကြောင့် အန္တရာယ်ဖြစ်နိုင်သည့် ပြည်တော်သာရပ်ကွက်၊ ဈေးဟောင်းရပ်ကွက်၊ မြို့ဟောင်းရပ်ကွက်နေ ပြည်သူများအား ဘေးအန္တရာယ်ကင်းလွတ်သည့်နေရာများသို့ ရွှေ့ပြောင်းနေရာချထားခြင်း၊ ကျန်းမာရေးစောင့်ရှောက်ခြင်း၊ လုံခြုံရေးနှင့် စားသောက်ရေးများကို ချင်းပြည်နယ်အစိုးရအဖွဲ့က စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ဟားခါးမြို့ သဘာဝဘေးသင့်ပြည်သူများအတွက် ဖွင့်လှစ်ထားသည့် အ-ထ-က(၂) ကယ်ဆယ်ရေးစခန်းတွင် အိမ်ထောင်စု ၂၈၉ စု၊ လူဦးရေ ၁၄၂၄ ဦး၊ ခိုင်ကမ်း အားကစားရုံ ကယ်ဆယ်ရေးစခန်းတွင် အိမ်ထောင်စု ၅၉ စု၊ လူဦးရေ ၃၂၂ ဦး၊ ကာဆင်ဘုရားကျောင်း ကယ်ဆယ်ရေးစခန်းတွင် အိမ်ထောင်စု ၅၅၄ စု၊ လူဦးရေ ၂၃၈၃ ဦးထားရှိသည်။

ဗေသလဘုရားကျောင်း ကယ်ဆယ်ရေးစခန်းတွင် အိမ်ထောင်စု ၁၁၉ စု၊ လူဦးရေ ၅၉၉၊ ဦးကျိန်နွဲဘုရားကျောင်း ကယ်ဆယ်ရေးစခန်းတွင် အိမ်ထောင်စု ၄၄ စု၊ လူဦးရေ ၁၆၁ ဦး၊ BCM ဘုရားကျောင်းကယ်ဆယ်ရေးစခန်းတွင် အိမ်ထောင်စု ၇၄ စု၊ လူဦးရေ ၂၈၉ ဦး၊ ချင်းဓမ္မတက္ကသိုလ် ကယ်ဆယ်ရေးစခန်းတွင် အိမ်ထောင်စု ၁၀၉ စု၊ လူဦးရေ ၄၈၈ ဦးထားရှိသည်။

ဟားခါးတွင် စုစုပေါင်းကယ်ဆယ်ရေးစခန်း ခုနစ်ခုရှိပြီး အိမ်ထောင်စု ၁၂၄၈ စု၊ လူဦးရေ ၅၆၆၆ဦးအတွက် ချင်းပြည်နယ် အစိုးရအဖွဲ့က ဆန် ၉၄ အိတ် ထောက်ပံ့ပေးထားပြီးဖြစ်ကြောင်း တာဝန်ရှိသူများ၏ ပြောကြားချက်အရသိရသည်။

**(ချင်းပြည်နယ် ပြန်/ဆက်)**



# မအူပင်မြို့တွင် သဘာဝရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆောင်ရွက်



**မအူပင် ဩဂုတ် ၅**

မအူပင်မြို့နယ်အတွင်း မြစ်ရေပုံမှန်ရေအမှတ်သည် ၁၃ ဒသမ ၂ ဖြစ်ပြီး ဇူလိုင်လကုန်ရက်မှ ဩဂုတ် ၄ ရက်အထိ ရေတက်ရေကျ ၁၅ ဒသမ ၄ အထိ တိုးမြင့်လျက်ရှိသည်။

မအူပင်မြို့အားပတ်ထားသည့် တာများသည် ကြံ့ခိုင်မှုရှိသဖြင့် စိုးရိမ်ရေမှတ်ရောက်သော်လည်း သဘာဝဘေးအန္တရာယ်ကို ကာကွယ်ထားပြီး မြို့နယ်အတွင်းရှိ သဘာဝရေဘေးတားဆီးကာကွယ်ရေးအဖွဲ့မှလည်း စိုးရိမ်ရသည့်နေရာများအား သဲအိတ်များထပ်ပိုး၍ ကြိုတင်ကာကွယ်လျက်ရှိသည်။

ပြည်သူများအတွက် သဘာဝဘေးအန္တရာယ် မခံစားရရေးကို မြို့နယ်ရှိတာဝန်ရှိသူများ၊ အသင်းအဖွဲ့များ၊ ပြည်သူများပူးပေါင်း၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

သဘာဝရေဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန် အသိပေးနှိုးဆော်လျက်ရှိပြီး ရေဘေးအန္တရာယ်ကျရောက်ပါက ပြည်သူများ ဘေးလွတ်ရာတွင် အဆင်ပြေစွာ နေထိုင်နိုင်ရန် စားသောက်ကုန်ပစ္စည်းများ ကြိုတင်စုဆောင်းစီစဉ်ထားရှိကြောင်း သိရသည်။

**အောင်ခိုင် (ပြန်/ဆက်)**

## ယင်းမာပင်မှ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့

**ယင်းမာပင် ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ခိုင်ဖြိုးပါတီနှင့် မြို့နယ်အတွင်းရှိ သင်္ဂဟ၊ မာရီစတုပ်၊ ပက်စ်မြန်မာစသည့် လူမှုရေးအဖွဲ့အစည်းသုံးဖွဲ့၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ ယင်းမာပင်မြို့ပေါ်ရပ်ကွက်ပေါင်းလေးခု၊ ရွာထောင်ရွာ၊ ပြန်လှည့်ရွာစသည့် စေတနာရှင်အလှူရှင်များစုပေါင်းပြီး ဩဂုတ် ၃ ရက်၊ နံနက်ပိုင်းက ချင်းတွင်းမြစ်ရေလျှံတက်ဝင်ရောက်လျက်ရှိသော ကျေးရွာများသို့ ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။

ချင်းတွင်းမြစ်ရေ လျှံတက်ဝင်ရောက်လျက်ရှိသော ကျေးရွာ ၁၇ ရွာအနက်မှ အခက်အခဲအများဆုံး ကြုံရသည့် ကျေးရွာခြောက်ရွာမှ ရေဘေးကယ်ဆယ်ရေးစခန်း ငါးခုသို့ရောက်ရှိကာ ခန့်မှန်းလူဦးရေ ၁၀၀၀ ကျော်အတွက် ထမင်းထုပ်များ၊ ဆန်ငါးအိတ်ခွဲနှင့် အခြားအရေးပေါ် အလွယ်တကူသုံး ဆေးဝါးပစ္စည်းအမျိုးမျိုး၊ အဝတ်အထည် လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်ကုန်စိုအမျိုးမျိုး၊ ခေါက်ဆွဲခြောက်၊ အချိုရည်အမျိုးမျိုး၊ ကြက်ဥစသည့် စားသုံးကုန်ပစ္စည်း အမျိုးမျိုးတို့အား ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့သည်။

ဒေသခံပြည်သူများ ရေဘေးစိုးရိမ်ရမှုအဆင့်မှ ကင်းဝေးပြီဖြစ်သော်လည်း လက်ရှိအချိန်တွင်ရွာကျောင်းရှိဖွင့်လှစ်ထားသော ရေဘေးကယ်ဆယ်ရေးစခန်း၌ပင် ဆက်လက်နေထိုင်နေသေးကြောင်း သိရသည်။

"လူဦးရေ ခန့်မှန်း ၅၀၀ ကျော်လောက်နေထိုင်နေပါသေးတယ်။ ရွာထဲမှာလည်း တချို့က အိမ်စောင့်အနည်းဆုံး တစ်ယောက်၊ နှစ်ယောက်လောက် နေထိုင်ကြပါတယ်။ ကျွန်တော်တို့လို ရေဘေးသင့်သူ မိသားစုတွေအားလုံးအတွက် ပြောရရင် အခုလို စား၊ ဖွယ်ရာတွေနဲ့ အဝတ်အထည်၊ အလှူငွေတွေကို တတ်အားသရွေ့ ကူညီထောက်ပံ့လှူဒါန်းပေးကြလို့ ကျေးဇူးတင်ပါတယ်။ ပြန်လည်နေထိုင်နိုင်တဲ့ အခြေအနေအထိ ရောက်အောင် အဓိကအနေနဲ့ ဆန်၊ ဆီ၊ ဆားအပြင် အခြားအကူအညီများလိုအပ်နေဆဲဖြစ်ပါတယ်" ဟု ဘိန်းနွယ်ချောင်ကျေးရွာမှ ရေဘေးသင့်ဒေသခံဦးစိုးနိုင်က ပြောသည်။

ယင်းမာပင်မြို့နယ် ချင်းတွင်းမြစ်ရေလျှံတက်မှုမှာ ယခင်နှစ်များစွာထက်ပိုမိုကာ ရေလျှံတက် ဝင်ရောက်ကြောင်း၊ သုံးနှစ်တစ်ခါ ယခုလိုမျိုး ရေလျှံတက်ဝင်ရောက်ခဲ့သော်လည်း လူနှင့်တိရစ္ဆာန်များ ထိခိုက်သေဆုံးမှု မရှိကြောင်း၊ တချို့ သီးနှံအနေဖြင့် ကြက်သွန်၊ မြေပဲအနည်းငယ် ပျိုးထောင်စပါး၊ ကွမ်းခြံစသည်တို့ ပျက်စီးဆုံးရှုံးခဲ့ကြကြောင်း သိရသည်။

"မြစ်ရေလျော့ကျလို့ ဝမ်းသာပါတယ်။ ကျန်းမာရေးအတွက်လည်း တာဝန်ရှိသူတွေက အနီးကပ်စောင့်ရှောက်ပေးတဲ့အတွက် ကျွန်တော့်လို ဒုက္ခရောက်သူ အားလုံးကိုယ်စားအထူးကျေးဇူးတင်ပါတယ်" ဟု ရေဘေးသင့်တောင်သူတစ်ဦးက ပြောသည်။

ယခုလက်ရှိအနေဖြင့် ယင်းမာပင်ခရိုင်အတွင်း ကနီမြို့နယ်မှအပဆားလင်းကြီးမြို့နယ်၊ ပုလဲမြို့နယ်တို့အပြင် မုံရွာမြို့နယ်တို့ဖြင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်နေပြီး ကျောက်မှော်၊ ဘိန်းနွယ်ချောင်၊ ကန်ချောင်၊ မြရွှေစည်နှင့် မြပင်စည်ကျေးရွာများရှိ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်းများတွင် ရေဘေးကယ်ဆယ်ရေးစခန်းများအဖြစ် ဖွင့်လှစ်ထားရှိကြောင်း၊ ရေဘေးသင့်ဒေသခံပြည်သူ ၁၀၀၀ ကျော်အား လိုအပ်သော အကူအညီများကို ပံ့ပိုးကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း မြရွှေစည်ရေဘေးကယ်ဆယ်ရေးစခန်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

**ထွန်းကိုကို**

## ကိုယ့်အားကိုယ်ကိုး မေတ္တာလမ်း ကွန်ကရစ်လမ်းဖွင့်လှစ်

**မန္တလေး ဩဂုတ် ၅**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အိုးဘိုရွှေကျင်ရပ်ကွက် ကိုယ့်အားကိုယ်ကိုး မေတ္တာလမ်းကွန်ကရစ်လမ်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၃ ရက် နံနက် ၈ နာရီက အဆိုပါ လမ်းထိပ် မင်္ဂလာမုခ်ဦးတွင်ကျင်းပရာ ရပ်ကွက်ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့ဝင်များ၊ လမ်းဖြစ်မြောက်ရေးကော်မတီဝင်များ၊ World Vision International မှတာဝန်ရှိသူများ၊ ရပ်ကွက်ပြည်သူများ တက်ရောက်ကြသည်။

အောင်မြေသာစံမြို့နယ် အိုးဘိုရွှေကျင်ရပ်ကွက်ရှိ ပျက်စီးနေသော ကျောက်ကြမ်းမေတ္တာလမ်းအား ရပ်ကွက်ပြည်သူများမှ ထည့်ဝင်လှူဒါန်းငွေကျပ်သိန်း ၄၀ ကျော်နှင့် World Vision Internation Myanmarမှ ဘိလပ်မြေအိတ် ၆၀၀ ပံ့ပိုးမှုဖြင့် လမ်းအကျယ် ၁၅ ပေ၊ အရှည်ပေ ၆၀၀ ကွန်ကရစ်လမ်းအား ခင်းကျင်းခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

**သီဟကိုကို(မန္တလေး)**

## ဟသ်ာတမြို့ရေဘေးသင့်ပြည်သူများအား ဆန်နှင့်အလှူငွေများလှူဒါန်း

**ဟသ်ာတ ဩဂုတ် ၅**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့နယ် စစ်ကုန်းတိုက်နယ်အတွင်းရှိ ရေဘေးသင့် ပြောင်းရွှေ့အိမ်ထောင်စုများအား ထောက်ပံ့လှူဒါန်းပွဲကို ဩဂုတ် ၃ ရက် နံနက် ၁၁ နာရီက စစ်ကုန်းအုပ်စု စစ်ကုန်း အ-လ-က ကျောင်းနှင့် ဝိဇ္ဇာလင်္ကာရကျောင်းတို့တွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် သီရိပျံချီ ဦးသိန်းအောင်နှင့်ဇနီး၊ ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဌေးမြင့်နှင့်အဖွဲ့ဝင်များ၊ ဟသ်ာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦးနှင့်အဖွဲ့များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ ဖွံ့/ထောက်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံ ရေဘေးသင့် ပြည်သူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဟသ်ာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦးတို့က ရေဘေးသင့် ပြောင်းရွှေ့ အိမ်ထောင်စုများအား အားပေးစကားများ ပြောကြားခဲ့ကြပြီး တိုင်းဒေသကြီး အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးအဖွဲ့ ဥက္ကဋ္ဌက အားပေးစကားများ ပြောကြားကာ လှူဒါန်းရခြင်းအကြောင်းနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စစ်ကုန်းတိုက်နယ်နှင့် တောင်လုံးစုကျေးရွာများအတွင်းရှိ ရေဘေးသင့် ပြောင်းရွှေ့အိမ်ထောင်စုများအတွက် ဆန်နှင့် ခေါက်ဆွဲခြောက်ထုပ်များ၊ ခြင်ထောင်များနှင့်အလှူငွေများကိုပေးအပ်လှူဒါန်းခဲ့သည်။

**ခရိုင်ပြန်/ဆက်(ဟသ်ာတ)**

# မြန်အောင်မြို့နယ်တွင်စိုးရိမ်ရေမှတ်ကျော်လွန်နေ၊ လယ်ယာမြေဧက ၄၀၀၀ နီးပါးရေနစ်မြုပ်

**မြန်အောင် ဩဂုတ် ၅**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် ဧရာဝတီမြစ်၏ စိုးရိမ်ရေအမှတ်မှာ ၆၇ ဖြစ်ပြီး ဩဂုတ် ၃ ရက်တွင် ၇၀ ဒသမ ၆၀ တွင်တည်ရှိနေပြီး ညပိုင်းအထိ ဆက်လက်မြင့်တက်ခြင်းမရှိဘဲ တည်ရှိနေကြောင်း သိရသည်။

ယင်းသို့ စိုးရိမ်ရေအမှတ်ထက် ကျော်လွန်ခဲ့သဖြင့် မြန်အောင်မြို့နယ် သရက်တောအုပ်စု ငါးဘတ်ချောင်းကျေးရွာရှိ ရေကာတာမှာ စိုးရိမ်ရသောအခြေအနေများပေါ်ပေါက်ခဲ့ပြီး ရေကာတာပေါ် မြစ်ရေကျော်နိုင်သောအခြေအနေများဖြစ်ပေါ်ခဲ့သဖြင့် ဒေသခံများ၊ ရွှေကျင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများက ဩဂုတ် ၁ ရက်မှစတင်ကာ ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

နေ့စဉ်လိုလို ရေကာတာအား ကာကွယ်ရေးပစ္စည်းများဖြစ်သော သဲအိတ်၊ ဝါး၊ ထရံအစရှိသည့် ပစ္စည်းများဖြင့် ကာကွယ်ခဲ့ကြပြီး ဩဂုတ် ၃ ရက်တွင် သရက်တောကျေးရွာအုပ်စု ပေါက်တောကျေးရွာရှေ့ရှိရေကာတာကြီးမှာ မြစ်ရေများစိမ့်ဝင်လာသဖြင့် ဒေသခံများနှင့် တာဝန်ရှိသူတို့က ချက်ချင်းဆောင်ရွက်ခဲ့ကြသဖြင့် ရေကာတာအား မြစ်ရေမဝင်အောင် ထိန်းထားနိုင်ကြောင်း ၎င်းနေရာမှ ဒေသခံတစ်ဦးက ပြောသည်။

ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ဧရာဝတီမြစ်ကြောင်းရှိ ကျေးရွာအုပ်စုငါးခုမှာ ရေနစ်မြုပ်နေပြီး လူဦးရေ တစ်သောင်းကျော်၊ အိမ်ထောင်စု ၃၂၅၀ ခန့် ရေဘေးဒုက္ခနှင့် ကြုံတွေ့နေရကြောင်း၊ လေဆင်နှာမောင်းတိုက်ခတ်ရာတွင်လည်း ပျက်စီးခဲ့သည့်အိမ်ပေါင်း ၁၀၀ ခန့်ရှိကြောင်း၊ လေဘေးရေဘေးကယ်ဆယ်ရေးစခန်း ၁၀ ခုဖွင့်လှစ်ထားပြီး မြို့ပေါ်နှင့် အခြားမြို့များမှ အလှူရှင်များက ထမင်းထုပ်များ၊ အစားအစာများ၊ ရေသန့်များလာရောက်လှူဒါန်းကြကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှလည်း ကယ်ဆယ်ရေးပစ္စည်းများပေးပို့ထားကြောင်း တာဝန်ရှိသူများက ပြောသည်။

ရေကာတာများကျိုးပေါက်မည်ကို စိုးရိမ်သဖြင့် မြန်အောင်မြို့နယ် အနိမ့်ပိုင်းဒေသများမှ ဒေသခံ ၃၀၀၀ ခန့်သည် ထူကျေးရွာအုပ်စုတွင် ရောက်ရှိနေကြပြီး ယာယီကယ်ဆယ်ရေးစခန်းလေးခုဖွင့်လှစ်ပြီး အစားအသောက်၊ ရေသန့်နှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တာဝန်ရှိသူများနှင့် အလှူရှင်များက လာရောက်ဆောင်ရွက်ပေးထားသည်ဟု ထူကျေးရွာအုပ်စုမှ ဦးဆောင်လှုပ်ရှားသူတစ်ဦးကပြောသည်။

မြစ်ရေကြီးမှုကြောင့် ကယ်ဆယ်ရေးစခန်းများတွင် ရောက်ရှိနေသူများနှင့် ရေကာတာကျိုးပေါက်မည်ကိုစိုးရိမ်သဖြင့် ရေဘေးရှောင်နေကြသော ဒေသခံများအား နေ့စဉ်ဆိုသလို အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့မှ ဆရာတော်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်အလှူရှင်များနှင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များမှ ဆန်နှင့် ထမင်းထုပ်များ၊ ရေသန့်များကို ပေးဝေလျက်ရှိသည်ဟု ဒေသပိုင်မီးသတ်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ယခုကဲ့သို့ မြစ်ရေမတက်ခင် မိုးများရွာသွန်းမှုကြောင့် မြန်အောင်မြို့နယ် မြင်ဝါးတောင်ကျေးရွာရှိ မမြဆည်သည် စိုးရိမ်ရေအမှတ်သို့ရောက်ရှိခဲ့ပြီး ဩဂုတ် ၃ ရက်တွင် မမြဆည်၏အခြေအနေမှာ စိုးရိမ်စရာမရှိတော့ကြောင်း ဒေသခံအုပ်ချုပ်ရေးမှူးများက ပြောသည်။

မိုးများစွာရွာသွန်းခဲ့သဖြင့် လယ်ဧက ၅၀၀၀ ကျော် ရေမြုပ်ခဲ့ပြီး ဩဂုတ် ၃ ရက်တွင် လယ်ယာမြေများပြန်ပေါ်လာကြောင်း၊ အပျက်အစီးအဆုံးအရှုံးမသိရသေးကြောင်း၊ ဩဂုတ် ၃ ရက်အထိ ရေကြီးနစ်မြုပ်လယ်ယာမြေဧကမှာ ၃၉၈၅၂ ဧကဖြစ်ပြီး မြန်အောင်မြို့နယ်၏ မိုးစပါးစိုက်ဧကမှာ ၁၁၉၇၇၈ ဧကဖြစ်ပြီး စိုက်ပြီးဧကပေါင်း ၁၀၂၀၀၀ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း၊ လက်ရှိတွင် အထက်ဘက်ရှိ လယ်ယာမြေဧက ၅၀၀၀ မှလွဲ၍ ကျန်ဧက သုံးသောင်းကျော်မှာ ယနေ့အထိရေနစ်မြုပ်နေဆဲဖြစ်ကြောင်း မြို့နယ်စိုက်တိုးမြင့်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**နေဝင်းဇော်(မြန်အောင်)**

# မိုးကောင်းမြို့နယ်အတွင်း လွဲလောရေတားတမံကျိုးပေါက်မှု ပြန်လည်ပြုပြင်ခြင်းစတင်

**မြစ်ကြီးနား ဩဂုတ် ၅**

ကချင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိုးကောင်းမြို့နယ်အတွင်းရှိ ကြာအင်းကြီး၊ အင်ကြင်းနှင့် လွဲလောကျေးရွာများတွင် ရေကြီးရေလျှံမှုကြောင့် နစ်မြုပ်ပျက်စီးသွားသော လယ်ယာမြေများ အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေးနှင့် စပါးမျိုးစေ့များ စိုက်ထုတ်ပေးနိုင်ရေးအတွက် လွဲလောကျေးရွာအုပ်စု၌ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့ ဖွဲ့စည်း၍ အခြေပြုဆောင်ရွက်ရန်မှာကြားပြီး လွဲလောကျေးရွာရှိ လွဲလောရေတားတမံကျိုးပေါက်မှု အခြေအနေနှင့် စက်ယန္တရားကြီးများဖြင့် ယာယီပြင်ဆင်လုပ်ဆောင်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။



ယင်းနေ့က ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်းသည် ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးဘီထောဇောင်း၊ လူမှုရေးဝန်ကြီးဒေါ်ဘောက်ဂျာ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၃ ရက် နံနက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုးကောင်းမြို့နယ်အတွင်း ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ကာ နစ်မြုပ်ပျက်စီးခြင်းကြောင့် လယ်ယာမြေများ ပျက်စီးဆုံးရှုံးခြင်းခံခဲ့ရသော တောင်သူများအား တွေ့ဆုံအားပေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် လွဲလောဘုန်းတော်ကြီးကျောင်း၌ ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး ကျောင်းနဝကမ္မအလှူငွေကျပ် ငါးသိန်းလှူဒါန်း၍ အဆိုပါကျေးရွာများအတွင်း ရေလွှမ်းမိုးခြင်းခံခဲ့ရသည့် လွဲလောကျေးရွာ၊ မန်ပင်ကျေးရွာ၊ ကြာအင်းကြီးကျေးရွာနှင့် အမှတ်(၇၄)ခြေလျင်တပ်ရင်းရှိတပ်တွင်းအခြေခံပညာမူလတန်းကျောင်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းဥပမိရုပ်ကောင်းမွန်ရေး၊ ဆရာ၊ ဆရာမများ ဖြည့်တင်းခန့်ထားနိုင်ရေးနှင့် ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေးအတွက် တစ်ကျောင်းလျှင် မတည်ငွေကျပ် ငါးသိန်းစီကို ပြည်နယ်ဝန်ကြီးချုပ်က ထောက်ပံ့ပေးအပ်ပြီး လူမှုရေးဝန်ကြီးက လွဲလောအခြေခံပညာမူလတန်းကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် မိုးကောင်းပြည်သူ့ဆေးရုံကြီး၌ ဆေးဝါးကုသမှုခံယူနေသော လူနာများနှင့် တွေ့ဆုံအားပေးပြီး ဆေးရုံရေလွှမ်းမိုးခံရမှုအခြေအနေနှင့် ဆေးသိုလှောင်ရုံတို့ကို ကြည့်ရှုစစ်ဆေးကာ အောင်သာကျေးရွာ၌ လယ်ယာမြေပျက်စီးသွားသော တောင်သူများအား သွားရောက်တွေ့ဆုံအားပေးခဲ့သည်။

ယင်းနောက် အမှတ်(၃၈၁)ခြေမြန်တပ်ရင်းနှင့် အမှတ်(၃၈၂)ခြေမြန်တပ်ရင်း တပ်တွင်းအခြေခံပညာမူလတန်းကျောင်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး စာသင်ဆောင်များ ပြင်ဆင်နိုင်ရေးအတွက် တစ်ကျောင်းလျှင် မတည်ငွေကျပ် ငါးသိန်းစီ ထောက်ပံ့ပေးအပ်ခဲ့သည်။

မိုးကောင်းမြို့နယ်တွင် ဇူလိုင် ၁၇ ရက်မှ စတင်၍ မိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းကြောင့် လူနေအိမ်များ၊ အခြေခံပညာကျောင်းများနှင့် မိုးစပါးစိုက်ဧက ၁၂၀၄၂ ဧက ရေကြီးနစ်မြုပ်မှုခံခဲ့ရပြီး ပျက်စီးဆုံးရှုံးသွားသော လယ်ယာမြေများ အချိန်မီပြန်လည် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကနီတွင် ရေဘေးသင့်ပြည်သူများအား ပစ္စည်းများ ဆက်လက်ထောက်ပံ့ပေးအပ်

**ကနီ ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့တွင် ချင်းတွင်းမြစ်ရေမြင့်တက်လာမှုကြောင့် ရေဘေးသင့်ပြည်သူများကို မြို့ပေါ်ရှိ အမှတ်(၂)ရပ်ကွက် ဓမ္မပါလသာသနာ့ဗိမာန်နှင့် အမှတ်(၁) အ.ထ.က ကျောင်းများတွင် ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရာ အဆိုပါကယ်ဆယ်ရေးစခန်းများသို့ မြို့နယ်မှ ပါတီများ၊ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ တစ်ဦးချင်းအလှူရှင်များနှင့် မြို့နယ်မှ ဆရာတော်၊ သံဃာတော်များ၏ လှူဒါန်းမှုများကို မြို့နယ်ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ရန်ကုန်နှင့် အဝေးမှ အလှူရှင်များ၏ လှူဒါန်းမှုများ လက်ခံ၍လည်းကောင်း၊ အလှူရှင်များကိုယ်တိုင်သော်လည်းကောင်း လှူဒါန်းထောက်ပံ့ပေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါအဖွဲ့အစည်းများနှင့် အလှူရှင်များက ဆန်၊ ရေသန့်နှင့် အလွယ်တကူချက်ပြုတ်စားသောက်နိုင်သော ခေါက်ဆွဲခြောက်များ၊ ငါးသေတ္တာဘူးများ၊ ကုလားပဲများ၊ ကြက်သား၊ ဝက်သား၊ ကြက်ဥနှင့် ချက်ပြုတ်များကို ရေဘေးကယ်ဆယ်ရေးစခန်းများအရောက် သွားရောက်လှူဒါန်းပေးအပ်ခဲ့ပြီး မြို့နယ်အတွင်းမှ ချင်းတွင်းမြစ်ရေဝင်ရောက်သည့် အခြားကျေးရွာများအထိ လှူဒါန်းထောက်ပံ့မှုများကို မြို့နယ်ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကနီမြို့အခြေစိုက် မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားရေးဦးစီးဌာန မြို့နယ်ဇလဗေဒစခန်းမှ တရားဝင်ထုတ်ပြန်ချက်အရ ကနီမြို့၌ ချင်းတွင်းမြစ်ရေသည် ဩဂုတ် ၃ ရက် နံနက် ၂ နာရီတွင် ၁၃၉၃ စင်တီမီတာအထိရောက်ရှိကာ ယင်းနေ့ညနေ ၆ နာရီ၌ ၁၃၇၉ စင်တီမီတာအထိ ကျဆင်းခဲ့သော်လည်း စိုးရိမ်ရေအမှတ်အထက်တွင် ရှိနေသေးကြောင်း သိရသည်။

**သန်းဌွေးအောင်(ကနီ)**

# ဧရာဝတီမြစ်ရေမြင့်တက်လာ၍ ညောင်တုန်း၌ ရေဘေးကြိုတင်ကာကွယ်ရေးများ ဆောင်ရွက်

**ညောင်တုန်း ဩဂုတ် ၅**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် မြို့၏စိုးရိမ်ရေမှတ် ၂၂ ဒသမ ၅ ပေအထက်သို့ ရောက်ရှိကျော်လွန်ကာ ဩဂုတ် ၄ ရက် နံနက် ၁၀ နာရီအချိန်တိုင်းထွာချက်အရ ၂၅ ဒသမ ၅ ပေသို့ ရောက်ရှိနေပြီဖြစ်သည်။

မြို့၏စိုးရိမ်အန္တရာယ်ရေမှတ်သည် ၂၄ ဒသမ ၅ ပေဖြစ်၍ ယခုလက်ရှိအခြေအနေသည် အန္တရာယ်ရှိရေအမှတ်အထက်သို့ ကျော်လွန်ရောက်ရှိလာပြီဖြစ်၍ သဘာဝရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးသောင်းနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသန့်ဇော်ဦးတို့ ကြီးကြပ်ကွပ်ကဲလျက် ဌာနဆိုင်ရာများ၊ အမှတ်(၉၀၅)ခြေမြန်တပ်ရင်းမှ တပ်မတော်သားများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ ရပ်ကွက်(၁၀)ခုမှ အုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်ပြည်သူများ၊ စေတနာရှင်များက ရေကာတာရေပေါက်များကျိုးပေါက်မှုမရှိစေရေးအတွက် ရေစိမ့်ဝင်နေသောနေရာများအား စနစ်တကျ ပိတ်ဆို့ကာကွယ်ခြင်းများဆောင်ရွက်လျက်ရှိသည်။

ယင်းပြင် မြို့ပတ်တာနိမ့်သောနေရာများ၊ တာခြေရေစိမ့်ဝင်သောနေရာများတွင် သဲအိတ်များ စီထပ်ကာခြင်း၊ ရေကာတုတ်၊ ရေခွေများဆောင်ရွက်ခြင်း၊ ပြည်သူများအားအသံချဲ့စက်များဖြင့် အသိပေးကြေညာခြင်း၊ အရေးပေါ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအဖြစ် ယာယီရေဘေးလွတ်စခန်း ၁၁ ခုဖွင့်လှစ်ထားပြီး အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိသည်။

ရေဘေးအန္တရာယ်ကျရောက်လာပါက အသက်အရွယ်ကြီးသူများ၊ နာမကျန်းဆေးရုံတက်ကုသခံနေရသူများ၊ အများပြည်သူများအား ရေဘေးလွတ်ရာသို့အမြန်ဆုံး ပြောင်းရွှေ့နိုင်ရေးနှင့် ရေဘေးအန္တရာယ်ကျရောက်မှု မဖြစ်ပေါ်နိုင်စေရေး၊ တာကျိုးပေါက်မှုမရှိစေရေးအတွက် အချိန်နှင့်တစ်ပြေးညီ နေ့ညမပျက်စောင့်ကြည့်လျက်ရှိသည်။

**ထွန်းကျော်/ဝင်းမြင့်ကျော်(ညောင်တုန်း)**

# ရေဘေးသင့်ပြည်သူများအား စာပေဖတ်ရှုလေ့လာခြင်းဖြင့် စိတ်ဓာတ်မြှင့်တင်ပေး

**ကလေး ဩဂုတ် ၅**

ကလေးမြို့တွင် ရေကြီးရေလျှံမှုကြောင့် ရေဘေးသင့်ပြည်သူများ အသိပညာဗဟုသုတ ပိုမိုဖွံ့ဖြိုးတိုးတက်စေပြီး စာဖတ်သည့်အလေ့အထ တိုးတက်လာစေရန်နှင့် စာဖတ်သည့်အလေ့အထရှိပြီးသူများလည်း လက်လှမ်းမီ အလွယ်တကူဖတ်ရှုစေနိုင်ရန် ရည်ရွယ်၍ စိတ်ဓာတ်အာဟာရတိုက်ကျွေးပေးခြင်းကို ဩဂုတ် ၃ ရက် နံနက်ပိုင်းက မြို့ပေါ်ရေဘေးသင့်ကယ်ဆယ်ရေးစခန်း ရှစ်နေရာသို့ မီနီစာပေရေချမ်းစင် သုတရသစာစဉ်စာအုပ်များအား ကလေးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက လိုက်လံဖြန့်ဝေပေးခဲ့သည်။

ယင်းကဲ့သို့ ရေဘေးသင့်ပြည်သူများထံအရောက် မီနီစာပေရေချမ်းစင်စာအုပ်များ ဖြန့်ဝေပေးခြင်းကြောင့် ယင်းဒေသရှိပြည်သူအများစု ကျေနပ်ဝမ်းသာမိကြောင်း သိရသည်။

"အခုလို စိတ်အားငယ်နေတဲ့အချိန်မှာ ဒီလို ပေါ့ပေါ့ပါးပါးစာအုပ်လေးတွေကလည်း စိတ်ဓာတ်ကို ခွန်အားပေးတဲ့ အားဆေးတစ်ခွက်ပါပဲ။ အချိန်ကို အလဟဿ မဖြစ်စေဘဲ ဒီလိုစာဖတ်နိုင်အောင်စီစဉ်ပေးတဲ့ ပြန်ကြားရေးဝန်ကြီးဌာနနဲ့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဌာနဝန်ထမ်းတွေကို အထူးကျေးဇူးတင်မိပါတယ်" ဟု ရေဘေးသင့်ပြည်သူမိသားစုတစ်စုက ပြောသည်။

မီနီစာပေရေချမ်းစင် သုတရသစာစဉ်တစ်စုံတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ စိုက်ပျိုးမွေးမြူရေး၊ ယဉ်ကျေးမှုနှင့် အနုပညာ၊ သိပ္ပံနှင့်နည်းပညာ၊ အားကစား၊ အတ္ထုပ္ပတ္တိ၊ ပြည်သူ့နီတိဆိုင်ရာနှင့် ကလေးသူငယ်ဆိုင်ရာ ပညာရပ် ၁၃ မျိုးပါဝင်ရေးသားထားပြီး မည်သူမဆို လွတ်လပ်စွာ အခမဲ့ဖတ်ရှုလေ့လာနိုင်ကြောင်း သိရသည်။

ယင်းအပြင် ရေဘေးသင့်ပြည်သူများ အပန်းဖြေကြည့်ရှုနိုင်ရန် အမှတ်(၁)ကယ်ဆယ်ရေးစခန်းတွင် မြန်မာ့ရုပ်မြင်သံကြားပြစက်များ တပ်ဆင်ပေးခဲ့ပြီး ကျန်စခန်းများကိုလည်း တပ်ဆင်ပေးနိုင်ရန် စီစဉ်ထားရှိကြောင်း သိရသည်။

**ဇိုဟေဆာ**

## အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်

**ကျိုက်ထို ဩဂုတ် ၅**

ကျိုက်ထိုမြို့နယ်တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၃ ရက် နံနက် ၈ နာရီတွင်မြို့နယ်မီးသတ်တပ်ဖွဲ့ စခန်းတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးမျိုးအောင်နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌဦးစံမြတို့က သင်တန်းသားများအား မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူများ သင်ကြားပေးသည့် ပညာရပ်များကို စိတ်ပါဝင်စားစွာဖြင့်သင်ယူလေ့လာကြပြီး စေတနာ၊ ဝါသနာစိတ်နဲ့ ပြည်သူကိုကူညီနိုင်သည့် တပ်ဖွဲ့ဝင်ကောင်းများဖြစ်လာစေရေးအတွက် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားခဲ့သည်။

မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ထွေးက သင်တန်းတွင် အခြေခံမီးသတ်ပညာ၊ အခြေခံစစ်ရေးပြဘာသာရပ်၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ရှေးဦးသူနာပြုစုခြင်းဘာသာရပ်များကို စာတွေ့လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းသားများအား နေ့စဉ်ထောက်ပံ့ငွေနှင့် အရန်မီးသတ်ဝတ်စုံများအား မီးသတ်တပ်ဖွဲ့မှ တာဝန်ယူထုတ်ပေးသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းသားများ နေ့စဉ်အချိန်မီ အပြည့်အဝ တက်ရောက်နိုင်ရေးအတွက် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များမှ ကြီးကြပ်ဆောင်ရွက်ပေးစေလိုကြောင်းတို့ကို ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် ရပ်ကွက်/ကျေးရွာ ၂၅ ရွာမှ သင်တန်းသား ၅၀ တက်ရောက်ပြီး သင်တန်းကာလမှာလေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သန်းသန်းမော်(ပြန်/ဆက်)**

## ကျောက်ပန်းတောင်းသို့ ဆင်ဇင်းဒေသထွက် ခရမ်းချဉ်သီး လှိုင်လှိုင်ဝင်နေ



**ကျောက်ပန်းတောင်း ဩဂုတ် ၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ပုပ္ပားတောင်မကြီး မြောက်ဘက်ခြမ်းရှိ ဆင်ဇင်းကျေးရွာမှ တန်ခူးလဆန်းတွင် စတင်စိုက်ပျိုးခဲ့ကြသော တိုင်ထောင်ခရမ်းချဉ်သီးများ ရာသီပေါ်သီးနှံအဖြစ် ကျောက်ပန်းတောင်း၊ ညောင်ဦးနှင့် ပခုက္ကူဈေးကွက်များသို့ လှိုင်လှိုင်ဝင်ရောက်လျက်ရှိပြီး ခရမ်းချဉ်စိုက်တောင်သူများနှင့် ဒေသတွင်း နေ့စားလုပ်သားများ ဝင်ငွေကောင်းကာ လုပ်ငန်းအဆင်ပြေလျက်ရှိကြကြောင်းသိရသည်။

အဆိုပါ ဆင်ဇင်းကျေးရွာမှာ အိမ်ခြေ ၂၀၀ ကျော်ခန့်ရှိပြီး အိမ်ထောင်စုတိုင်း မိသားစုလိုက် တိုင်ထောင်ခရမ်းချဉ်စိုက်ပျိုးမှုကို လုပ်ကိုင်ကြခြင်းဖြစ်ကာ ရာသီပေါ်ချိန်တွင် ခူးဆွတ်ရရှိမှုမှာ ရက်ချန်တစ်ပတ်လျှင်ပိဿာချိန် ၂၀၀ မှ၃၀၀ ထိရရှိကြောင်း သိရသည်။

"အသီးဆွတ်ရတာကတော့ အခင်းကျယ်ရင် ကျယ်သလောက်ပေါ့။ ဘယ်လောက်ရတယ်ဆိုတာတော့ ပုံသေပြောလို့မရဘူးလေ။ ကျွန်မတို့လို အခင်းသိပ်မကျယ်တဲ့ သူကတော့ ရက်ချန်တစ်ပတ် (နှစ်ရက်ခြား)ကို ပိဿာချိန် ၂၀၀ ကနေ ၃၀၀ အထိရတယ်။

ဒါက ပေါ်စကိုပြောတာ။ တကယ်လှိုင်ပြီဆိုတဲ့အချိန်မှာ ပိဿာချိန် ၄၀၀ ကနေ ၅၀၀ အထိဆွတ်ရတယ်။ ရာသီပြီးချိန်ဆိုရင်တော့ အချိန် ၅၀၀၀၊ ၆၀၀၀ ရတာပေါ့။ တချို့ အခင်းကျယ်တဲ့သူက ရာသီကုန်ချိန်ထိဆို အချိန်တစ်သောင်းကျော်ရကြတယ်" ဟု ဆင်ဇင်းကျေးရွာမှ ခရမ်းချဉ်စိုက်တောင်သူ ဒေါ်ခင်ဌေးကပြောသည်။

ခရမ်းချဉ်မျိုးမှာ တစ်ထွိုင်(၁၁၁)ပန်မျိုးဖြစ်ပြီး တန်ခူးလတွင် စတင်စိုက်ပျိုးကြကြောင်းနှင့် ဝါဆိုလတွင် စတင်ခူးဆွတ်ရကြောင်း သိရသည်။ မျိုးစေ့ကိုအထုပ်လိုက်ဝယ်ယူရပြီး မျိုးတစ်ထုပ်လျှင်ငွေကျပ် ၅၀၀၀ မှ ၇၅၀၀ အထိပေးဝယ်ရကြောင်းနှင့်မျိုးစေ့ပါဝင်မှုမှာ တစ်ထုပ်လျှင် မျိုးစေ့ ၁၂၀၀ မှ ၁၈၀၀ သာပါဝင်ပြီး တစ်ဧကလျှင် အနည်းဆုံး နှစ်ထုပ်စိုက်ပျိုးရကြောင်းသိရသည်။

ဆင်ဇင်းကျေးရွာမှာ သဘာဝ အကာအကွယ်ဖြစ်သော ပုပ္ပားတောင်ကြီး၏ မြောက်အရပ်တွင် တည်ရှိသဖြင့် လေကွယ်ရာအရပ်ဖြစ်ခြင်းမှာ တိုင်ထောင်ခရမ်းချဉ်စိုက်ပျိုးသူများအတွက် အားသာချက်ဖြစ်ပြီး ရွာ၏အရှေ့ဘက်ရှိ ကျောက်တခါးချောင်းရိုးမှ ရေကိုသွယ်ယူစိုက်ပျိုးနိုင်ခြင်းမှာလည်း အားသာချက်တစ်ခုဖြစ်ကြောင်းနှင့် ခရမ်းချဉ်မှာ ပိုးအနေဖြင့် မှိုတစ်မျိုးသာ အဓိကကာကွယ်ရပြီး နာဗီလိုက်နှင့် ကလောက်ဒီကိုသုံးစွဲကြကြောင်း သိရသည်။

ဆက်လက်ပြီး ဒေါ်ခင်ဌေးက အားဆေးအနေဖြင့် ပါဖက်၊ မာစတာဖီနှင့်မိုရက်မုန်းတို့ကို သုံးစွဲကြောင်း၊ အိမ်တိုင်းစေ့ခရမ်းချဉ်စိုက်ပျိုးကြသဖြင့် အရွက်ညှပ်ခြင်း၊ အညွန့်ချည်ခြင်းနှင့် အသီးဆွတ်ခြင်းများအတွက် လုပ်သားခက်ခဲမှုရှိပြီး အမျိုးသမီးလုပ်သားတစ်ဦးအတွက် နေ့စားလုပ်ခငွေကျပ် ၂၀၀၀ နှင့်အမျိုးသားလုပ်အားခငွေကျပ် ၃၀၀၀ ဖြစ်ကြောင်းကို ပြောသည်။

ခရမ်းချဉ်ရောင်းဈေးမှာ ပွဲရုံဈေး တစ်ပိဿာလျှင် ကျပ် ၉၅၀ မှ ကျပ် ၁၀၀၀ အထိ ရရှိ၍ ပွဲစားများမှ လက်လီဈေးသည်များသို့ ကျပ် ၁၀၅၀ ဖြင့် ရောင်းချကြောင်း သိရပြီး ခရမ်းချဉ်ပေါ်ရာသီကာလအတွင်း ဆင်ဇင်းကျေးရွာ တောင်သူများနှင့် နေ့စားလုပ်သားများမှာ ဝင်ငွေဖြောင့်တန်း၍ လုပ်ငန်းအဆင်ပြေလျက်ရှိနေကြကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

## စစ်တောင်းမြစ်ရေထောက်သဖြင့် ဖြူးမြို့နယ်ကျေးရွာအုပ်စုများအတွင်း မိုးစပါးစိုက်ကေကိုးထောင်ကျော်ရေနစ်မြုပ်လျှက်ရှိ

**ဖြူး ဩဂုတ် ၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်တွင် ကွန်းချောင်းဆည်၊ ဖြူးချောင်းဆည်နှင့် ငမြွေတမံ တမံသုံးခု တည်ဆောက်ထားရှိခဲ့ရာ ဩဂုတ်လ ၃ ရက်အထိ တိုင်းထွာချက်များအရ ကွန်းချောင်းဆည်သည် ရေသိုလှောင်နိုင်မှုပမာဏဧကပေမှာ ၉၅၅၀၀၀ဖြစ်ပြီး လက်ရှိသိုလှောင်ရေဝင် အမှတ်မှာ ၆၉၆၇၀၅ ဧကဖြစ်၍ရေသိုလှောင်နိုင်မှုဧကပေပြည့်မီခြင်းမရှိသေးကြောင်း နှင့် ဖြူးချောင်းဆည်၏ ရေသိုလှောင်နိုင်မှုပမာဏဧကပေမှာလည်း ၆၃၂၅၃၀ ဖြစ်ပြီး လက်ရှိရေဝင်ပမာဏဧကပေမှာ ၄၇၃၂၉၀ ဧကပေဖြစ်၍ ရေသိုလှောင်နိုင်မှုဧက ပြည့်မီခြင်းမရှိသေး၍ စိုးရိမ်ဖွယ်ရာ လုံးဝမရှိကြောင်းသိရပြီး ငမြွေတမံတစ်ခုတည်းသာရေသိုလှောင်နိုင်မှုပမာဏဧကပေ ၂၃၈၀ရှိရာမှ ယခုဩဂုတ် ၃ ရက်တွင် ရေဝင်မာဏ ၂၄၂၂ပေ သို့ရောက်ရှိနေသဖြင့် ပိုလျှံရေများကို ရေပိုလွှဲမြောင်းမှထုတ်လွှတ်ပေးခဲ့ရသည်။

ယင်းသို့ ငမြွေတမံမှ ထုတ်လွှတ်ခဲ့သော ရေများမှာ စစ်တောင်းမြစ်အတွင်းသို့ စီးဆင်းဝင်ရောက်ခဲ့ရာ စစ်တောင်းမြစ်ရေမှာလည်း ရေတက်၍ ရေထောက်နေသဖြင့် ဖြူးမြို့နယ်အတွင်း စစ်တောင်းမြစ်အနီးရှိကျေးရွာအုပ်စု (၁၄)အုပ်စုတို့မှ စိုက်ပျိုးပြီးမိုစပါးဧက ၉၄၇၄ ဒသမ ၆၅ ဧကတို့မှာ ရေနစ်မြုပ်လျှက်ရှိနေပြီး ဩဂုတ်၃ရက်အထိ ပျက်စီးထိခိုက်မှုမရှိသေးကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူများထံမှ သိရှိရသည်။

ဩဂုတ်လ ၄ ရက်တွင် စစ်တောင်းမြစ်ရေပြန်လည်ကျဆင်းနေမှုကြောင့် ရေနစ်မြုပ်သော စပါးစိုက်ဧက ၁၇၇၇ ဒသမ ၇၉ ဧကတို့မှာ ရေပြန်လည်ပေါ်ခဲ့ပြီး ကျန်ရှိသောမိုးစပါးစိုက်ဧက ၇၆၉၆ ဒသမ ၇၆ ဧကကျန်ရှိသေးကြောင်း စုံစမ်းသိရသည်။

**ဖြူး(မြင့်ဦး)**

## စစ်ကိုင်းမြို့နယ် မူးမြစ်ရေဝင် အိမ်ထောင်စုများသို့ အလှူရှင်များက ထမင်းနှင့် ပစ္စည်းများလှူဒါန်း

**စစ်ကိုင်း ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ညောင်ပင်ဝန်းတိုက်နယ်မှာ မူးမြစ်ကမ်းဘေးတွင်ရှိပြီး မိုးရွာသွန်းမှုနည်းသည့်ဒေသဖြစ်သည်။ ဇူလိုင်တတိယပတ်အတွင်း ရွှေဘိုခရိုင် အတွင်း ကန့်ဘလူ၊ ကျွန်းလှနှင့် ကောလင်းမြို့နယ်များတွင် မိုးရွာသွန်းမှုများပြီး သဖန်းဆိပ်ဆည်အတွင်း မိုးရေဝင်ရောက်မှုများပြားကာ အဆိုပါဆည်ကြီး အန္တရာယ်ကြီးမားစွာ မဖြစ်ပေါ်စေရေးအတွက် တာဝန်ရှိသူများက အချိန်နှင့်ကိုက်ညီပြီး ရေများပြန်လည် လွှတ်ပေးမှုကြောင့် မူးမြစ်ကမ်းဘေးရှိ ကျေးရွာအချို့ ရေဝင်ရောက်လျက်ရှိသည်။

စစ်ကိုင်းမြို့နယ် ညောင်ပင်ဝန်းတိုက်နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၇ ရွာခန့် ရေများဝင်ရောက်ပြီး မူးမြစ်ရေဝင်ရောက်သည့် ကျေးရွာများသို့ အနယ်နယ်အရပ်ရပ်မှ အလှူရှင်များက စဉ်ဆက်မပြတ် စားသောက်ကုန်ပစ္စည်းများ၊ ဆေးဝါးများ လှူဒါန်းပေးလျက်ရှိသည်။

ဇူလိုင် ၃ ရက် နံနက် ၇ နာရီကလည်း စစ်ကိုင်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှမျိုးထွန်း ဦးဆောင်၍ မြို့ပေါ်ရပ်ကွက်ဖြစ်သော ပိုးတန်း၊ နန္ဒဝန်၊ မိုးဇာရပ်ကွက်များမှ အလှူရှင်ပြည်သူများလှူဒါန်းသော ထမင်းထုပ်များ၊ အသင့်စား စားသောက်ကုန်များနှင့် ဆေးဝါးပစ္စည်းမျိုးစုံတို့ကို ကျေးရွာများအရောက် စက်လှေများဖြင့် ကိုယ်တိုင် သွားရောက်လှူဒါန်းပေးခဲ့သည်။

မူးမြစ်ရေဝင်ရောက်မှုကြောင့် ညောင်ပင်ဝန်းကျေးရွာရှိ စစ်ကိုင်း-မုံရွာကားလမ်းမပေါ် အနိမ့်ပိုင်းတချို့နေရာများတွင် ရေများဝင်ရောက်လျက်ရှိသော်လည်း လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုမရှိအောင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ ခရိုင်/မြို့နယ်စီမံခန့်ခွဲမှုကော်မတီများ၏ ကြီးကြပ်မှု၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ အနီးကပ်စောင့်ရှောက်မှုနဲ့အတူ ရေဘေးကယ်ဆယ်ရေးလုပ်သားများ အချိန်ပြည့်ထားရှိပြီး ခရီးသည်တင်ယာဉ်များ၊ ကုန်စည်ပို့ဆောင်ရေးယာဉ်များနှင့် ဆိုင်ကယ်များအား အန္တရာယ်မဖြစ်အောင် လမ်းများပြသပေးခြင်း၊ လမ်းဧရိယာနယ်မြေများတွင် တိုင်များစိုက်ထူပြီး ရောင်ပြန်ဖဲကြိုးများ တပ်ထားပေးခြင်းလုပ်ငန်းများကိုလည်း မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့များက ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများ လှူဒါန်းခဲ့သည်။

အဆိုပါနေ့ကလည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ်(၁၆) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ထောက်ပံ့လှူဒါန်းငွေ တန်ဖိုးကျပ် ၁၆၀၄၇၅၀ အားရေဝင်အိမ်ထောင်စုများအတွက် ထောက်ပံ့လှူဒါန်းရာ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌက လက်ခံပေးပြီး ကျေးရွာများအရောက် လှူဒါန်းနိုင်ရန် စက်လှေများစီစဉ်ပေးခဲ့သည်။

**ဇော်မြင့်နိုင်**

## ကလေးဒေသသို့ကယ်ဆယ်ရေးပစ္စည်းနှင့် ဆန်အိတ်များပေးအပ်လှူဒါန်း

**ကလေး ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသတွင် နှစ်ပေါင်း ၁၀၀ အတွင်း ကြုံတောင့်ကြုံခဲ မိုးအဆက်မပြတ် ရွာသွန်းမှုနှင့် မြစ်သာမြစ်ရေ ဝင်ရောက်မှုကြောင့် ဇူလိုင် ၂၈ ရက် နံနက်ပိုင်းမှစ၍ မြစ်သာမြစ်ရေနှင့် နေရဥ္စရာမြစ်ချောင်းတို့ ရေကြီးရေလျှံမှုဖြစ်ပွားကာ ကလေးမြို့မြို့ပေါ်ရပ်ကွက် အနိမ့်ပိုင်းနှင့် ကျေးရွာအများအပြားတွင် လူနေအိမ်များ၊ လယ်ယာမြေများအတွင်း ရေကြီးရေလျှံမှုဖြစ်ပွားပြီး ရေဘေးသင့်ပြည်သူများအတွက် အမြို့မြို့အနယ်နယ်မှ ကယ်ဆယ်ရေးပစ္စည်းများ၊ အလှူငွေနှင့် ဆန်အိတ်များကို ကူညီထောက်ပံ့မှုများ ပေးပို့လှူဒါန်းခဲ့သည်။

ကလေးဒေသအတွင်း ရေဘေးသင့်ပြည်သူများအတွက် ဩဂုတ် ၃ ရက် နံနက်ပိုင်းကတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့် အဖွဲ့ဝင်များသည် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်သော အမှတ်(၁)ရေဘေးကယ်ဆယ်ရေးစခန်းရှိ ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၄၁၉ စု အတွက်ငွေကျပ် ၈၃၈၀၀၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်းများကိုသွားရောက်လှူဒါန်းပေးခဲ့သည်။

အလားတူ ထူးဖောင်ဒေးရှင်းနှင့် Air Bagan တို့မှ တစ်တင်းခွဲဝင် ဆန်အိတ် ၁၀၀ အား ကယ်ဆယ်ပစ္စည်းများလက်ခံရာ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(ကလေး)ရှိအောင်ဇေယျရိပ်သာအစည်း အဝေးခန်းမ၌ လာရောက်လှူဒါန်းခဲ့သည်။

**နိုဟေဆာ**



## မိတ္ထီလာမြို့၌ ပြည်ထောင်စုဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကျောင်းဆောင်များဆောက်လုပ်

**မိတ္ထီလာ ဩဂုတ် ၅**

မိတ္ထီလာမြို့နယ်တွင် ကျောင်းသား ကျောင်းသူများပညာသင်ကြားရာတွင် ကျောင်းဆောင်များ လိုအပ်ချက် မရှိစေရန်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကျောင်းဆောင်များကို ပညာရေးဌာနမှ ကြီးကြပ်ပြီး နိုဘယ်(လ်)ချမ်းမြေ့ ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူ၍ ကျောင်းဆောင်များဆောက်လုပ်ပေးလျက်ရှိကြောင်းသိရသည်။

အဆိုကျောင်းဆောင်များမှာ အလျားပေ ၆၀၊ အနံပေ၃၀ရှိ အုတ်ညှပ်တစ်ထပ်ကျောင်းများကို အ-လ-က (ခွဲ)ဝန်ဇင်း၊ အ-လ-က(ခွဲ)မုန်တိုင်နှင့် သစ်စိမ့်ပင်၊ သဲတောလေး၊ကျောင်းရွာ၊ ကျေးသာအိုင့်၊ အရာတော်၊ အရှေ့စံပြ၊ မကျီးချောက်၊လူခင်းကြီး၊ အမှတ် (၁၂၃) အိုင့်၊တမာပင်၊ ရိုးကန်၊ ဝက်ကျောက်စသည့် အခြေခံပညာမူလတန်းကျောင်းများကို တည်ဆောက်လျက်ရှိသည်။

ယင်းအပြင် အလျားပေ ၁၄၀၊ အနံပေ ၃၀ရှိ RCC နှစ်ထပ် ကျောင်းဆောင်များကို အ-ထ-က (၁)၊ အ-ထ-က (၄)၊ အ-ထ-ကခွဲ(ချည်စက်)နှင့် အ-လ-က(၁) တို့တွင် ကျောင်းဆောင်များ လိုအပ်ချက်မရှိစေရန်အတွက် ဆောက်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ပုဂံညောင်ဦးမြို့နယ်အသင်း(ရန်ကုန်)
## (၁၃)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ

ပုဂံညောင်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ (၁၃)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ၁၆-၈-၂၀၁၅ရက် ၉ နာရီတွင် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊ ဓမ္မသုခကျောင်း(မှန်ကျောင်း)တွင်ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ပုဂံညောင်ဦးမြို့နယ်သူ/သားများတက်ရောက်နိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ပါဝင်လှူဒါန်းလိုသူများအသင်းအမှုဆောင်အဖွဲ့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်-

ညောင်ဦးဖိုးချို ဖုန်း-၀၁-၅၄၅၃၂၃၊ ဦးကျော်ဝင်း ဖုန်း-၀၁-၅၁၂၅၃၁၊ ဦးကြည်စိုး ဖုန်း-၀၉-၅၁၀၆၇၀၆၊ ဦးမိုးကောင်း ဖုန်း ၀၉-၅၁၈၂၇၉၉၊ ဦးရဲဝင်းနိုင် ဖုန်း-၀၉-၄၂၀၇၃၆၈၈၆၊ ဦးသာဒွေး ဖုန်း-၀၉-၆၈၈၇၃၆၊ ဒေါ်ဆွေဆွေ ဖုန်း-၀၉-၇၃၀၂၄၄၃၉၊ ဦးလွမ်းနိုင် ဖုန်း-၀၉-၇၈၉၇၉၅၄၃၁

**အမှုဆောင်အဖွဲ့**

## မြန်မာကော်တွန်-ကူမွေကာ

* ခန်းဆီးလိုက်ကာပိတ် နှင့် Blindsမျိုးစုံချုပ်လုပ်ခြင်း။
* လိုက်ကာတန်း မျိုးစုံတပ်ဆင်ခြင်း
* Sofa, Cushion ဒီဇိုင်းမျိုးစုံ ချုပ်လုပ်ခြင်းနှင့် ပြုပြင်ခြင်း။
* **မွေ့ရာ** အမျိုးမျိုးရောင်းချခြင်းနှင့် ပြုပြင်ခြင်း
* ခန်းဆီးလိုက်ကာ ပိတ်စများကို လက်လီ/လက်ကားရရှိနိုင်ပါသည်။

အမှတ်-(၁၂၀)မဟာဗန္ဓုလလမ်း နှင့် (၅၇)လမ်းထိပ်၊ ရန်ကုန်မြို့။
Ph: 291317/202921/09-8627489

**ဟိန်း** 01-293159 01-9000293 09-5160048

ခရီးစဉ်အမျိုးမျိုးနှင့်
လချုပ်/နှစ်ချုပ်ကားများငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။
www.heincarrental.com

**B.L.T Travels**

| | |
|---|---|
| ရွှေတောင်ပြုံးသီးသန့် | 30000 |
| တောင်ပြုံး ရွှေစေလ ဖြင်ဦးချွင် | 35000 |
| တောင်ပြုံးရွှေစေလအစ်တိုင်းစုံရွာ | 45000 |
| ရွှေတောင်ပြုံး ပုဂံ၊ ပုပ္ပါး | 45000 |

09-73163538, 09-31785622

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊မြေကွက်အမှတ်(၁၃/၉၁-၉၂)၊၀.၁၃၂၂ဧက၊မြေကွက်တည်နေရာအမှတ်(၇/၈)နံပါတ်ဖွဲ့နဆီစက်လမ်း၊ရွာမအနောက်ရပ်ကွက်၊အင်းစိန်မြို့နယ်၊ဦးလှလှအမည်ပေါက်၊B-မြေ(၃(ခ)ရ ပြီး)မြေအားအမည်ပေါက်ဦးလှလှသည်(၁၉-၆-၂၀၁၂)ရက်နေ့တွင်ကွယ်လွန်သဖြင့်ဒေါ်ခင်မာအေး(၁၂/အစန(နိုင်)၁၈၀၆၉၂)မှတရားဝင်တစ်ဦးတည်းသောဓနိတော်စပ်ကြောင်းတရားရုံးကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာ၊သေဆုံးမှုလက်မှတ်၊သန်းခေါင်စာရင်းနှင့်အတူမြေအမည်ပေါက်စာချုပ်တို့တင်ပြ၍ပိုင်ဆိုင်/အရောင်းမြေပုံကူးလျှောက်ထားလာရာတရားဝင်နိုင်လုံသောအထောက်အထားများဖြင့်(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြီးကျယ်မှုတို့ရဲ့ အကြီးကျယ်ဆုံး
အလင်းရောင်တို့ရဲ့ အတောက်ပဆုံး
သိမြင်မှုတို့ရဲ့ အကျယ်ပြန့်ဆုံး
နည်းပညာတို့ရဲ့ အဆုံးမဲ့နည်းလမ်းများနှင့်အတူ
လူသားတို့အတွက် ထိုက်တန်သောရလဒ်

## ပဋ္ဌာန်းကျမ်းမြတ်ဒေသနာသဘောတရားရေးရာသင်တန်း

**အရှင်ဇောတိက (ညောင်တုန်း) (သာသနဇဗ္ဗူစရိယ၊ ဥဘတောဝိဘင်္ဂရေ) မှ**

ဓမ္မဒါနဟောပြောပို့ချမည်ဖြစ်ပါသဖြင့် မည်သူမဆို တက်ရောက်နိုင်ပါကြောင်း
မေတ္တာရှေ့ထား၍ ဖိတ်ကြားအပ်ပါသည်။

နေရာ။ ။ ဇမ္ဗူသိရိဗိမာန်တော်၊ တံတားလေးလမ်း၀၊ မရမ်းကုန်းမြို့နယ်။
နေ့ရက်။ ။ ၉ - ၈ - ၁၅ (တနင်္ဂနွေနေ့)မှစ၍ အပတ်စဉ်စနေ၊ တနင်္ဂနွေ။
အချိန်။ ။ နေ့လည် ၁၂း၃၀ မှ ၁း၃၀၊ ၂း၀၀ မှ ၃း၀၀။
သင်တန်းကာလ။ ။ ဝါတွင်းသုံးလ။

## ကိုသန့်ဇင် CAR RENTAL

ကားမျိုးစုံကို ခရီးစဉ် လချုပ် အချိန်ပိုင်း ငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
ဖုန်း-၀၉-၄၃၀၁၇၆၈၀၊ ၀၉-၅၀၅၉၈၂၁

## စာအုပ်စာပေ လှူမိတ်ဆွေ

## လူပျောက်ကြော်ငြာ

တောင်တွင်းကြီးမြို့နှင့် မြို့သစ်မြို့နေ မသန္တာမြင့်နှင့်မိဝိုင်း (၁၉)နှစ် နှစ်ဦးသည် ၂၆-၇-၂၀၁၅ ရက်တွင် ၎င်းတို့အလုပ်လုပ်ရာ နေအိမ်မှပျောက်ဆုံးသွားသဖြင့် လက်ခံဖြားယောင်းသူအား ဥပဒေအရအရေးယူမည်။
ဆက်သွယ်ရန်ဖုန်း-၀၉-၂၅၄၂၆၀၁၈၈

## ဝန်ထမ်းအလိုရှိသည်


၁။ ယာဉ်မောင်းကျွမ်းကျင် ကျား(၂)ဦး
၂။ ကုန်ပို့ဝန်ထမ်း ကျား(၂)ဦး
ရန်ကုန်မြို့တွင်း နံနက်၁၀နာရီမှ ညနေ ၅နာရီအတွင်း ဆက်သွယ်ရန်။
ဖုန်း-၀၉-၇၈၈၃၉၄၈၉၉









# ရွှေပါရမီ

**ကျန်းမာရေးစောင့်ရှောက်မှု ဆေးဝါးများလှူဒါန်းပါမည်**

ရွှေပါရမီကျန်းမာရေးစောင်ရှောက်မှု မြန်မာနိုင်ငံအတွင်း ဝေးလံသောဒေသအသီးသီးတွင် ပါဝင်ကယ်ဆယ် ကူညီနေကြသော ကျန်းမာရေးစောင့်ရှောက်မှု ပရဟိတအဖွဲ့အစည်းများအတွက် လိုအပ်သည့် ဆေးဝါးများကိုတိုက်ရိုက် ပါဝင်လှူဒါန်းလိုပါသဖြင့် အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်ပါရန် ဖိတ်ခေါ် အပ်ပါသည်။

ရွှေပါရမီကျန်းမာရေးစောင့်ရှောက်မှုသို့ ဆေးဝါး၊ ဆေးဘက်ဆိုင်ရာ လိုအပ်သည့် ပစ္စည်း နှင့် ငွေကြေးများ လှူဒါန်းလိုသောအလှူရှင်များကိုလည်း ဖိတ်ခေါ်အပ်ပါသည်။

- ရုံးဖုန်း – ၀၁–၂၄၉၅၇၃၊ ဖက်စ် – ၀၁–၃၈၅၀၄၄
- ဦးသိန်းထိုက်ဦး – ၀၉–၅၀၀၀၄၃၉ (Ph / Viber)
- ဦးစန်မင်း – ၀၉–၇၃၁၀၃၆၃၂ (Ph / Viber)
- ဦးငွေအောင် – ၀၉–၅၁၅၃၃၄၈ (Ph / Viber)

ရုံးချိန်အတွင်း ဆက်သွယ် နိုင်ပါသည်။


## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၁၂/၂၀၁၅)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | IFB-037(15-16) | Derrick Shaker Screens (6)Items Ex ZJ 50D Drilling Rigs | US$ |
| (၂) | IFB-038(15-16) | Gun Drill Reammer (2)Nos | US$ |
| (၃) | IFB-039(15-16) | Spares for EMSCO Drive Group (3) Items | US$ |
| (၄) | IFB-040(15-16) | Spares for HDD Rig (19)Items | US$ |
| (၅) | IFB-041(15-16) | Spares for Rotating Accessories (13) Items | US$ |
| (၆) | IFB-042(15-16) | Spiral Integral Blade Stabilizer and Inside BOP (3)Items | US$ |
| (၇) | IFB-043(15-16) | Assorted Sizes of Rotary and Hydraulic Hoses (11)Items | US$ |
| (၈) | DMP/L-006(15-16) | Oil Suction and Discharge Hose Pipe (2)Nos | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါ အိတ်ဖွင့်တင်ဒါများကို ၁-၉-၂၀၁၅ ရက် ၁၆:၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ **(လူကိုယ်တိုင်)** လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆


Building a Brighter FUTURE

Since 2007

VALUESTAR EDUCATION CENTRE

- **SME Management**
  စနေ၊တနင်္ဂနွေနေ့ (ညနေ ၄:၀၀ မှ ၇:၀၀ ထိ) ၈.၈.၂၀၁၅ စမည်။ *(6-Weeks)*
- **HR Management**
  အင်္ဂါနေ့ (ညနေ ၆:၀၀ မှ ၈:၀၀ ထိ) ၁၁.၈.၂၀၁၅ စမည်။ *(9-Weeks)*

09-5043580, 5200547, 09-450001145

တိုက်(၁၅)၊ ပထမထပ်၊ ဦးထွန်းလင်းမြို့လယ်ဘဝ၊ Giordano ဖက်ရှင်ဆိုင်မျက်စောင်းထိုး၊ သုည်းဘာန်း မှတ်တိုင်အနီး။
တိုက်(၅)၊ ပထမထပ်၊ For you & me Beauty Saloon အပေါ်ထပ်၊ ပေဒါနံ့သည့်တိုက်၊ ဦးထွန်းလင်းမြို့လယ်၊ ရေသည်တာန်း။


## မိဘအမည်မှန်

ဝိုင်းမော်မြို့၊ အထက(၂)၊ ဒသမတန်း(B)မှ မအေးသီရိမွန်၏ မိဘအမည်မှန်မှာဦးလှမြင့်နှင့် ဒေါ်နန်းအေးဖြစ်ပါသည်။

## ပျောက်ဆုံးကြောင်း

ကျွန်တော် မင်းပြည့်စုံအောင်[၁၂/မဂတ(နိုင်)၀၉၃၆၄၁]၏ SID စာအုပ်အမှတ်-83014 ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ဖုန်း-၀၉-၇၉၄၇၂၁၈၁၇ သို့ ဆက်သွယ်ပေးပါရန်။

## သွေးသည်အသက်

## ညောင်စာရေးတိုက်နယ်အသင်း(ရန်ကုန်)

**ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲ**

ရွှေတောင်မြို့နယ်၊ ညောင်စာရေးတိုက်နယ်အသင်း (ရန်ကုန်)က ကြီးမှူး၍ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင် အသင်းဝင်များ၏ သားသမီးများအားဂုဏ်ပြုပွဲကို (၉-၈-၂၀၁၅) (တနင်္ဂနွေနေ့)နေ့လည်(၁)နာရီတွင် ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပဥ္စနိကာယသာသနဗိမာန်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ပါသည်။ တိုက်နယ်သူ တိုက်နယ်သားများအားလုံး တက်ရောက်ကြပါရန်နှင့် စာမေးပွဲအောင်စာရင်းနှင့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းလိုသူများ ကြိုတင်ဆက်သွယ် စာရင်းပို့ကြပါရန်။ ဥက္ကဋ္ဌ ဦးတင်ညွန့်၊ ဖုန်း-၀၉၇၃၁၆၀၂၄၈၊ ဒုဥက္ကဋ္ဌ ဦးလှစော ဖုန်း-၀၉၄၅၀၀၃၈၂၅၄၊ အတွင်းရေးမှူး ဦးဝင်းနိုင် ဖုန်း-၀၉၄၀၀၀၃၉၅၇၉ ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ အမှုဆောင်အဖွဲ့

**အမည်ပြောင်း** မိုးကောင်းမြို့၊ ပင်းဘောကျေးရွာနေ ဦးဝင်းမောင်၏သမီး မခင်ပြုံးဝင်းအား မခင်ပြုံးငွေ[၁/မကတ(နိုင်)၀၃၃၆၈၄]ဟု ပြောင်းလဲခေါ်ပါရန်။


Since 1996 Home

ကျွန်းနှဲ့ဒသ အစားသုံး အခန်းကာ လျှာထိုး



ရေစိုခံ ဈေးနှုန်း သက်သာ

အလျား 9'x အနံ 4.25"




Since 1996 Home

ဈေးနှုန်း အသက်သာဆုံး

Kitchen Cabinets
မီးဖိုခန်းသုံး နံရံကပ် ဗီရိုများ



**ရန်ကုန်** အမှတ် F. 2~8 ပထမထပ်၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း (ဖ.ဆ.ပ.လ ရှေ့)၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း - 09 730 84 840 , 09 730 84 841

**မန္တလေး** အမှတ် (471)၊ 82 လမ်း ( 34 လမ်း နှင့် 35 လမ်းကြား ) မန္တလေး။ ဖုန်း - 09 3311 6626 , 09 3322 6636

**နေပြည်တော်** အမှတ် (1237)၊ ဇော်ဂျီလမ်း၊ မင်္ဂလာဒီပ ရပ်ကွက်၊ ပျဉ်းမနား၊ နေပြည်တော်။ ဖုန်း - 09 730 84 844 , 09 795900 146

**မော်လမြိုင်** အမှတ် (33)၊ မြို့ရှောင် လမ်းမကြီး၊ မြေနီကုန်းရပ်ကွက်၊ မြေနီကုန်း အဝေးပြေး ကားဂိတ်အနီး၊ မော်လမြိုင်မြို့။ ဖုန်း - 09 79 58 999 80 , 09 79 58 999 81

# အောင်နိုင်သူ မဟာစိန် ကုမ္ပဏီလီမိတက်
# Winner Super Diamond Pile Co., Ltd.
W.S.D GROUP



# W.S.D Pile



လူကြီးမင်းတို့၏အဆောက်အအုံ များနှင့် စက်ရုံများတွင် ပိုင်ရိုက်ခြင်း၊ Bored Pile,လုပ်ငန်းများဆောင်ရွက်လိုပါက ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

Add: အမှတ်(၅၆)၊ မြေညီထပ်၊ ၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
Ph: 09-73131288, 09-73150482, 09-73196888, 09-5026793,
Off: Ph- 09-250 288811, FAX: 01-381964, Email: wsd - pile @ myanmar.com.mm

ကြော်ငြာ

MIZUHO

AYA Bank
ဧရာဝတီဘဏ်
Your Trusted Partner

# Congratulations!

## MIZUHO Bank Yangon Branch

## Opening Ceremony and Signing Ceremony

## of Banking Service Agreement between

## MIZUHO Bank and AYA Bank



3rd August 2015

Sedona Hotel Yangon

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဒီယိုအစီအစဉ်များမှ တစ်ဆင့် မိန့်ခွန်းပြောကြားမည်

**နေပြည်တော်   ဩဂုတ်   ၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းရှိ မိဘပြည်သူများသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဒီယို အစီအစဉ်များမှတစ်ဆင့် ပြောကြားမည့် မိန့်ခွန်းအား မြန်မာ့အသံ၊ မန္တလေး FM၊ ပဉ္စဝတီ FM၊ ရွှေ FM၊ ချယ်ရီ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ သဇင်အသံလွှင့်ဌာနနှင့် Yangon City FM တို့မှ ၂၀၁၅ ခုနှစ် ဩဂုတ် ၆ ရက်နှင့် ၇ ရက်တို့တွင် နံနက် ၇ နာရီ၊ နံနက်၁၁ နာရီ၊ ညနေ ၆ နာရီနှင့် ည ၈ နာရီတို့တွင် တစ်ရက်လျှင် လေးကြိမ်စီ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ ဆက်လက်အားကောင်း နေမည်။

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လားရှိုးမြို့နယ်အတွင်းရှိ ရေလှောင်တမံများ စစ်ဆေး

**နေပြည်တော်   ဩဂုတ်   ၅**

လားရှိုးမြို့သို့ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်စိုး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မိုးတွင်းကာလရေကြီးရေလျှံမှုများ မဖြစ်ပေါ်ရေးအတွက် လားရှိုးမြို့နယ်အတွင်းရှိ ရေလှောင်တမံများ၏ ကြံ့ခိုင်မှုအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ နံနက် ၉နာရီတွင် ဟူးမွန်ရေထိန်းတမံသို့ ရောက်ရှိပြီး တမံကြံ့ခိုင်မှုနှင့် ရေထုတ်လွှတ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဟူးမွန်ရေလှောင်တမံနှင့် ကောက်ကွေ့ ရေလှောင်တမံများသို့ သွားရောက်ပြီး တမံများ၏ ရေသိုလှောင်နိုင်မှု၊ ကြံ့ခိုင်မှု၊ မိုးတွင်းကာလရေဝင်ရောက်မှုနှင့် ရေထုတ်လွှတ်ပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူက လိုက်လံ ရှင်းလင်းပြသသည်။

ယင်းနောက် ကောက်ကွေ့ရေလှောင်တမံ ရှင်းလင်းဆောင်သို့ရောက်ရှိရာ ဆည်မြောင်း ဦးစီးဌာန

**စာမျက်နှာ ၉ ကော်လံ ၁ သို့●**

## မှတ်သားဖွယ်ရာမိုးရေချိန်များ

| | | |
|---|---|---|
| ပူတာအို | ၅ ဒသမ ၂၄ | လက်မ |
| သထုံ | ၄ ဒသမ ဂ၄ | လက်မ |
| မော်လမြိုင် | ၄ ဒသမ ၇၆ | လက်မ |
| လောင်းလုံး | ၄ ဒသမ ၅၇ | လက်မ |
| ပေါင် | ၄ ဒသမ ၂၁ | လက်မ |
| ထားဝယ် | ၂ ဒသမ ဂ၄ | လက်မ |
| ကိုကိုးကျွန်း | ၂ ဒသမ ၆ဂ | လက်မ |

ကလေးဝ၊ မုံရွာ၊ ပခုက္ကူ၊ ညောင်ဦး၊ ဘားအံ၊ ရွှေကျင်နှင့် ချောက်မြို့များ စိုးရိမ်ရေမှတ်အောက် ကျဆင်းနိုင်

စာမျက်နှာ ➤ ၅

သဘာဝဘေးဒဏ်သင့် ပြည်သူများအတွက် ပစ္စည်းနှင့် အလှူငွေများ လှူဒါန်းနိုင်ရန် နှိုးဆော်

စာမျက်နှာ ➤ ၆

လှူဒါန်းမှုများသည် တစ်ကြိမ်တည်းဖြင့် လုံလောက်ပြည့်စုံသွားမည် မဟုတ်၊ သဘာဝဘေးဒဏ်သင့် ပြည်သူများအား ထပ်မံလှူဒါန်းနိုင်ရေး ကြိုးပမ်းသွားမည်

စာမျက်နှာ ➤ ၇



စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်ရှိ တောင်သူများ၏ ရေကြီးနစ်မြုပ်လယ်မြေများအား မိုးစပါးစိုက်ပျိုးချိန်အမီ ထွန်ယက်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ရန် နေပြည်တော် ကောင်စီနယ်မြေ စက်မှုလယ်ယာစခန်းမှ ထွန်စက်ကြီးများ ဩဂုတ် ၅ ရက်က ထွက်ခွာသွားကြစဉ်။ ဓာတ်ပုံ-ကိုပေါက်(ဥက္ကာမြေ)







themirror.npt@gmail.com
www.facebook.com/themirrordaily